သာယာမည်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

# မြန်မာ့အလင်း

ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။
ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

■ အတွဲ [၅၅]
အမှတ် [၁၃၀]
၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက် [7-2-2016]
MYANMA ALINN SUNDAY ISSUE

## လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေး တိုင်းရင်းသားပြည်သူအားလုံး လက်တွဲကြိုးပမ်းဖော်ဆောင်

### နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်က (၆၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

### ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်

**ချစ်ခင်လေးစားအပ်ပါသော ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား။**

ယနေ့ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင်ကျရောက်သော (၆၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ သဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန် ဗြိတိသျှကိုလိုနီအစိုးရနှင့်ဆွေးနွေးနေစဉ် ရှမ်းပြည်လူထုခေါင်းဆောင်များက ဦးဆောင်ပြီး တောင်တန်းနှင့် ပြည်မ အတူတကွလွတ်လပ်ရေးရရှိလိုကြောင်း ဆန္ဒဖော်ထုတ်ခဲ့ကြပါသည်။ ထိုသို့ တောင်တန်းနှင့် ပြည်မ အတူတကွလွတ်လပ်ရေးရယူနိုင်ရန်အတွက်

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်တွင်ကျင်းပသည့် ဗုဒ္ဓသာသနာ၊ အဆင့်မြင့်ပညာရေးနှင့် အမြော်အမြင် နိုင်ငံတကာစာပေဟောပြောပွဲသို့ တက်ရောက်

စာမျက်နှာ-၃



အမှတ် (၃၃) အကြီးစားစက်ရုံ (ကျောက်ဆည်)၏ တစ်နေ့ ဘိလပ်မြေ တန် ၅၀၀၀ ထုတ်လုပ်နိုင်မည့် တိုးချဲ့စီမံကိန်း မီးသင်းဖို (Kiln) မီးပျိုးသည့်အခမ်းအနား ကျင်းပနေမှုကို တွေ့ရစဉ်။ (သတင်း၊ စာမျက်နှာ-၇)

### တနင်္ဂနွေ ဖတ်စရာများ

ရန်ကုန်မြို့ပြအမွေအနှစ်များရဲ့ရာဇဝင်

**မြန်မာပြည်ရောက် သူဌေး လင်ချင်းချောင်း၏ ဘဝသမိုင်းပေါ်က နန်းတော်**

စာ-၂၀

ခရီးသွားဆောင်းပါး

**စလင်းမြေက ရွှေမုဋ္ဌောစေတီ ဖူးမြော်စေချင်**

စာ-၂၁



# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## အစဉ်သတိပြုရမည့် မီးအန္တရာယ်

မီးလောင်မှုဖြစ်စဉ်အားလုံးတွင် ကြောက်စရာအကောင်းဆုံး မီးမှာ ပေါ့ဆမီးဖြစ်သည်။ မည်သည့်အတွက်ကြောင့် မီးလောင်မှု ဖြစ်စေ လူတို့၏ပေါ့ဆမှုကြောင့်သာ ဖြစ်ခြင်းဖြစ်သည်။ မီးလောင်လိမ့်မည်ဟု ထင်မှတ်မထားဘဲ ပေါ့ပေါ့တန်တန်သဘောထားမိလိုက်၍ မီးလောင်မှုများ ဖြစ်ပွားနေရခြင်းဖြစ်သည်။ မီးကို ပေါ့ပေါ့ဆဆလျှော့တွက်နေကြသည်။ မီးကိုလေးစားမှုအားနည်း၍ တစ်ဖန် မီးက လူကိုဒုက္ခပေးလျက်ရှိသည်။ လူတို့၏ အသက်အိုးအိမ်စည်းစိမ်များကို ဝါးမြိုလျက်ရှိသည်။

"မီးသတိပြုပါ။ မီးကိုမပေါ့ဆကြပါနှင့်" စသည်ဖြင့် ဆိုင်းဘုတ်ကြော်ငြာများတွေ့နေရသော်လည်း လူအများစုမှာ မိမိတို့နှင့် မဆိုင်သလို သတိမမူဘဲ ရှိကြသည်။ သတိမပြုအလေးမထားကြ၍ မီးက မကြာခဏဆိုသလိုပင် ဒုက္ခပေးလျက်ရှိသည်။ မီးလောင်မှုဖြစ်ပွားရခြင်း၏ အဓိကအကြောင်းအရင်းမှာ လူတို့၏ ပေါ့ဆမှုကြောင့်သာဖြစ်သည်။ လူတို့၏ မမြင်ကွယ်ရာမှာ ဖြစ်ပွားသော ပေါ့ဆမီးများသည် ကြီးကြီးမားမား လောင်ကျွမ်းလျက်ရှိသည်။ ပျက်စီးဆုံးရှုံးမှုများ များပြားလျက်ရှိသည်။

မီးလောင်မှုဟူသည် သဘာဝဘေးမဟုတ်ပေ။ သဘာဝဘေးအန္တရာယ်များသည်သာ လူတို့အနေဖြင့် ကာကွယ်တားဆီးနိုင်စွမ်းမရှိကြပေ။ မီးဘေးမှာကား တားဆီးနိုင်စွမ်းရှိ၏။ သို့သော် မီးဘေးမှာ မီးမလောင်အောင် အမြဲသတိပြု နေထိုင်မည်ဟူသော အသိစိတ်ဓာတ် လူတိုင်းမှာရှိမှသာလျှင် ကာကွယ်နိုင်စွမ်းရှိ၏။ လူအများစုက မီးမလောင်အောင် သတိပြုနေသော်လည်း တစ်ဦးတစ်ယောက် မီးပေါ့ဆလျှင် မီးလောင်မှု ဖြစ်ပွားနိုင်၏။ လူအားလုံး မီးကိုသတိပြု တားဆီးနိုင်မှသာလျှင် မီးဘေးအန္တရာယ်မှ ကျော်လွှားနိုင်မည် ဖြစ်ပါသည်။

ယခုအခါ လူတို့၏ ပေါ့ဆမှုများကြောင့် မီးကြီးလောင်မှုများ ဆက်တိုက်ဖြစ်ပွားလျက်ရှိသည်။ မီးလောင်လိမ့်မည်ဟု မထင်မှတ်သော ပေါ့ဆမှုများကြောင့် မီးကြီးလောင်ကျွမ်းမှုများ ဖြစ်ပွားလျက်ရှိသည်။ မြန်မာနိုင်ငံ၌ နှစ်စဉ်ဖြစ်ပွားသော မီးလောင်မှုများအနက် ပေါ့ဆမီးလောင်ကျွမ်းမှုသည် အများဆုံးဖြစ်ကြောင်း မီးသတ်ဦးစီးဌာနက ထုတ်ပြန်သော စာရင်းဇယားများတွင် ဖော်ပြလျက်ရှိသည်။

မီးလောင်မှုများ မဖြစ်ပွားအောင် လူတစ်ဦးချင်းစီ မီးဘေးကာကွယ်မှု အသိစိတ်ဓာတ်များ ရှင်သန်ဖို့လိုအပ်လာသည်။ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ သတိပေးနှိုးဆော်မှုများထက် ကိုယ်တိုင်မီးဘေးအန္တရာယ်မဖြစ်ပွားအောင် ကာကွယ်ထိန်းသိမ်းစေလိုသော စိတ်ဆန္ဒများ ရှင်သန်နိုးကြားလာဖို့ လိုအပ်ပါသည်။ မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေး အစီအမံများ၊ မြို့ရွာ၊ ရပ်ကွက်အလိုက် အသိပေးနှိုးဆော်မှုများ တိုးမြှင့်ဆောင်ရွက်ရမည် ဖြစ်သကဲ့သို့ လူတစ်ဦးချင်းစီမှာလည်း မီးဘေးကာကွယ်ရေး အသိစိတ်ဓာတ်ရှိရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ကြောက်စရာအကောင်းဆုံးမီးဖြစ်သည့် ပေါ့ဆမီးလောင်ကျွမ်းမှုများ မဖြစ်ပွားရလေအောင် လူတစ်ဦးချင်းစီ မီးဘေးကာကွယ်ရေး အသိစိတ်ဓာတ်များဖြင့် သတိပြုလုပ်ဆောင်သွားသင့်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## ပထမအကြိမ် သင်တန်းဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၆**

ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီမှ ဝန်ထမ်းများအနေဖြင့် ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကိုယ်စားလှယ်လိုင်စင်ရရှိရန် အရည်အချင်းစစ်စာမေးပွဲကို ယခုလအတွင်းဖြေဆိုရမည်ဖြစ်သည်။ ကြိုတင်လေ့လာရန်လိုအပ်သော ဘာသာရပ်များ သင်ကြားပို့ချခြင်းကို ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်က ပထမအကြိမ်အဖြစ် ရန်ကုန်စတော့အိတ်ချိန်းခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ဖွင့်လှစ်ရာ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း ကိုယ်တိုင် သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ၂၀၁၆ ခုနှစ်၊ (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေး။

၂။ ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး။

၃။ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ရေး။

၄။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး။

၅။ တိုင်းပြည်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

## ရခိုင်ပြည်နယ် မဟုတ် ... ဧရာဝတီမြစ်ဝှမ်းဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ဧရာဝတီမြစ်ဝှမ်းဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဧရာဝတီမြစ်ဝှမ်းဘက်စုံစီမံခန့်ခွဲမှုစီမံကိန်း၏ ၂၀၁၆ ခုနှစ် အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၄ ရက်က ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအတွင်းရေးမှူးနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက ၎င်းစီမံကိန်းသည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသမိုင်းတွင် ကမ္ဘာ့ဘဏ်နှင့် ပထမဆုံး ပူးပေါင်းဆောင်ရွက်သောစီမံကိန်းဖြစ်ကြောင်း၊ ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှု စီမံကိန်းအရ ရေအရင်းအမြစ်များ၏ မူလသဘာဝကိုမထိခိုက်စေဘဲ စီမံခန့်ခွဲ အသုံးချနိုင်မည်ဖြစ်ကြောင်း၊ မြစ်ချောင်းများ၊ မြေအောက်ရေများ၊ ပင်လယ်ရေများသည် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဂေဟစနစ် ဘက်ညီမှုရှိစေရေးတို့အတွက် အလွန်အရေးပါကြောင်း၊ စီမံကိန်းကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစံနှုန်းများ၊ အကောင်းဆုံးသော နည်းလမ်းများ၊ စမ်းသပ်နိုင်သောပုံစံငယ်များ၊ ဆုံးဖြတ်ချက်အထောက်အကူပြု စနစ်များကို အသုံးပြု၍ ရေအရင်းအမြစ်များကို ဘက်စုံစီမံခန့်ခွဲနိုင်ရန် အလေးထား၍ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ဘဏ်မှ Team Leader Dr .Greg Browder ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းညွှန်ကြားရေးမှူး ဦးဝင်းလှိုင်၊ စီမံကိန်းများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပညာရှင်များ၊ စီမံကိန်းလုပ်ငန်းခွဲ ညွှန်ကြားရေးမှူးများက စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ဧရာဝတီမြစ်ဝှမ်းဒေသ အခြေအနေ၊ အစီရင်ခံစာပြုစုနေမှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက ဆွေးနွေးကြသည်။

ဆက်လက်ပြီး စီမံကိန်းနှင့်ပတ်သက်၍ နယ်သာလန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့မှ ကူညီထောက်ပံ့ဆောင်ရွက်နေမှုများနှင့် ၂၀၁၆ ခုနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ နယ်သာလန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့မှကိုယ်စားလှယ်များက ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။

**(သတင်းစဉ်)**

## မီးဘေးသင့်ပြည်သူများအတွက် အလှူခံစခန်းဖွင့်

**နောင်ချို ဖေဖော်ဝါရီ ၆**

နမ့်ဆန်မြို့နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (နမ့်ဆန်) မြို့တွင် ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီခန့်က မီးလောင်ကျွမ်းခဲ့ရာ နေအိမ် ၂၀၀ ကျော် မီးလောင်ဆုံးရှုံးခဲ့သည်။

သို့ဖြစ်၍ နမ့်ဆန် မီးဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ပေးရေးအတွက် နောင်ချိုမြို့ မြို့မဈေးအနီး၌ အလှူခံစခန်းကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၅ နာရီတွင် စတင်ဖွင့်လှစ်ထားရှိရာ စေတနာရှင်ပြည်သူများ လာရောက်လှူဒါန်းကြကြောင်း သိရသည်။ **စိုးဝင်း**

## ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြု ရေပေးရေးလုပ်ငန်းဖွင့်

**သီပေါ ဖေဖော်ဝါရီ ၆**

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မန်ပြစ်နှင့်နားမွန်းကျေးရွာ စိမ့်စမ်းရေသွယ်ရေပေးရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီက အဆိုပါ ကျေးရွာမှုခ်ဦး၌ ကျင်းပသည်။

ထို့နောက် ကျေးရွာဒေသခံပြည်သူများကိုယ်စား ရပ်မိရပ်ဖ ဦးစိုင်းဆန်မွန်းက နိုင်ငံတော်ကငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသည့်အတွက် သန့်ရှင်းသောသောက်သုံးရေများ သုံးစွဲနိုင်ပြီဖြစ်ကြောင်း ပြောကြားသည်။ **စိုင်း(သီပေါ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၆-၂-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၃၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၇၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀/၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၅၄၀/၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၀၀/၆၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၁၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၇၀/၆၂၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၉၂ |
| ဥရောပ | တစ်ယူရို | ၁၄၀၈.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၈.၃၂ |
| ထိုင်း | တစ်ဘတ် | ၃၆.၃၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၀၃ |
| တရုတ် | တစ်ယွမ် | ၁၉၆.၄၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၉.၄ |

ခင်ရတနာ-စုစည်းသည်။

## ရှမ်းပြည်နယ်အတွင်း ရရှိထားပြီးသော တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများနှင့်အတူ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် သွေးစည်းညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်း

* ရှေ့ဖုံးမှ

ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်နယ် ပင်လုံမြို့တွင် တောင်တန်းဒေသတိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးပြီး သဘောတူညီမှုရရှိအောင် ကြိုးပမ်းနိုင်ခဲ့ပါသည်။ ထို့နောက် ပြည်မနှင့်အတူတကွပူးပေါင်းပြီး ကိုလိုနီနယ်ချဲ့ထံက လွတ်လပ်ရေးရယူမည်ဟူသောဆုံးဖြတ်ချက်ကို ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ချမှတ်နိုင်ခဲ့ပါသည်။ ယင်းသို့ဆုံးဖြတ်ချက်ချမှတ်နိုင်ခဲ့သည့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် "ရှမ်းပြည်နယ်နေ့" အဖြစ် သတ်မှတ်ခဲ့ပြီး အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ၆၉ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိရာ ခေတ်အဆက်ဆက်တိုင်းရင်းသား ပြည်သူများလိုလားတောင့်တသည့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်ကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နှစ်ပေါင်း ၆၀ ကျော်ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ရလဒ်အဖြစ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၈ ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

ယင်းသဘောတူစာချုပ်ကို အခြေခံပြီး နိုင်ငံရေးဆွေးနွေးမှုဖြစ်စဉ်ကို အစပြုအကောင်အထည်ဖော်ဆောင်ရွက်သည့် မြန်မာနိုင်ငံ၏ ပထမဆုံးအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပနိုင်ခဲ့ပါသည်။ အဆိုပါ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသည် မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးမှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့ခြင်းလည်းဖြစ်ပါသည်။ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်အလျောက် ရရှိပြီးတည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို တိုင်းရင်းသားပြည်သူများအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်သွားကြရန် လိုအပ်ပါသည်။

သို့ဖြစ်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းရာတွင် ရှမ်းပြည်နယ်အတွင်း ရရှိထားပြီးသော တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများနှင့်အတူ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် သွေးစည်းညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်၌ ကျင်းပသည့် ဗုဒ္ဓသာသနာ၊ အဆင့်မြင့်ပညာရေးနှင့်အမြော်အမြင် နိုင်ငံတကာစာပေဟောပြောပွဲသို့ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ဟဲဟိုးလေဆိပ်သို့ ရောက်ရှိကြသည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့သို့ရောက်ရှိကြပြီး တောင်ကြီးမြို့ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်၌ ကျင်းပလျက်ရှိသည့် ဗုဒ္ဓသာသနာ၊ အဆင့်မြင့်ပညာရေးနှင့် အမြော်အမြင် နိုင်ငံတကာစာပေဟောပြောပွဲသို့ တက်ရောက်ကြသည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး တောင်ကြီးမြို့ ဗုဒ္ဓတက္ကသိုလ်၌ ကျင်းပလျက်ရှိသည့် ဗုဒ္ဓသာသနာ၊ အဆင့်မြင့်ပညာရေးနှင့် အမြော်အမြင် နိုင်ငံတကာစာပေဟောပြောပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အဆိုပါ စာပေဟောပြောပွဲသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်များ အသင်းဥက္ကဋ္ဌ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ဘဒ္ဒန္တဒေါက်တာ အရှင်ဉာဏိဿရနှင့် ဦးဆောင်ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ တက်ရောက်ကြသည်။

စာပေဟောပြောပွဲတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်များအသင်း အတွင်းရေးမှူးချုပ် အောက်စဖို့ဒ်ဆရာတော် ဒေါက်တာဘဒ္ဒန္တခမ္မသာမိမထေရ်က ဗုဒ္ဓဘာသာ တရားတော်ဆိုင်ရာ လက်ဆောင်ပစ္စည်း ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးနှင့် တာဝန်ရှိသူများသည် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ဘဒ္ဒန္တဒေါက်တာ အရှင်ဉာဏိဿရ အမှူးပြုသည့် ဆရာတော် သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**

# အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းဌာန ဘွဲ့လွန်ဒီပလိုမာသင်တန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းဌာန (Graduate School of Administration and Development - GSAD) တွင် နိုင်ငံ့ဝန်ထမ်းအရာထမ်းများအတွက် ဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ယခုနှစ် မတ်လတွင် ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများအနေဖြင့် သက်ဆိုင်ရာဗဟိုအဖွဲ့အစည်းနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှတစ်ဆင့် ဖေဖော်ဝါရီ ၁၈ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

အဆိုပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းများမှာ Postgraduate Diploma in Public Policy and Administration (PG Dip in PPA) (Full-Time/ Part-Time), Postgraduate Diploma in Development Planning and Practice (PG Dip in Dev Pln & Pract) (Full-Time/ Part-Time), Postgraduate Diploma in International Economic Relations and Development (PG Dip in IERD) (Part-Time) နှင့် Postgraduate Diploma in Statistics (PG Dip in Stats) (Part-Time) တို့ဖြစ်ကြောင်း။

(PG Dip in PPA) နှင့် (PG Dip in Dev Pln & Pract) သင်တန်းများကို အချိန်ပြည့် (Full Time) နှင့် အချိန်ပိုင်း (Part-Time) ခွဲခြားပို့ချမည်ဖြစ်ရာ အချိန်ပြည့် (Full- Time) သင်တန်းသို့ ဒုတိယဦးစီးမှူး၊ ဦးစီးအရာရှိနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ အချိန်ပိုင်း (Part-Time) သင်တန်းသို့ ဒုတိယညွှန်ကြားရေးမှူးမှ ညွှန်ကြားရေးမှူးချုပ်အထိ တက်ရောက်နိုင်ပြီး အချိန်ပိုင်းဖွင့်လှစ်မည့် (PG Dip in IERD နှင့် PG Dip in Stats) သင်တန်းများသို့ ဒုတိယဦးစီးမှူးမှ ညွှန်ကြားရေးမှူးချုပ်အထိ တက်ရောက်နိုင်ကြောင်း။

အဆိုပါ သင်တန်းများအတွက် လျှောက်လွှာပုံစံကို အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းဌာန၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊ ရာဇသင်္ဂဟလမ်း ဥတ္တရသီရိမြို့နယ် နေပြည်တော်၌ ဖေဖော်ဝါရီ ၂ ရက်မှ စတင်ရောင်းချပြီး အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူး ဦးကြည်မြင့် ဖုန်း-၀၉-၇၉၆၁၃၅၀၄၇၊ ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ဝင်း ဖုန်း-၀၆၇-၄၁၈၃၈၉ နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီရီမြင့် ဖုန်း-၀၆၇-၄၁၈၃၈၅ တို့ထံသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တရုတ် (တိုင်ပေ)တွင် အင်အားပြင်းငလျင်လှုပ်၊ ၁၇ ထပ်တိုက်ပြိုကျပြီး သေဆုံးသူ ၁၄ဦးရှိ

**တိုင်ပေ ဖေဖော်ဝါရီ ၆**

တရုတ် (တိုင်ပေ) တောင်ပိုင်း၌ ၁၇ ထပ်တိုက်တစ်လုံး အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် ပြိုကျခဲ့ရာ အသက် ၁၀ ရက်သားအရွယ် မိန်းကလေးတစ်ဦးအပါအဝင် ၁၄ ဦး သေဆုံးခဲ့ကြောင်း၊ လူပေါင်း ၃၅ ဦး ပိတ်မိနေပြီး ကယ်တင်ရန် ကြိုးစားခဲ့ရကြောင်း နောက်ဆုံးရ သတင်းများအရ သိရသည်။

အဆိုပါ အဆောက်အအုံအခန်းတစ်ခန်းမှ မိန်းကလေးငယ်တစ်ဦး အပါအဝင် အခြားကိုးဦးတို့သည် လူနာနှစ်သစ်ကူးစတင်ချိန် ဒေသစံတော်ချိန် ၄ နာရီခန့်က အင်အား ၆ ဒသမ ၄ အဆင့်ရှိ မြေငလျင်လှုပ်ခဲ့ပြီး ပြုတ်ကျ သေဆုံးခဲ့သည်ဟု ဆိုသည်။

ကယ်ဆယ်ရေးသမားများက ဟိုက်ဒရောလစ် လှေကားများနှင့် ကရိန်းတို့ကို အသုံးပြုကာ လူပေါင်း ၂၅၀ အား ကယ်တင်ခဲ့ရပြီး ဒါဇင်နှင့်ချီသော ဒဏ်ရာရရှိသူများကို ဆေးရုံတင်ပို့ခဲ့ရကြောင်း မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါမြို့တွင် ငလျင်လှုပ်မှုကြောင့် လူပေါင်းနှစ်သန်းခန့် ဘေးကင်းရာနေရာများသို့ ရွှေ့ပြောင်းခဲ့ရကြောင်း မီးသတ်တပ်ဖွဲ့က ပြောသည်။

တီဗွီကြည့်နေချိန် ရုတ်တရက်ပေါက်ကွဲသံကြီး ကြားလိုက်ရ၍ တံခါးဖွင့်ကြည့်လိုက်စဉ် မျက်နှာချင်းဆိုင်ရှိ အဆောက် အအုံကြီးမှာ မြေသို့လုံး ဝပြိုကျသွားခဲ့ကြောင်း အသက် ၇၀ အရွယ်ရှိ ချန်းက ပြောသည်။ ယင်းငလျင်မှာ ထိုင်ဝမ်အရှေ့တောင်ဘက် ၂၇ မိုင်အကွာကို ဗဟိုပြုလှုပ်ခဲ့ခြင်းဖြစ်သည်။ **(ရိုက်တာ)**



ငလျင်လှုပ်၍ ပြိုကျသွားသည့် အဆောက်အအုံတွင် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ဝေဟင်မှ မြင်ရစဉ်။




လန်ဒန်ရှိ ဆီးရီးယားထောက်ပံ့ရေးနှင့် ဒေသတွင်း စည်းဝေးပွဲတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက မီဒီယာများ၏ မေးမြန်းမှုများကို ဖြေကြားနေစဉ်။

# တရုတ်နိုင်ငံက ဆီးရီးယားဒုက္ခသည်များအတွက် ဆန်တန်ချိန်တစ်သောင်းလှူဒါန်း

**လန်ဒန် ဖေဖော်ဝါရီ ၆**

တရုတ်နိုင်ငံက ဆီးရီးယားဒုက္ခသည်များကြား အစာရေစာပြတ်လပ်မှုကို လျော့ပါးသက်သာစေရန်အတွက် ဆန်တန်ချိန်တစ်သောင်းကို ကူညီထောက်ပံ့ပေးခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက မကြာသေးမီက ကြေညာခဲ့သည်။

လန်ဒန်ရှိ ဆီးရီးယားထောက်ပံ့ရေးနှင့် ဒေသတွင်း အစည်းအဝေးတွင် ဝမ်က ယခုစည်းဝေးပွဲသည် ဆီးရီးယားနိုင်ငံ၌ လူသားချင်းစာနာမှု အထောက်အပံ့များတိုးမြှင့်စေဖို့ရည်ရွယ်ကြောင်း၊ ယခုကဲ့သို့စုဝေးခြင်းက ဆီးရီးယားနိုင်ငံအတွက် တည်ငြိမ်အေးချမ်းမှုရရှိအောင် ဖော်ဆောင်နိုင်မည်ဟု မျှော်လင့်ကြောင်း၊ လူသားချင်းဆိုင်ရာဒုက္ခများကို လျော့ပါးသက်သာစေရန်ရည်ရွယ်ကြောင်း ပြောခဲ့သည်။

ဆီးရီးယားနိုင်ငံရှိ လူသားချင်းဆိုင်ရာဘေးဒုက္ခများကို ဖြေရှင်းရန် အရေးပေါ် အကူအညီများ ထောက်ပံ့ကူညီရုံသာမက ဖြစ်ပွားသည့်အကြောင်း ရင်းများကိုပါ ဖယ်ရှားရမည်ဖြစ်ကြောင်း ၎င်းက ပြောခဲ့သည်။

ထို့အပြင် အိမ်နီးချင်းနိုင်ငံများအနေဖြင့် ဆီးရီးယားဒုက္ခသည်များကို ခိုလှုံခွင့်ပြုရန်လိုအပ်သလို အလုပ်အကိုင်အခွင့်အလမ်းများလည်း ဖော်ဆောင်ပေးရမည်ဖြစ်ပြီး ကလေးများအတွက် ပညာရေးကိုလည်း ထောက်ပံ့ပေးရမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# ဇီကာဗိုင်းရပ်စ် နိုင်ငံပေါင်း ၃၃ နိုင်ငံသို့ ပျံ့နှံ့

**ဂျီနီဗာ ဖေဖော်ဝါရီ ၆**

ဇီကာဗိုင်းရပ်စ်သည် နိုင်ငံပေါင်း ၃၃ နိုင်ငံသို့ ပျံ့နှံ့နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ပြောသည်။ လွန်ခဲ့သောနှစ်က ဘရာဇီးနိုင်ငံတွင်ခြင်မှတစ်ဆင့်ကူးစက်တတ်သော ရောဂါဖြစ်ပွားမှုများရှိကြောင်း ဖော်ပြခဲ့သည်။

ဇီကာဗိုင်းရပ်စ် ရောဂါကူးစက်မှုများကြောင့် ကလေးများကို ပုံမှန်မဟုတ်သော ဦးခေါင်းအနေအထားဖြစ်ပေါ်စေပြီး ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်စေကြောင်း သိရသည်။ WHO က ဇီကာဗိုင်းရပ်စ်ကို နိုင်ငံပေါင်း ၂၆ နိုင်ငံနှင့် ကာရစ်ဘီယန်၊ ဘရာဇီး၊ ကိုလံဘီယာနှင့် မက္ကဆီကိုတို့အပါအဝင် အမေရိကအလယ်ပိုင်းနှင့်တောင်ပိုင်းဒေသများတွင် တွေ့ရှိခဲ့ကြောင်း သောကြာနေ့က ပြောခဲ့သည်။ ထို့အပြင် ယင်းဗိုင်းရပ်စ်ကို ဖီဂျီ၊ တွန်ဂါနှင့် အခြား ပစိဖိတ်ကျွန်းနိုင်ငံ သုံးခုတွင် တွေ့ရှိခဲ့ကြောင်း မှတ်တမ်းတင်နိုင်ခဲ့သည်။ အာဖရိကနှင့် အိန္ဒိယသမုဒ္ဒရာဒေသ၊ ကိတ်ဗာဒီနှင့် မော်လ်ဒိုက်နိုင်ငံများတွင် ယင်းရောဂါကူးစက်မှုရှိကြောင်း သိရသည်။

WHO မှ တာဝန်ရှိသူများက ခြင်သည် ယင်းရောဂါကူးစက်နိုင်သောအဓိကလက်သည်ဖြစ်ကြောင်း မှတ်ချက်ပြုခဲ့ပြီး ကိုယ်ဝန်ရှိသောအမျိုးသမီးများကို ခြင်ကိုက်မခံရန်အကြံပေးမှုများပြုလုပ်ထားရုံသာမက ဇီကာဗိုင်းရပ်စ် ရောဂါပိုးကူးစက်နေသောနိုင်ငံ သို့မဟုတ် ဒေသများသို့ သွားရောက်ခြင်းမပြုရန် တားမြစ်အကြံပေးထားသည်။ အထူးသဖြင့် နေ့ခင်းဘက်ကိုက်တတ်သော အေးဒိစ်ခြင် မျိုးစိတ်များသည် ရောဂါပိုးအလွယ် တကူသယ်ဆောင်နိုင်သော ခြင်များ ဖြစ်ကြောင်း သိရသည်။ ကိုယ်ဝန်ဆောင်မှုမပြုရန် ထိန်းချုပ်ခြင်းထက် ရောဂါပိုးမကူးစက် အောင် ကာကွယ်မည့်နည်းလမ်းများကို ထောက်ပံ့ပေးရန် သက်ဆိုင်ရာ အာဏာပိုင်များကို ဂျီနီဗာရှိ ကုလရုံးက မှာကြားထားသည်။ **(အင်န်အိတ်ချ်ကေ)**

# အိုဘားမားနှင့် ရှီကျင့်ဖျင် မြောက်ကိုရီးယားကိုဆန့်ကျင်ရန် သဘောတူ

**ဝါရှင်တန် ဖေဖော်ဝါရီ ၆**

အမေရိကန်သမ္မတအိုဘားမားနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို အကျိုးသက်ရောက်စေနိုင်သော မြောက်ကိုရီးယား၏ရန်စမှုကို တုံ့ပြန်ရန် သဘောတူလိုက်ပြီ ဖြစ်သည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် လွန်ခဲ့သောလက ပြုလုပ်ခဲ့သည့် မြောက်ကိုရီးယား၏ နျူကလီးယားစမ်းသပ်မှုကို တုံ့ပြန်ရန် သောကြာနေ့က ဖုန်းဖြင့် ပြောဆိုပြီး သဘောတူခဲ့ကြောင်း အိမ်ဖြူတော်က ပြောကြားခဲ့သည်။ အိုဘားမားနှင့်ရှီတို့သည် ကိုရီးယားကျွန်းဆွယ်၏ နျူ ကလီးယားလက်နက် ကင်းမဲ့ရေး သက်သေပြရန်အတွက် ၎င်းတို့၏ကတိပြုချက်ကို ထပ်လောင်း အတည်ပြုခဲ့ကြသည်။

ထို့အပြင် မြောက်ကိုရီးယားကို နျူကလီးယားလက်နက် ပိုင်ဆိုင်သော နိုင်ငံအဖြစ် လက်မခံသင့်ကြောင်း ပြောဆိုခဲ့ကြသည်။ မြောက်ကိုရီးယား၏ နောက်ဆုံးနျူကလီးယား လက်နက်စမ်းသပ်မှုကို ဆန့်ကျင်သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများအစည်းအဝေးတွင် အမေရိကန်နိုင်ငံအနေဖြင့် မြောက်ကိုရီးယား၏ နျူကလီးယားစမ်းသပ်မှုကို ပြင်းထန်စွာ ကန့်ကွက်ခဲ့သလို တရုတ်နိုင်ငံကလည်း စိုးရိမ်မကင်းဖြစ်ခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

# အလက်ပိုမြို့၌ ထိုးစစ်ဆင်နွှဲနေမှုကြောင့် ဆီးရီးယားပြည်သူများတူရကီနယ်စပ်သို့တိမ်းရှောင်

**အလက်ပို ဖေဖော်ဝါရီ ၆**

ရုရှားနှင့်ဆီးရီးယားအစိုးရတပ်ဖွဲ့များသည် အလက်ပိုမြို့မြောက်ပိုင်းနယ်မြေကို ဖေဖော်ဝါရီ ၆ ရက်က ပြန်လည်သိမ်းယူနိုင်ခဲ့ကာ ကျန်ရှိနေသေးသော သူပုန်ထိန်းချုပ်ဒေသများကိုရရှိရန် အရှိန်မြှင့် ထိုးစစ်ဆင်နွှဲနေသောကြောင့် ဆီးရီးယားဒေသခံထောင်ပေါင်းများစွာသည် နယ်စပ်ဒေသကိုဖြတ်၍ တူရကီတွင် ခိုလှုံခွင့်ရရှိရန် ကြိုးစားနေကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။



အစိုးရထောက်ခံ ဆီးရီးယားတပ်ဖွဲ့များ အရှိန်မြှင့်ထိုးစစ်ဆင်နွှဲနေသောကြောင့် ထွက်ပြေးတိမ်းရှောင်လာသော ဆီးရီးယားပြည်သူများ တူရကီနယ်စပ်ကို ဖြတ်ကျော်ရန် စောင့်ဆိုင်းနေစဉ်။

အလက်ပိုမြို့အနီးတစ်ဝိုက်တွင် ထိုးစစ်ဆင်မှုများပြုလုပ်နေသောကြောင့် ယင်းထိုးစစ်ဆင်မှုက ယခုအပတ် ဂျီနီဗာ၌ ကျင်းပနေသော ဆီးရီးယားဆွေးနွေးပွဲကို အကျိုးသက်ရောက်မှုရှိစေမည် ဖြစ်သည်။

လွန်ခဲ့သောငါးနှစ် ပြည်တွင်းစစ်မဖြစ်ခင်အချိန်က အလက်ပိုမြို့သည် ဆီးရီးယားနိုင်ငံ၏ အကြီးဆုံးမြို့တော်ဖြစ်ခဲ့ပြီး ယခုအခါ ပဋိပက္ခအတွင်း အနည်းဆုံး လူပေါင်း ၂၅၀၀၀၀ သေဆုံးကာ ၁၁ သန်း အိုးအိမ်များကို စွန့်ခွာခဲ့ရသော အခြေအနေဖြစ်ခဲ့ရသည်။ ယင်းမှာ အာဆတ်အစိုးရအတွက်အကြီးမားဆုံးနည်း ဗျူဟာ ဆုလာဘ်တစ်ခုဖြစ်လာလိမ့်မည်ဖြစ်သည်။

ဆီးရီးယားတပ်မတော်နှင့်အီရန်တိုက်ခိုက်ရေးသမားများအပါအဝင် မဟာမိတ်တပ်များ၏ စစ်ဗျူဟာဖွင့်ထိုးစစ်ဆင်မှုများက နှစ်ခြမ်းကွဲနေသော သူပုန်ထိန်းချုပ်ခံ အလက်ပိုမြို့ကို ခြိမ်းခြောက်သလိုဖြစ်နေကြောင်း သိရသည်။

အလက်ပိုမြို့ အစိုးရပြန်လည်ထိန်းချုပ်နိုင်သော ဒေသများတွင် ပြည်သူတစ်သန်းကျော်မှီတင်းနေထိုင်လျက်ရှိကြောင်း သိရပြီး တခြားသူပုန်ထိန်းချုပ်နယ်မြေ၌ ပြည်သူ ၃၅၀၀၀၀ နီးပါး နေထိုင်လျက်ရှိကြောင်း သိရသည်။ ဖေဖော်ဝါရီ ၆ ရက်က ဆီးရီးယားပြည်သူ ၁၅၀၀၀ ခန့်သည် တူရကီနယ်စပ် ဆီးရီးယားဘက်ခြမ်းတွင် နယ်စပ်ဖြတ်ကျော်ရန်စောင့်ဆိုင်းလျက်ရှိပြီး အခြား ၅၀၀၀၀ ခန့်မှာ လမ်းတစ်ဝက်တွင်ရှိကြောင်း တူရကီဒုက္ခသည် အေဂျင်စီ (AFAD) မှ အရာရှိတစ်ဦးက ပြောခဲ့သည်။ **(ရိုက်တာ)**

# ခရီးသွားဧည့်သည် ၄၀၀ ကျော်ပါရှိသည့် ကမ္ဘာလှည့်သင်္ဘောရောက်ရှိ




**နေပြည်တော် ဖေဖော်ဝါရီ ၆**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရည်မွန်သည် ဖေဖော်ဝါရီ ၅ ရက်က မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါ ဆိပ်ကမ်း၌ Diethelm Travel Ltd., Myanmar ၏ စီစဉ်မှုဖြင့် အိန္ဒိယနိုင်ငံ ပေါ့ဘလဲ ဆိပ်ကမ်းမှ ရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘော MS Europa 2 မှ သင်္ဘောကပ္ပတိန်နှင့်တကွ ခရီးသွားဧည့်သည်များအား ကြိုဆိုနှုတ်ဆက်ခဲ့သည်။

အဆိုပါသင်္ဘောသည် အိန္ဒိယနိုင်ငံ ပေါ့ဘလဲဆိပ်ကမ်းမှ မြန်မာနိုင်ငံသို့ ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ရောက်ရှိလာခြင်းဖြစ်ပြီး သင်္ဘောအမှုထမ်း ၃၆၆ ဦးနှင့် ဧည့်သည် ၄၁၉ ဦးပါဝင်ကာ မြန်မာနိုင်ငံသို့ ရောက်ရှိစဉ်ကာလအတွင်း အချို့ဧည့်သည်များသည် ပုဂံဒေသသို့လည်းကောင်း၊ အချို့ခရီးသည်များမှာ ရန်ကုန်၊ ပဲခူးနှင့် သန်လျင်တစ်ဝိုက်ဒေသများသို့လည်းကောင်း သွားရောက်လည်ပတ်မည်ဖြစ်သည်။ ထို့နောက် ယင်းသင်္ဘောသည် ဖေဖော်ဝါရီ ၇ ရက်တွင် ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းသို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် အရှိန်အဟုန်ဖြင့် တိုးတက်လာသည့်နည်းတူ ကမ္ဘာလှည့် ခရီးသည်တင် အပျော်စီးသင်္ဘောများသည်လည်း ၂၀၁၅ ခုနှစ်တွင် ၂၆ စင်းဝင်ရောက်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် တစ်စင်းဝင်ရောက်ခဲ့ကာ ဖေဖော်ဝါရီတွင် ခုနစ်စင်း၊ မတ်လတွင်တစ်စင်း အဆက်မပြတ် ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လူကုန်ကူးခံရသော မြန်မာရေလုပ်သား ၁၁ ဦး ရောက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၆**

အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်းတွင် လူကုန်ကူးခံရသော မြန်မာရွှေ့ပြောင်း ရေလုပ်သား ၁၁ ဦးသည် ဖေဖော်ဝါရီ ၅ ရက် ည ၇ နာရီခွဲတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။


ရေလုပ်သားများ ရန်ကုန်လေဆိပ်သို့ ပြန်လည်ရောက်ရှိလာစဉ်။

၎င်းရေလုပ်သားများအား နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် IOM အဖွဲ့များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ စောင့်ကြိုခဲ့ကြသည်။ ထိုမှတစ်ဆင့် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းသို့ ပို့ဆောင်ကာ မြို့နယ်ကျန်းမာရေးအဖွဲ့မှ ကျန်းမာရေးစစ်ဆေးခြင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မှတ်ပုံတင် ရှိ/မရှိ စစ်ဆေးခြင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ လူကုန်ကူးခံရသည့် အကြောင်းအရင်းဖြစ်စဉ် အသေးစိတ်အား မေးမြန်းစစ်ဆေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ဆေးဆောင်ရွက်မှုများ ပြီးစီးလျှင် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးများမှတစ်ဆင့် နေရပ်ဇာတိများသို့ ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။ ၎င်းရေလုပ်သားများအား အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် IOM အဖွဲ့များ၏ အကူအညီဖြင့် ရန်ကုန်မြို့သို့ရောက်ရှိပြီး ၎င်းတို့အား အင်ဒိုနီးရှားနိုင်ငံတွင် ကိုယ်ရေးအချက်အလက်များ ကောက်ယူခြင်း၊ နိုင်ငံသားမှန်/မမှန် စစ်ဆေးခြင်း၊ မှန်ကန်လျှင် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်နိုင်ရေး သက်သေခံလက်မှတ် ထုတ်ပေးခြင်းတို့ကို သက်ဆိုင်ရာအဖွဲ့များက ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ကာ ကူညီခဲ့ကြကြောင်း သိရသည်။

ရောက်ရှိလာသော မြန်မာရေလုပ်သားများသည် မွန်ပြည်နယ် ဘုရားသုံးဆူမှ ဇော်လင်းဦး၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့မှ ရန်နိုင်၊ ကော့သောင်းမြို့မှ ဖွဲ့ကိုကိုနှင့် မျိုးထိုက်၊ ပုလောမြို့မှ ဖိုးခွေး၊ မြိတ်မြို့မှ ကိုချစ်၊ ရခိုင်ပြည် နယ် ရမ်းဗြဲမြို့နယ်မှ စိုးဦး၊ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ကျော်သန့်ဇင်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်မှ ဦးအောင်အောင်ဇော်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့မှ ကျော်မင်းနိုင်၊ မကွေးတိုင်းဒေသကြီး မြိုင်မြို့မှ ဦးကျော်ထွန်းတို့ဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား ဝိုင်းမော်မြို့၌ ထောက်ခံကြိုဆို

**ဝိုင်းမော် ဖေဖော်ဝါရီ ၆**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား ထောက်ခံကြိုဆိုပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ ထောက်ခံကြိုဆိုပွဲတွင် ဝိုင်းမော်မြို့နယ် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကြည်ထွန်းက အမှာစကားပြောကြားပြီး ဝိုင်းမော်မြို့နယ် လချိတ်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ အဖွဲ့ဝင် ဒေါ်ဘောမ်ဆန့်က ငြိမ်းချမ်းရေးညီလာခံအားထောက်ခံအားပေးကြရန် အဆိုတင်သွင်းခဲ့ရာ ဇိုက်ဝါးစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင် ဦးဂမ်ဆိုင်းက ထောက်ခံဆွေးနွေးခဲ့သည်။

ထို့နောက်တက်ရောက်လာသည့် တိုင်းရင်းသားပြည်သူများက ထောက်ခံကြောင်း ကြွေးကြော်ကြသည်။ အဆိုပါလူထုထောက်ခံပွဲသို့ ဝိုင်းမော်မြို့နယ်အတွင်းရှိ ရှမ်း၊ ကချင်၊ ဗမာ စသည့် တိုင်းရင်းသားပြည်သူများ စုစုပေါင်း ၃၀၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# မောင်တောမြို့၌ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ ထောက်ခံပွဲကျင်းပ

**မောင်တော ဖေဖော်ဝါရီ ၆**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြိုဆိုထောက်ခံပွဲကို မောင်တောမြို့၌ ဒေသခံပြည်သူ ၉၅၀ ခန့်က ဖေဖော်ဝါရီ ၅ ရက် နံနက် ၈ နာရီတွင် မြို့မအားကစားကွင်း၌ စုဝေးပြီး ပိုစတာဗီနိုင်းများကိုင်ဆောင်၍ ကြွေးကြော်သံများဖြင့် စီတန်းလှည့်လည်ကာ သီရိမင်္ဂလာခန်းမအတွင်း၌ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး သဘာပတိက ပြည်သူလူထုသဘောထားများကို ရယူရာ တက်ရောက်လာကြသည့် ပြည်သူများက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား တစ်ခဲနက်ထောက်ခံခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ပြည်ထောင်စုနေ့ဂုဏ်ပြု ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်

**ပုံပါကျင် ဖေဖော်ဝါရီ ၆**

(၆၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေကျပ် ၁၇၀ ဒသမ ၉ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အကျယ် ၁၂ ပေ၊ အရှည်သုံးမိုင်ရှိ ပုံပါကျင်-နမ့်ဟူးခွန် ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေက အမှာစကားပြောကြားပြီး လီဆူတိုင်းရင်းသားရေးရာဝန်ကြီး ဦးယောဝိ၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးနိုးဝေ၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်လွင်နှင့် မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစိုင်းထွန်းကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**သန်းဇော်(ပြန်/ဆက်)**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ စစ်အတွင်းက ဗုံးသီးနှစ်လုံးနှင့် လက်ပစ်ဗုံးဟောင်းတစ်လုံးတွေ့ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၁၆၈) ရပ်ကွက် ကနောင်မင်းသားလမ်းနှင့် ရိုးမရိပ်သာလမ်းထောင့် တန်ဖိုးနည်းအိမ်ရာဆောက်လုပ်မည့် မြေနေရာ၌ ဖေဖော်ဝါရီ ၃ ရက်က စွန့်ပစ်မြေစာပုံမှ ဗုံးသီးဟောင်းတစ်လုံးကို (၁၆၈) ရပ်ကွက်နေသူ အောင်ခိုင်စိုး(၁၃ နှစ်)က တွေ့ရှိပြီး (အဟောင်းပစ္စည်းရောင်းဝယ်သူ)အောင်သူထံ သွားရောက်ရောင်းချခဲ့သည်။ အောင်သူက ဝယ်ယူခြင်းမရှိဘဲ မသင်္ကာ၍ အဆိုပါ ဗုံးသီးဟောင်းကို (၁၆၈) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသစ်လွင်ထံ သွားရောက်အပ်နှံခဲ့သည်။ ထို့နောက် မြို့နယ်မြို့မရဲတပ်ဖွဲ့စခန်းသို့ အကြောင်းကြားရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတိုးလှိုင်နှင့် ရဲတပ်ဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး နယ်မြေခံတပ်သို့ အကြောင်းကြားတင်ပြခဲ့သည်။

အလားတူ ဖေဖော်ဝါရီ ၄ ရက် နံနက် ၈ နာရီခန့်ကလည်း အမှတ်(၁၆၈)ရပ်ကွက် ကနောင်မင်းသားလမ်းနှင့် ရိုးမရိပ်သာလမ်းထောင့် တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်မည့် မြေနေရာ၌ စွန့်ပစ်မြေစာပုံမှ ဗုံးသီးအဟောင်းတစ်လုံး အလျား ၂၂ ဒသမ ၂၅ လက်မ၊ လုံးပတ် ၁၉ လက်မ၊ အချင်း ၅ ဒသမ ၇၅ လက်မရှိ ဗုံးသီးဟောင်းနှင့် အလျား ၃ ဒသမ ၇၅ လက်မ၊ လုံးပတ် ၆ ဒသမ ၂၅ လက်မ၊ အချင်းနှစ်လက်မရှိ လက်ပစ်ဗုံးဟောင်းတစ်လုံးကို ထပ်မံတွေ့ရှိ၍ သွားရောက်အပ်နှံခဲ့သည်။

အဆိုပါ ဗုံးသီးဟောင်းနှင့် လက်ပစ်ဗုံးဟောင်းကို စစ်ဆေးခဲ့ပြီး မြို့မရဲတပ်ဖွဲ့စခန်း ဒုရဲအုပ် ပြည်ဖြိုးနောင်က နယ်မြေခံ အင်ဂျင်နီယာတပ်ရင်းသို့ သွားရောက်အပ်နှံခဲ့ကြောင်း သိရသည်။


စစ်ကျန်ဗုံးသီးဟောင်းနှစ်လုံး

**ကျင်မောင်**

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**



# ဂုဏ်မြောက်သော အရေးအသား(၂)

■ မောင်ခင်မင်(ဓနုဖြူ)

"ဒါဆိုရင် ပသာဒဂုဏ်မြောက်တဲ့ အရေးအသားဖြစ်ဖို့ အတွေးရော အရေးရော ရှင်းရှင်းလင်းလင်းရှိဖို့ လိုတာပေါ့နော်. . . ဦးလေး"

"လိုတာပေါ့။ အရေးရှင်းဖို့ဆိုရာမှာ စကားအသုံးအနှုန်းရှင်းဖို့ ဘာတွေ ဂရုပြုသင့်တယ်ဆိုတာ အရင်တစ်ခါ ဆွေးနွေးဖူးပါတယ်။ မင်း မှတ်မိမှာပေါ့။ အရေးအသားရှင်းဖို့ ရှောင်စရာတွေလေ။ ခက်ခက်ခဲခဲ စကားလုံးကြီးတွေမသုံးဘဲ အများနားလည်လွယ်တဲ့ စကားလုံးတွေသုံးဖို့၊ အဓိပ္ပာယ်နှစ်ခွထွက်နိုင်တဲ့ စကားလုံးတွေကိုသုံးရင် အဓိပ္ပာယ်ပေါ်အောင် အဆက်အစပ် ပြည့်ပြည့်စုံစုံသုံးဖို့၊ ပြီးတော့ ထင်သာမြင်သာတဲ့ အကောင်အထည်တွေပါအောင်ရေးဖို့ ဆိုတာတွေလေ"

"ဟုတ်ကဲ့ မှတ်မိပါတယ်"

"ဒါတင်မကသေးဘူး။ ဝါကျဖွဲ့ရာမှာလည်း ရှင်းလင်းဖို့လိုတယ်။ ဒီနေရာမှာ ပြောစရာရှိတာက ဝါကျတစ်ခုဟာ ရှည်သင့်တာထက် ပိုရှည်သွားရင် အဓိပ္ပာယ်ရှုပ်ထွေးဖို့များတယ်ဆိုတဲ့ အချက်ပဲ"

"ဘာဖြစ်လို့ ဝါကျရှည်တာနဲ့ ရှုပ်ထွေးဖို့များတာလဲ ဦးလေး"

"စာအရေးအသားကျွမ်းကျင်ရင်တော့ ဝါကျဘယ်လောက်ရှည်ရှည် အဓိပ္ပာယ်ရှင်းအောင်ရေးနိုင်တာပေါ့။ ဒါပေမယ့် မင်းစဉ်းစားကြည့်လေ။ ဝါကျရှည်သွားရင် '၍' တို့ ၊ 'သဖြင့်' တို့၊ 'သောကြောင့်' တို့ဆိုတဲ့ စကားဆက်တွေ များများသုံးရတယ်မဟုတ်လား။ 'သော' တို့၊ 'နှင့်' တို့လည်း သုံးရတာပဲ။ အဲဒီစကားဆက်တွေများလာတော့ ရှေ့နောက်အဆက်အစပ် ရှုပ်ဖို့ အခွင့်အလမ်းများတာပေါ့။ ဒါကြောင့် ဖြစ်နိုင်ရင် ဝါကျသိပ်ရှည်ရှည် မရေးဖို့ ပညာရှင်တွေ လမ်းညွှန်တတ်ကြတယ်"

"နားလည်ပါပြီ ဦးလေး"

"နောက်တစ်ခုကတော့ ပြောနေကျစကားပါပဲကွာ။ စာများများဖတ်ရင် အဲဒီအတွေ့အကြုံက စာရေးရာမှာ အထောက်အကူပြုတာပေါ့။ စာဖတ်ထားတော့ ဘယ်လိုစာမျိုးဟာ အရေးအသားရှင်းလင်းတယ်ဆိုတာ ဆရာကြီးရွှေဥဒေါင်းရဲ့ စကားနဲ့ပြောရရင် အသွေးထဲအသားထဲစိမ့်ဝင်ပြီး သဘောပေါက်နေတာမျိုးပေါ့။ အဲဒီအခါကျရင် ကိုယ်ရေးတဲ့ဝါကျတွေဟာလည်း ကိုယ်စံနမူနာယူပြီး ဖတ်ထားတဲ့ဝါကျတွေလိုပဲ ရှင်းခနဲလင်းခနဲ ဖြစ်ဖို့ များတာပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ. . . ပသာဒဂုဏ်မြောက်တဲ့အရေးအသားအကြောင်း ဒီလောက်ဆိုရင် ရှင်းလောက်ပါပြီ။ နောက်ဂုဏ်တစ်ခုပြောရအောင်"

"ဦးလေး၊ နောက်ဂုဏ်က သြဇဂုဏ်ပါ"

"သြဇဂုဏ်ဆိုတာ အကြောင်းအရာတစ်ခုကို ကျစ်ကျစ်လျစ်လျစ် အကျဉ်းချုံးနိုင်တဲ့ ဂုဏ်ရော၊ အနှစ်သာရရှိရှိ အကျယ်ချဲ့နိုင်တဲ့ဂုဏ်ရော အကျုံးဝင်တယ်။ ဆရာကြီး ဦးဖိုးစိန်က 'စကားချုံ့ဂုဏ်' နဲ့ 'စကားချဲ့ဂုဏ်' ဆိုပြီး နှစ်မျိုးခွဲတယ်"

"ဟုတ်ကဲ့ပါ"

"စကားကျစ်လျစ်တဲ့အဖွဲ့ဆိုတာက စကားလုံးနည်းနည်းနဲ့ အဓိပ္ပာယ် များစွာပါအောင် ရေးဖွဲ့တာမျိုးပေါ့။ သာဓကအနေနဲ့ ဆရာဇော်ဂျီရဲ့ ပေဒါလမ်းကဗျာတစ်ပုဒ်မှာ 'ပေဒါပျံ့ အံ့ကိုခဲ ပန်းပန်လျက်ပဲ' လို့ဖွဲ့တာမျိုးပေါ့။ လောကဓံကို အားနဲ့မာန်နဲ့ ကြံ့ကြံ့ခံနိုင်တဲ့ ပေဒါကို 'ပေဒါပျံ့'လို့ဖွဲ့တာ စကားလုံးနည်းနည်းနဲ့ အဓိပ္ပာယ်အများကြီးပါတယ် မဟုတ်လား။ ဒီနေရာမှာ 'ပျံ့'ဆိုတဲ့စကားတစ်လုံးက အဓိပ္ပာယ် သိပ်တာသွားတယ်လေ။ အဲဒီလိုအဖွဲ့မျိုးပေါ့ကွာ"

"ကျွန်တော်တစ်ခုသတိရလို့ပါ ဦးလေး"

"ဘာပါလိမ့်"

"သိပ္ပံမောင်ဝက ခေတ်စမ်းကဗျာတွေကို ဝေဖန်တဲ့အခါ ခင်စောမူရဲ့ 'လိပ်ပြာနဲ့ ကြာကုမုဒ်' ဆိုတဲ့ကဗျာမှာ စကားကျစ်လျစ်တဲ့အဖွဲ့ကလေးကို ချီးကျူးထားတာသတိရလို့ပါ"

"တယ်ဟုတ်ပါလားကွ။ ဆိုစမ်းပါဦး"

"အဲဒီကဗျာမှာ လိပ်ပြာကလေးနဲ့ ကုမုဒ္ဒြာကြာပန်းကလေးဟာ တစ်ဦးနဲ့တစ်ဦး မဆုံနိုင်ကြတာဖွဲ့ထားပါတယ်။ လိပ်ပြာက နေ့ဘက်မှာ လှုပ်ရှားနေတယ်။ ကုမုဒ္ဒြာက ညကျမှပွင့်တယ်။ ဒီတော့ လိပ်ပြာကလေးနိုးနေချိန်မှာ ကုမုဒ္ဒြာကမပွင့်ဘဲ ငုံနေတယ်။ ကုမုဒ္ဒြာက ညဘက်မှာလရောင်ကြောင့် ပွင့်လာတော့ လိပ်ပြာကလေးက အိပ်နေပြီတဲ့။ အဲဒီအကြောင်းအရာကို 'နေဝင်မောင်ငိုက် လမိုက်မယ်ငုံ' လို့ဖွဲ့ထားတာပါ"

"ဟုတ်ပါပြီ။ သိပ်ကောင်းတဲ့အဖွဲ့ကလေးပေါ့"

"သိပ္ပံမောင်ဝက အဲဒီအဖွဲ့ကလေးမှာ အဓိပ္ပာယ်တွေ အများကြီးပါတာကို စကားလုံးကလေး လေးလုံးတည်းနဲ့လှလှပပဖွဲ့ထားတာကို ချီးကျူးတာပါ။ အဲဒီစကားလုံးကလေးတွေကို အစားထိုးလို့မရနိုင်တဲ့အကြောင်းပေါ့။ အဲဒီအဖွဲ့ကို သြဇဂုဏ်မြောက်တဲ့အဖွဲ့လို့ ပြောနိုင်မယ်ထင်လို့ပါ ဦးလေး"

"ဟုတ်တာပေါ့။ တကယ်ကို စကားကျစ်လျစ်ပြီး သြဇဂုဏ်မြောက်တာပေါ့ကွာ။ ပြီးတော့ ရှေးကကဗျာတွေ မင်းဖတ်ဖူးသားပဲ။ မိန်းကလေး တစ်ယောက်ဟာ အသားအရေ ဖြူစင်တယ်။ ဝင်းဝင်းလက်လက်ရှိတယ်၊ ချောမွတ်တယ်ဆိုတဲ့ အဓိပ္ပာယ်တွေပါအောင် 'ဖြူဝင်းမွတ်' လို့ဖွဲ့တာမျိုးတွေလည်း သြဇဂုဏ်မြောက်တာပေါ့ကွာ။ နတ်ရှင်နောင်ရဲ့ ရတုထဲမှာ ပါတယ်လေ"

"သြော်. . . ဟုတ်ကဲ့။ နားလည်ပါပြီဦးလေး"

"နေ့တိုင်းသုံးနေတဲ့ စကားတွေထဲမှာလည်း ဒါမျိုးတွေရှိပါတယ်။ ဥပမာကွာ 'စာနယ်ဇင်း' ဆိုတဲ့စကားဟာ သိပ်အသုံးတွင်နေပြီမဟုတ်လား"

"ဟုတ်ပါတယ် ဦးလေး"

"ဘာဆိုလိုတာလဲ၊ မင်းသိမှာပါ"

"သိပါတယ်။ 'သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း'ကို 'စာနယ်ဇင်း'လို့ အတိုချုံး ရေးတာပါ"

"အေး. . . အဲဒီလိုစကားမျိုးတွေကိုလည်း သြဇဂုဏ်မြောက်တဲ့ စကားမျိုးလို့ ခေါ်နိုင်တာပေါ့ကွာ။ ပြောရင်းသတိရလာတယ်။ 'မြန်မာ့ရုပ်သံ' ဆိုတာရော"

"ရုပ်မြင်သံကြားနဲ့ အသံလွှင့်ဌာနကို ခေါ်တာပါ"

"အဲဒါမျိုးလည်း စကားကျစ်လျစ်တာပေါ့။ သြဇဂုဏ်မြောက်တာပေါ့"

"ဒါဆိုရင် စာပေထဲမှာသာမကဘဲ နေ့တိုင်းသုံးတဲ့စကားတွေမှာလည်း ဂုဏ်မြောက်တဲ့စကားတွေရှိတာပေါ့နော်"

"ရှိတာပေါ့ကွယ်။ အဲဒီလိုပဲ စကားကိုအနှစ်သာရရှိရှိ ချဲ့ပြီးရေးတာလည်း သြဇဂုဏ်မြောက်တာပဲ။ စကားချဲ့ဂုဏ်ပေါ့"

"ဘယ်လိုအဖွဲ့မျိုးပါလဲ ဦးလေး"

"ဆိုပါတော့။ ထင်ရှားတဲ့ပုဂ္ဂိုလ်တွေရဲ့ ဂုဏ်အရည်အချင်းတွေကို ဖွဲ့တာမျိုးပေါ့။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဖြောင့်မတ်တည်ကြည်တဲ့ဂုဏ်၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ ဇာတိမာန်၊ ဆရာကြီး ဦးဖေမောင်တင်ရဲ့ပညာဂုဏ်၊ ဆရာကြီးမင်းသုဝဏ်ရဲ့ ကဗျာဂုဏ် စသည်ဖြင့်ပေါ့ကွာ။ အဲဒီလိုပုဂ္ဂိုလ်တွေရဲ့ ကြည်ညိုလေးစားစရာဂုဏ်တွေကို အကျယ်တဝင့်ဖွဲ့တဲ့ စာမျိုးတွေလည်း သြဇဂုဏ်မြောက်တာပေါ့"

"ဟုတ်ကဲ့ပါ"

"စာပေတွေထဲကလည်း နိဗ္ဗာန်ကိုဖွဲ့တဲ့အဖွဲ့တွေ၊ ဘုရားရှင်ရဲ့ဂုဏ်တော်တွေကို ဖွဲ့တဲ့အဖွဲ့တွေဟာ သြဇဂုဏ်မြောက်တာပေါ့။ ပုဂံခေတ်က ကျောက်စာတစ်ချပ်မှာ 'စောမင်းလတ်'ဆိုတဲ့ အလှူရှင်က ကုသိုလ်ကောင်းမှုတွေပြုပြီး ဆုတောင်းတာကို ရေးထိုးတာတယ်။ 'အပြစ်အိုမင်း၊ သေခြင်းကွာသော၊ ရုပ်နာမ်ချုပ်ရာ၊ သာယာစွာသော၊ နိဗ္ဗာန်ချမ်းသာအား ရောက်စေလျှင်တည်း' တဲ့။ နိဗ္ဗာန်ရဲ့ဂုဏ်ကို ချဲ့ထားတာပေါ့ကွယ်"

"ဒါဆိုရင် လူအကြောင်းကိုပဲဖြစ်ဖြစ်၊ မြို့တွေတိုင်းပြည်တွေအကြောင်းကိုပဲဖြစ်ဖြစ် အကျယ်ချဲ့ပြီး ဂုဏ်ထင်ရှားအောင် ရေးတဲ့အဖွဲ့တွေ သြဇဂုဏ်မြောက်တယ်လို့ ဆိုနိုင်တာပေါ့နော်"

"ဟုတ်ပါတယ်။ အကျဉ်းကိုလည်း အကျယ်ချဲ့နိုင်ရမယ်။ အကျယ်ကိုလည်း အကျဉ်းချုပ်နိုင်ရမယ်။ သူ့နေရာနဲ့သူ လိုက်ဖက်ဆီလျော်အောင် ရေးဖွဲ့တဲ့ စာမျိုးမှန်ရင် သြဇဂုဏ်နဲ့ပြည့်စုံတာပဲပေါ့ကွယ်။ ကဲ. . . ငါ့တူရေ ဒီတစ်ပတ်တော့ နားကြဦးစို့"

**ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဖြောင့်မတ်တည်ကြည်တဲ့ဂုဏ်၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ ဇာတိမာန်၊ ဆရာကြီး ဦးဖေမောင်တင်ရဲ့ ပညာဂုဏ်၊ ဆရာကြီးမင်းသုဝဏ်ရဲ့ ကဗျာဂုဏ် စသည်ဖြင့်ပေါ့ကွာ။ အဲဒီလိုပုဂ္ဂိုလ်တွေရဲ့ ကြည်ညိုလေးစားစရာဂုဏ်တွေကို အကျယ်တဝင့်ဖွဲ့တဲ့ စာမျိုးတွေလည်း သြဇဂုဏ်မြောက်တာပေါ့**

# ကန့်ဘလူမြို့နယ်တွင် မူးမြစ်ကူးတံတား(ကာဘိုး)တည်ဆောက်မှု ၇၅ ရာခိုင်နှုန်းခန့်ပြီးစီး

**ကန့်ဘလူ ဖေဖော်ဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မလယ်-ယမနေ-ဇီးကုန်း-ကာဘိုး-တန့်ဆည်မြို့နယ် ဒေသတွင်းဆက်လမ်းပေါ်ရှိ မူးမြစ်ကူးတံတား(ကာဘိုး)အား ကာဘိုး ကျေးရွာအဝင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၃)က ဆောက်လုပ်လျက်ရှိပြီး တံတားတည်ဆောက်မှုမှာ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



အဆိုပါ မူးမြစ်ကူးတံတား(ကာဘိုး)စီမံကိန်းလုပ်ငန်းကို ၂၀၁၅ ခုနှစ် ဇွန် ၁၇ ရက်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဇူလိုင်လနှင့် သြဂုတ်လများတွင် မိုးများအဆက်မပြတ် ရွာသွန်းခဲ့ခြင်းနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် တံတားတည်ဆောက်ရေးလုပ်ငန်းများကို ရက်ပေါင်း ၇၈ ရက်ခန့် ရပ်ဆိုင်းထားခဲ့ရကြောင်း၊ အဆိုပါတံတားသည် ကန့်ဘလူမြို့နယ်နှင့် တန့်ဆည်မြို့နယ်တို့ကို ဆက်သွယ်ပေးသည့် အဓိကကျသော တံတားဖြစ်ကာ မတ်လအတွင်းအပြီး တည်ဆောက်နိုင်ရန် ရည်မှန်းထားလျက်ရှိကြောင်း တံတားတည်ဆောက်ရေးအဖွဲ့(၃)မှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တံတားတည်ဆောက်ရေးအဖွဲ့သည် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးအတွက် စက်ယန္တရား၊ လူအင်အားများဖြင့် အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါတံတားသည် အရှည် ပေ ၁၂၆၀၊ ကားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်သုံးပေစီ၊ ရေလမ်းကင်းလွတ် အမြင့်သုံးပေ၊ အကျယ် ၇၇ ပေ ၊ အုတ်မြစ်သံကူကွန်ကရစ် PC ရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်းအမျိုးအစားဖြစ်ပြီး ခန်းဖွင့်ဖွဲ့စည်းပုံ ပေ ၉၀၊ ၁၄ ခန်းဖြစ်ကြောင်း သိရသည်။

ယင်းတံတားသည် ကန့်ဘလူမြို့နယ်နှင့် တန့်ဆည်မြို့နယ်တို့ကို ဆက်သွယ်ပေါင်းကူးပေးမည့် မြို့နယ်ချင်းဆက်တံတားဖြစ်ပြီး ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး၊ သွားလာလွယ်ကူစေရေးနှင့် ဒေသတွင်းထွက်ကုန်များ ပို့ဆောင်ရေးတို့အတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးအခန်းကဏ္ဍများကို ပိုမိုဖွံ့ဖြိုး တိုးတက်လာစေမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ကျောင်းဆောင်သစ် ဖွင့်ပွဲကျင်းပ

**ကန်ပက်လက် ဖေဖော်ဝါရီ ၆**

ကန်ပက်လက်မြို့နယ် ကျေးဒွေးကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲ RC နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ဖေဖော်ဝါရီ ၃ ရက်က ကျင်းပခဲ့သည်။ အဆိုပါကျောင်းဆောင်သစ်အား လူမှုရေးဝန်ကြီး ဒေါက်တာဘမောင်၊ ပြည်နယ်/ မြို့နယ်ပညာရေးမှူးတို့နှင့် ရပ်မိရပ်ဖတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့် အဖွဲ့သည် ကန်ပက်လက်မြို့ အထက (ဇလပ်ဝါ) ခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပြီးလုပ်ငန်းနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးနှင့် ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျောက်ဆည်စက်မှုနယ်မြေရှိ အမှတ်(၃၃) အကြီးစားစက်ရုံ(ကျောက်ဆည်)၏ တိုးချဲ့စီမံကိန်း မီးသင်းဖို(Kiln)မီးပျိုးသည့် အခမ်းအနားဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်စက်မှုနယ်မြေရှိ Myanmar Conch Cement Co.,Ltd သို့ ငှားရမ်းထားသည့် အမှတ်(၃၃) အကြီးစားစက်ရုံ၏ တစ်နေ့ ဘိလပ်မြေတန် ၅၀၀၀ ထုတ်လုပ်နိုင်မည့် တိုးချဲ့စီမံကိန်းရှိ Kiln မီးပျိုးသည့်အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် အမှတ်(၃၃)အကြီးစားစက်ရုံနှင့် Myanmar Conch Cement Co.,Ltd တို့ အကျိုးတူပူးပေါင်းဆောင်ရွက်ရန် လက်မှတ်ရေးထိုးပြီးနောက် ၁၄ လကာလအတွင်း တစ်နေ့ ဘိလပ်မြေတန် ၅၀၀၀ ထုတ်လုပ်နိုင်မည့်စက်ရုံ တည်ဆောက်နိုင်ခဲ့သည့်အတွက် Myanmar Conch Cement Co.,Ltd ၏ အုံမခန်းဆောင်ရွက်မှုကို မှတ်တမ်းတင်ပါကြောင်း၊ ပြည်တွင်းရှိ သယံဇာတအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ်များကို ထုတ်နုတ်သုံးစွဲ၍ နိုင်ငံတော်စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ဆောက်ရေးတို့အတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်လာမည့် Myanmar Conch Cement Co.,Ltd ကိုကျေးဇူးတင်ဂုဏ်ယူပါကြောင်း ပြောကြားခဲ့သည်။

အစီအစဉ်အရ MIG Co.,Ltd, SINOMA Co.,Ltd ဆောက်လုပ်ရေးအဖွဲ့တာဝန်ခံနှင့် Myanmar Conch Cement Co.,Ltd. မှ Mr.LI XIN တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ မီးကူးအဖွဲ့က မီးတိုင်ကို ပြည်ထောင်စုဝန်ကြီးမှတစ်ဆင့် တာဝန်ရှိသူများသို့ အဆင့်ဆင့်လွှဲပြောင်းပေးအပ်ပြီး Mr. ZHU YONG LI က မီးသင်းဖို (Kiln) ကို မီးစတင်ပျိုးသည်။

ထို့နောက် မီးစတင်ပျိုးထားသည့် မီးသင်းဖို(Kiln)နှင့် စက်ရုံအတွင်း ကုန်ထုတ်လုပ်ရန် စက်များတပ်ဆင်တည်ဆောက်ပြီးစီးမှု အခြေအနေကို စက်ရုံအတွင်းနှင့် ရှုရပ်ရှင်းလင်းဆောင်တို့မှ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါတိုးချဲ့စီမံကိန်းကို Myanmar Conch Cement Co.,Ltd နှင့် ၁၃-၁၁-၂၀၁၄ ရက်တွင် စာချုပ်ချုပ်ဆို၍ ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် စီမံကိန်းလုပ်ငန်းများ စတင်အကောင်အထည်ဖော်ခဲ့သည်။ စီမံကိန်းပြီးစီးပါက အရည်အသွေးကောင်းမွန်သည့် ဘိလပ်မြေ တစ်ရက်တန် ၅၀၀၀ နှင့် စွန့်ပစ်အပူမှ လျှပ်စစ်ဓာတ်အား 48MW ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ထို့အပြင် ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများတွင် လိုအပ်သော အရည်အသွေးကောင်းမွန်သည့် ဘိလပ်မြေများ ထုတ်လုပ်နိုင်မည်ဖြစ်၍ ပြည်ပသွင်းကုန်အစားထိုးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးမြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲပြိုင်ပွဲ ကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၁၄)ကြိမ်မြောက် မန္တလေးမြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) မှ စတင်၍ မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြပွဲပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ၂၃ မျိုးပါဝင်ကြောင်း၊ ပန်းအလှပြိုင်ပွဲတွင် ပန်းအလှပြပြင်ခြင်း ပြိုင်ပွဲ၊ ပန်းအလှပြိုင်ပွဲ၊ အရွက်အလှပင်ပြိုင်ပွဲများ၊ သစ်ခွပြိုင်ပွဲတွင် ပြည်တွင်းသစ်ခွနှင့် ပြည်ပသစ်ခွပြိုင်ပွဲဟူ၍ ခွဲခြားထားကြောင်း၊ ပြည်ပသစ်ခွပြိုင်ပွဲတွင် ကတ်တလီးယားသစ်ခွ၊ စင်ဘီးဒီးယားသစ်ခွ၊ ဗန်ဒါသစ်ခွတို့ဖြစ်ကြောင်း၊ အပင်ပြိုင်ပွဲတွင် နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ၊ ရှားစောင်းပင်ပြိုင်ပွဲ၊ သက်ကြီးပုပင် (ဘွန်ဆိုင်း) ပြိုင်ပွဲများ၊ အသီးပါသည့်အလှပင်ပြိုင်ပွဲတွင် အိုးဖြင့် စိုက်ပျိုး၍ ပြိုင်ရမည်ဖြစ်ပြီး ဟင်းသီးဟင်းရွက်ပြိုင်ပွဲတွင်အရွက်ပြိုင်ပွဲ၊ အထုပ်ပြိုင်ပွဲ၊ ဟင်းသီးဟင်းရွက် အသီးပါအပင်ပြိုင်ပွဲ၊ ဥပါပြိုင်ပွဲဟူ၍ ယှဉ်ခဲ့ထားကြောင်း၊ အရွက်ပြိုင်ပွဲတွင်(ဥပမာ) မုန်ညင်း၊ ကိုက်လန်တို့ဖြစ်ကြောင်း၊ အထုပ်ပြိုင်ပွဲတွင် (ဥပမာ) ဂေါ်ဖီထုပ်၊ ပန်းမုန်လာတို့ဖြစ်ကြကာ အသီးပါအပင်ပြိုင်ပွဲ၌ (ဥပမာ) ငရုတ်၊ ခရမ်းတို့ဖြစ်ပြီး ဥပြိုင်ပွဲတွင် (ဥပမာ) မုန်လာဥဖြစ်ကြောင်း၊ သစ်သီးပြိုင်ပွဲတွင် (ဥပမာ) သဘော်သီး၊ ဖရဲသီးတို့ဖြစ်ပြီး ဟင်းသီး၊ အသီးအလုံးပြိုင်ပွဲတွင် (ဥပမာ)ဘူးသီး၊ ဖရုံသီးစသည်တို့ဖြစ်ကာ သစ်သီးဝလံအခိုင်လိုက်ပြိုင်ပွဲတွင်ငှက်ပျောခိုင်၊ အုန်းသီးခိုင်၊ ကွမ်းသီးခိုင်တို့ဖြစ်ကြောင်း၊ သစ်သီးဝလံဥပြိုင်ပွဲတွင် (ဥပမာ) စိမ်းစားဥ၊ ကန်းစွန်းဥ၊ 'ဝ'ဥစသည်တို့ဖြစ်ပြီး ဟင်းသီးအသီးအနှံအတွဲလိုက်ပြိုင်ပွဲတွင် (ဥပမာ) ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ကြက်ဟင်းခါးသီးတို့ဖြစ်သည်။

ထို့ပြင် သစ်သီးပုံဖော်အလှဆင်ပြိုင်ပွဲများနှင့် ရာသီပန်းပင်ပြိုင်ပွဲများကိုလည်း ထည့်သွင်းထားပြီး ကဏ္ဍအလိုက်ပြိုင်ပွဲများတွင် ပထမဆု ငွေကျပ် ၁၅၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၁၀၀၀၀၀၊ တတိယဆု ငွေကျပ် ၇၀၀၀၀၊ နှစ်သိမ့်ဆုသုံးဆုကို ငွေကျပ် ၃၀၀၀၀ စီ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(၁၄)ကြိမ်မြောက် မြို့တော်ဝန်ဖလား၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြိုင်ပွဲတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအပါအဝင် ဌာနဆိုင်ရာအသီးသီး၏ တိုင်းကျိုးပြည်ပြုလုပ်ငန်းဆောင်ရွက်ချက်များကို ပြည်သူလူထုသိရှိခံစားနိုင်စေရန်အတွက် ဌာနဆိုင်ရာပြခန်းများ၊ စိုက်ပျိုးရေးသုံးပစ္စည်း အရောင်းဆိုင်များကိုလည်း ပါဝင်ပြသသွားမည်ဖြစ်သည်။

ပြပွဲသို့ လာရောက်ကြည့်ရှုအပန်းဖြေသူ မိဘပြည်သူအပေါင်း စိတ်ချမ်းမြေ့စေရန်အတွက် အစစအရာရာ ဆောင်ရွက်ပေးထားသည့်အပြင် အဆင်ပြေစွာစားသုံးနိုင်ရန် စားသောက်ဆိုင်များ ထည့်သွင်းပေးထားကြောင်း၊ ဖွင့်ပွဲပြည်ထောင်စုနေ့မှစ၍ ဖေဖော်ဝါရီ ၁၈ ရက်အထိ ညစဉ်တိုင်း နာမည်ကြီး တေးဂီတအဖွဲ့များ၊ အဆိုကျော်များဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

အဆိုပါ ပြပွဲပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသူများ၊ စိတ်ပါဝင်စားသူများအနေဖြင့် ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၄ နာရီအမီ ပြိုင်ပွဲကျင်းပမည့် ကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ်ကွပ်ကဲရေးရုံးသို့ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များကို ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**




# မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တန်ဖိုးနည်း ကျန်စစ်မင်းအိမ်ရာကို လှိုင်သာယာတွင် ဖေဖော်ဝါရီလမှစတင်၍ အကောင်အထည်ဖော်မည်ဟုသိရ

**ရန်ကုန် ဖေဖော်ဝါရီ ၆**

လှိုင်သာယာမြို့နယ် အမှတ်(၈) ရပ်ကွက် ကျန်စစ်သားလမ်းမကြီးဘေး ဌာနဆိုင်ရာ ရုံးလမ်းအနောက်ဘက်တွင်ရှိသော အမှတ်(၃၇၅) အင်းဂလိုင်ကွင်း၏ လယ်မြေ ၂၉၃ ဧက၌ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး ဥပဒေပုဒ်မ(၃၉)အရ အခြားနည်းသုံးစွဲခွင့်ရရှိပြီးဖြစ်၍ မြို့ပြစီမံကိန်းဆောင်ရွက်ရန်ခွင့်ပြုထားပြီးဖြစ်ရာ ဝင်ငွေနည်းပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အိမ်ရာလိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် အခန်းပေါင်း ၃၁၇၄ ခန်းပါရှိသော ငါးထပ်နှင့် သုံးထပ်အဆောက်အအုံများကို ဖေဖော်ဝါရီလမှစတင်ကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းအောင်အေးထံမှ သိရသည်။

**(အပေါ်ယာပုံ)**




အဆိုပါလယ်မြေ ၂၉၃ ဧက၌ ခြောက်ခန်းတွဲသုံးထပ်(SH)(စတုရန်းပေ ၁၀၀၀) ၅၃ ခန်းပါရှိသော တိုက်သုံးလုံး၊ လေးခန်းတွဲ ခြောက်ထပ် RC (Type-A) (စတုရန်းပေ ၆၅၀) အခန်း ၅၄၀ ပါရှိသော တိုက် ၂၇ လုံး၊ ရှစ်ခန်းတွဲငါးထပ် RC (၄၈၄/၅၂၂ စတုရန်းပေ) အခန်း ၈၄၀ ပါရှိသည့် တိုက် ၂၁ လုံး၊ ခြောက်ခန်းတွဲ ငါးထပ် RC (၄၆၈ စတုရန်းပေ) အခန်း ၄၈၀ ပါရှိသော တိုက် ၁၆ လုံးနှင့် ၁၂ ခန်းတွဲ ငါးထပ် RC (၃၂၄ စတုရန်းပေ)အခန်း ၁၂၆၀ ပါရှိသော တိုက် ၂၁ လုံးကို မူလတန်းလွန်ကျောင်း၊ မူလတန်းကျောင်း၊ နေ့ကလေးထိန်းကျောင်း၊ ရပ်ကွက်ဈေးနှင့်အတူ Parking Utility တို့ပါရှိကာ ဓာတ်အားခွဲရုံကို တည်ဆောက်ပြီးဖြစ်ကြောင်း သိရသည်။

ကျန်စစ်မင်းအိမ်ရာစီမံကိန်းကို ဖေဖော်ဝါရီ ၄ ရက်က စတင်အကောင်အထည်ဖော်ခဲ့ပြီး အများသိစေရန် ဖေဖော်ဝါရီ ၆ ရက်တွင် ကြော်ငြာသင်ပုန်း၌ကပ်၍ အသိပေးခဲ့သည်။ အဆိုပါစီမံကိန်းကို အောင်မြင်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် စီမံကိန်းဧရိယာအတွင်း ပါဝင်သော ယခင်လယ်သမားများအတွက်လည်း လယ်ယာမြေကရုဏာကြေးကို စိစစ်ပေးအပ်ခဲ့ပြီးဖြစ်ရာ ကျန်ရှိပါက မတ် ၃၁ ရက် နောက်ဆုံးထား၍ ခိုင်လုံသော အထောက်အထားများ တင်ပြပြီး လယ်ယာမြေကရုဏာကြေးကို မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၌ ထုတ်ယူနိုင်ကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ပြောသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ FMI အိမ်ရာနှင့် ရွှေသံလွင်အိမ်ရာစီမံကိန်းတို့တွင် လယ်ယာမြေကရုဏာကြေးကို ငွေကျပ် သိန်း ၁၀၀၊ ၂၀၀ ပေးအပ်ခဲ့ပြီး ယခု အင်းဂလိုင်ကွင်း အမှတ်(၃၇၅)တွင် ကျန်ရှိပါက ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ (၃၉)အရ မြို့ပြစီမံကိန်းဖော်ဆောင်ခွင့်ပြုထားတဲ့နေရာပါ။ မြို့မြေဖြစ်တဲ့အတွက် ရုံးတွေတည်ဆောက်ထားတဲ့ နေရာပါ။ မြို့မြေလည်းဖြစ်တယ်။ လန ၃၉ လည်း ကျထားတယ်။ အများပြည်သူအကျိုးအတွက် လုပ်ပေးတာပါ။ ဒီမှာနေစရာခက်ခဲနေကြတယ်။ စက်မှုဇုန်လည်းရှိတယ်။ ဧရာဝတီတိုင်းဒေသကြီးရဲ့ အဝင်လည်းဖြစ်တော့ အလုပ်အကိုင်အခွင့်အလမ်းပိုများတဲ့အတွက် လူတွေစုပြုံဝင်လာတော့ အိမ်ရာရဲ့ လိုအပ်ချက်ရှိလာပြီ။ အိမ်ငှားနေပေမယ့် အဆင်မပြေကြဘူး။ ဒါကြောင့် ကျွန်တော်တို့ဌာနအနေနဲ့ ဒီစီမံကိန်းကို (၂၀၁၁-၂၀၁၂) ဘဏ္ဍာရေးနှစ်ကတည်းက လုပ်ဆောင်ခိုင်းထားပေမယ့် မဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ကြိုးစားပြီး ဆောင်ရွက်နေပါတယ်။ ပေးစရာရှိရင်လည်း ဌာနဆိုင်ရာနဲ့ ပူးပေါင်းပြီး စိစစ်ပေးသွားမှာပါ။ နေစရာမရှိတဲ့ လယ်သမားကို ဦးစားပေးပြီး တိုက်ခန်းရောင်းပေးသွားမှာပါ"ဟု မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ဆက်လက်ပြောပြသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၂ ခုနှစ် ဇူလိုင် ၃၁ ရက်စွဲပါ စာအမှတ်/၂၅၇/အဖရ(၂၈/၂၀၁၂)ဖြင့် ခွင့်ပြုမိန့်ရရှိထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါအောင်မြင်သည့် ဆောက်လုပ်ရေးကုမ္ပဏီခုနစ်ခုဖြင့် ကျန်စစ်မင်းအိမ်ရာကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။ **(၁၆၄)**



တန်ဖိုးနည်း ကျန်စစ်မင်းအိမ်ရာ ဆောက်လုပ်မည့်မြေနေရာကို တွေ့ရစဉ်။

# နမ့်ဆန်မြို့နှင့် လပွတ္တာမြို့မှမီးဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးပို့လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၆

**ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ဆန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့တို့တွင် မီးဘေးသင့်ပြည်သူများအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများက ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးပို့ လှူဒါန်းလျက်ရှိကြသည်။**

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၃၃ သိန်း၊ ယမ်းယမ်းကြာဆံထုပ် ၃၀ ပါ အထုပ် ၃၀၊ ယမ်ယမ်ခေါက်ဆွဲထုပ် ၃၀ ပါ အထုပ် ၇၀ နှင့် နမ့်ဆန် မီးဘေးသင့် ပြည်သူများအတွက် ငွေကျပ် ၄ ဒသမ ၄၅ သိန်း၊ ရေသန့် တစ်လီတာ ဘူး ၄၉၅၀၊ ခေါက်ဆွဲခြောက်ထုပ် ၇၃၈၀၊ အမျိုးသမီးဝတ်အင်္ကျီအထည် ၂၀၊ ပုဆိုး ၁၈ ထည်၊ လုံချည် ၆၁ ထည်၊ ယမ်ယမ်ကြာဆံထုပ် ၃၀ ပါ အထုပ် ၅၀၊ ယမ်ယမ်ခေါက်ဆွဲ ၃၀ ပါ ၄၆ထုပ်တို့ကို ပေးပို့လှူဒါန်းခဲ့ပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီးရုံးမှ အလှူငွေကျပ်ငါးသိန်း၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၁၀၀နှင့် လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၁၀၀၊ အားကစားဝန်ကြီးဌာနမှ အနွေးဝတ်စုံ ၂၁၇ ထည်၊ တီရှပ် ၆၆၆ ထည်၊



လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးစဉ်။ (ဓာတ်ပုံ - ပြန်/ဆက်)



လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်စဉ်။ (ဓာတ်ပုံ - ပြန်/ဆက်)

အားကစားအင်္ကျီ ၁၀၈၉ ထည်တို့ကို အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်လှူဒါန်းကြသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံးမှ ခေါက်ဆွဲခြောက်ဖာအကြီး ၈၃ ထုပ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆိုလာမီးအိမ်အလုံး ၅၀ ပါ ရှစ်ပုံး၊ ဒန်အိုးအစုံ ၁၀၀ စုံပါ ခုနစ်အိတ်၊ ဒန်အိုးခြောက်လုံးပါ အိတ်သေးတစ်အိတ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆိုလာပုံး ၁၄ ပုံး၊ အားကစားဝန်ကြီးဌာနမှ အနွေးဝတ်စုံ ၂၁၇ ထည်၊ တီရှပ် ၆၆၆ ထည်၊ အားကစားအင်္ကျီ ၁၀၈၉ ထည်တို့ကို နေပြည်တော်လေဆိပ်မှ လေကြောင်း ခရီးဖြင့် ဘေးသင့်မြို့နယ်များသို့ ပေးပို့လှူဒါန်းခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ဦးရင်စိန်-ဒေါ်တင်ဝင်း မိသားစုက ငွေကျပ်လေးသောင်း၊ CSC Group မိသားစုက ငွေကျပ်ခြောက်သိန်း၊ မြန်မာ့မော်တော်ယာဉ် ပရဟိတအသင်းမှ ငွေကျပ် သိန်း ၇၀ တို့ကို လာရောက်လှူဒါန်းကြရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီသို့ မီးဘေးသင့်ပြည်သူများအတွက် လှူဒါန်းငွေမှာ ယနေ့တွင် ငွေကျပ် ၂၈၁၄၀၀၀၀ ဖြစ်၍ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ငွေကျပ် ၂၉၁၆၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်

**နမ့်ဆန် ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ် မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့တွင် ဖေဖော်ဝါရီ ၄ ရက်က မီးလောင်ကျွမ်းခဲ့မှုကြောင့် ငွေကျပ်သိန်း ၂၆၅၅ သိန်းဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၂၈၅ စု မီးဘေးသင့်ခဲ့ရသည်။

အဆိုပါ မီးဘေးသင့်ပြည်သူများအတွက် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ လာရောက်လှူဒါန်းလျက်ရှိရာ ဖေဖော်ဝါရီ ၆ ရက်တွင် ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့က ဘီစကွတ်မုန့်များနှင့် စားသောက်စရာများ ဝေပေးခဲ့သည်။ ယင်းအပြင် ဝေဠုကျော်ဖောင်ဒေးရှင်း၊ ကျောက်မဲ၊ သီပေါ၊ ကွတ်ခိုင်၊ လားရှိုး၊ မန္တလေးမြို့များမှ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများမှ လှူဒါန်းသော အဝတ်အထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ရေသန့်နှင့် အမျိုးသမီးအသုံးအဆောင်ပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိပြီး အဆိုပါလှူဒါန်းပစ္စည်းများကို ကယ်ဆယ်ရေးစခန်းအဖြစ် ဖွင့်လှစ်ထားသည့် မြို့မဂိုဏ်းချုပ်ဘုန်းကြီးကျောင်းတွင် တာဝန်ရှိသူများက မီးဘေးသင့်အိမ်ထောင်စုများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။ ယင်းအပြင် ဧရာဝတီဘဏ်က မီးဘေးသင့်အိမ်ထောင်စု ၂၈၅ စုကို တစ်အိမ်ထောင်လျှင် ကျပ်နှစ်သိန်းနှုန်းဖြင့် ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

**သိန်းသန်း(ကျောက်မဲ)**

# မန္တလေးမြို့ ရေဝတီဆိပ်ကမ်းတွင် ယာယီတဲများဖြင့်နေထိုင်ကြသည့် ရွှေ့ပြောင်းလုပ်သားများအတွက် တည်ဆောက်ထားသည့် အငှားအိမ်ရာတိုက်ခန်းများ လျှောက်ထားသူ ၁၈၈၉ ဦးရှိ

**မန္တလေး ဖေဖော်ဝါရီ ၆**

မန္တလေး(ရေဝတီ)ဆိပ်ကမ်းတွင် ယာယီတဲများဖြင့်နေထိုင်ကာ ကာယအင်အားဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသည့် ရွှေ့ပြောင်းလုပ်သားမိသားစုများအနေဖြင့် ၎င်းတို့လုပ်ငန်းလုပ်ကိုင်ရာနေရာများ၌ လုံခြုံမှုအဆင့်မြင့်စွာ နေထိုင်စေရန်နှင့် ပြည်တွင်းရှိကာယလုပ်သားများ ပြည်ပသို့ ရောက်ရှိမသွားရန် ရည်ရွယ်ချက်များဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက အငှားအိမ်ရာများတည်ဆောက်ပေးခဲ့ရာ နေထိုင်ရန်လျှောက်ထားသည့် အိမ်ထောင်စုပေါင်း ၁၈၈၉ ဦးရှိကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ ညွှန်ကြားမှုဖြင့် အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းတစ်လျှောက်တွင် အငှားအိမ်ရာ ၁၂ ခန်းတွဲ ခြောက်ထပ်အဆောက်အအုံပေါင်း ၂၂ လုံးကို ၂၀၁၄ ခုနှစ် မတ်လက စတင်တည်ဆောက်ခဲ့ပြီး ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

"ဒီလိုတန်ဖိုးနည်း အငှားအိမ်ရာတွေကို မြန်မာနိုင်ငံမှာ စတင်အကောင်အထည်ဖော်တာက ပထမဆုံးဖြစ်ပါတယ်။ ငှားရမ်းခအချိုသာဆုံးဖြစ်တဲ့အပြင် ထိုက်သင့်တဲ့အဆင့်အတန်းတစ်ခုနဲ့ ရွှေ့ပြောင်းလုပ်သားတွေ နေထိုင်နိုင်အောင် တည်ဆောက်ခဲ့တာပါ။ တိုင်းဒေသကြီးအစိုးရက အခြားဖွံ့ဖြိုးရေးလုပ်ငန်းတွေကို လုပ်ဆောင်နေတဲ့ကြားထဲက ရွှေ့ပြောင်းလုပ်သားတွေ မိသားစုဘဝနေထိုင်ရေးကိုလည်း စဉ်းစားပေးပြီး အကောင်းဆုံးလုပ်ပေးတာပါ"ဟု မြို့တော်စည်ပင်သာယာရေးကော်မတီတွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းက ပြောသည်။

မြို့တော်စည်ပင်အနေဖြင့် ၎င်းတို့အား အခမဲ့နေထိုင်ခွင့်ပေးလိုသော်လည်း ယင်းအဆောက်အအုံများ ဆောက်လုပ်သည့် ကုန်ကျငွေမှာ မန္တလေးပြည်သူများ ထမ်းဆောင်ထားသည့် အခွန်အခငွေများ၏ တစ်စိတ်တစ်ပိုင်းကို ထည့်သွင်းအသုံးပြုထားသည့်အပြင် နောက်ပိုင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများတွင်လည်း ဆက်လက်သုံးစွဲရမည်ဖြစ်၍ ငှားရမ်းခယူရခြင်းဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

အဆိုပါအငှားအိမ်ရာနေထိုင်ခွင့် လျှောက်လွှာများကို ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ စိစစ်လက်ခံပေးခဲ့ပြီး အငှားချထားပေးမည့် လုပ်ငန်းများဆောင်ရွက်ရန် စာရင်းကောက်ယူခြင်းနှင့် လျှောက်လွှာများစိစစ်ခြင်းတို့အတွက် ဆပ်ကော်မတီဖွဲ့စည်း၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပူးပေါင်းကာ အသေးစိတ်စာရင်းကောက်ယူခဲ့ခြင်းဖြစ်သည်။



ရွှေ့ပြောင်းလုပ်သားများနေထိုင်သည့် ယာယီတဲများကို တွေ့ရစဉ်။

စာရင်းများအရ ယာယီတဲများဖြင့်နေထိုင်သူ အိမ်ထောင်စုပေါင်း ၂၆၅၈ ရှိသည့်အနက် လျှောက်ထားသူ ၁၈၈၉ ရှိပြီး အခန်းပေါင်း ၁၅၈၄ ကို မဲစနစ်ဖြင့် ချထားပေးသွားမည်ဖြစ်ကြောင်း၊ အခန်းတစ်ခန်းလျှင် (၁၀ × ၂၀) ပေ ကျယ်၍ အခန်းများအလိုက် ရေချိုးခန်း၊ သန့်စင်ခန်း၊ အိပ်ခန်းများပါဝင်ပြီး လျှပ်စစ်မီးနှင့် ရေရရှိရေးကို ဆောင်ရွက်ထားကြောင်း၊ ငှားရမ်းခများမှာ ငွေကျပ် ၃၀၀၀၀ ဖြစ်ပြီး ပထမထပ်မှ ဆဋ္ဌမထပ်အထိ မည်သည့်အခန်းမဆို တစ်လလျှင် ငွေကျပ်သုံးသောင်းဖြင့် တစ်ပြေးညီသတ်မှတ်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# လပွတ္တာမီးဘေးသင့်ပြည်သူများအား အမြန်ဆုံးပြန်လည်နေရာချထားပေးနိုင်ရန် စီစဉ်လျက်ရှိ

တွေ့ဆုံမေးမြန်း
သူဇာနွယ်(ဖျာပုံ)

**"မီး"ဆိုသည်မှာ လူတို့အတွက် အကျိုးပြုသလို မဆင်မခြင်ပေါ့ဆမိပါက ဆုံးရှုံးသွားမည့်တန်ဖိုးမှာ ပြောမပြနိုင်အောင်ပင်ဖြစ်သည်။ ထို့အတူ မီးဘေးသင့်ပြည်သူများ၏ လူနေမှုဘဝပြန်လည်တည်ဆောက်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှသာ မီးဘေးသင့်ပြည်သူများ၏ဘဝ ပြန်လည်ထူထောင်နိုင်မည်ဖြစ်သည်။ ထို့အတွက် သက်ဆိုင်ရာက စီစဉ်ဆောင်ရွက်နေမှုများနှင့် မီးဘေးသင့်ပြည်သူအချို့၏ ခံစားချက်ကို တွေ့ဆုံမေးမြန်းခဲ့ရာ -**

**ဦးတိုးတိုးထွန်း**
**(မြို့နယ်အုပ်ချုပ်ရေးမှူး၊ လပွတ္တာမြို့နယ်) မြို့နယ်သဘာဝဘေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ**



**မေး ။ လက်ရှိ မီးဘေးသင့်ပြည်သူတွေနဲ့ပတ်သက်ပြီး စီစဉ်ဆောင်ရွက်ပေးထားမှုကို သိပါရစေ။**

ဖြေ ။ မီးဘေးနဲ့ ပတ်သက်လို့ လပွတ္တာမြို့နယ်ရဲ့ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၄) ရပ်ကွက်၊ အမှတ်(၅)ရပ်ကွက်မှာရှိတဲ့ ကနဦးစာရင်းအရ နေအိမ် ၁၇၉ လုံး၊ ဈေးဆိုင်ခန်း ၂၀ မီးလောင်ဆုံးရှုံးခဲ့ပါတယ်။ လက်ရှိမှာ မီးလောင်မှုကြောင့် လူဦးရေ ၈၆၈ဦးကို အမှတ် (၅)ရပ်ကွက်ရှိ လေးထပ်ပရိယတ္တိစာသင်တိုက်မှ ဆရာတော်ထံလျှောက်ထားပြီး ယာယီကယ်ဆယ်ရေးစခန်းမှာစောင့်ရှောက်ပေးထားပါတယ်။ ကျန်းမာရေးဦးစီးဌာနကလည်း ကျန်းမာရေးဆေးခန်း ဖွင့်လှစ်ပေးပြီး ဆေးကုသပေးနေပါတယ်။ အလားတူ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ဌာနဆိုင်ရာတွေနဲ့ လူမှုရေးအသင်းအဖွဲ့တွေကလည်း အနီးကပ်စောင့်ရှောက်ပေးလျက်ရှိပါတယ်။

**မေး ။ လက်ရှိ ဆောင်ရွက်နေတဲ့ အခြေအနေကို ပြောပြပေးပါဦး။**

ဖြေ ။ လက်ရှိအခက်အခဲကလူဦးရေကိန်းဂဏန်းငြိမ်အောင် စိစစ်နေရတဲ့အပိုင်းပါ။ ဖြစ်ဖြစ်ချင်း ဖေဖော်ဝါရီ ၅ ရက် နံနက်မှာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက တာဝန်ရှိသူတွေကိုယ်တိုင် မီးလောင်ပြင်မှာ မီးဘေးသင့်ပြည်သူတွေကို စောင့်ရှောက်ဖို့ ယာယီစခန်းဖွင့်လှစ်ပေးထားပြီး လာရောက်တည်းခိုကြဖို့ hand speaker နဲ့ လှည့်လည်နှိုးဆော်ထားပါတယ်။

အခုအချိန်အထိ တချို့က ကယ်ဆယ်ရေးစခန်းကို လာတဲ့သူတွေရှိသလို မလာတဲ့ သူတွေလည်း ရှိနေပါတယ်။ အဲဒီလိုမလာတဲ့သူတွေအတွက် စာရင်းဇယားကိန်းဂဏန်း မငြိမ်သေးတဲ့ အပိုင်းလေးတွေရှိပါတယ်။ ဒီစာရင်းဇယားတိတိကျကျဖြစ်အောင် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးတွေကတစ်ဆင့် စိစစ်နေပါတယ်။ တချို့ထောက်ပံ့ရမယ့် အပိုင်းတွေမှာ ငွေရေးကြေးရေးတွေ ပါလာတဲ့အတွက် အမှန်တကယ် နစ်နာသူတွေရရှိအောင် အမြန်ဆုံးဆောင်ရွက်နေပါတယ်။ ဒါကိုလည်း နိုင်ငံတော်ကပဲ တာဝန်ယူထောက်ပံ့ပေးမှာပါ။ နစ်နာကြတာတော့ အမှန်ပါပဲ။ စနစ်တကျထောက်ပံ့ပေးဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။

**မေး ။ ကယ်ဆယ်ရေး စခန်းသို့ လာရောက်လှူဒါန်းနေမှု အပိုင်းကိုလည်း သိပါရစေ။**

ဖြေ ။ ကျွန်တော်တို့ ဒီကယ်ဆယ်ရေးစခန်းကို ဒုတိယသမ္မတ ဦးညာဏ်ထွန်း ကိုယ်တိုင်ဦးဆောင်သော ဝန်ကြီးများအဖွဲ့၊ တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ မီးဘေးသင့်ပြည်သူတွေကို လာရောက် အားပေးစကားပြောပြီး ကူညီထောက်ပံ့မှုတွေပြုခဲ့ပါတယ်။ ဒီလိုဒုတိယသမ္မတနဲ့ ဝန်ကြီးများ၊ ဝန်ကြီးချုပ်နဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ လာရောက်ကူညီ ထောက်ပံ့ပေးတဲ့အတွက် မီးဘေးသင့်ပြည်သူတွေနဲ့ မြို့သူ မြို့သားတွေရဲ့ကိုယ်စား အထူးကျေးဇူးတင်ဝမ်းသာပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ ကမ္ဘောဇဘဏ်၊ ရောဝတီဖောင်ဒေးရှင်း၊ တပ်မတော်စားနပ်ရိက္ခာထောက်ပံ့ရေးအဖွဲ့တွေနဲ့ လှူဒါန်းပေးခဲ့ကြတဲ့ အလှူရှင်တွေကိုလည်း အားလုံးရဲ့ကိုယ်စား ကျေးဇူးတင်ပါတယ်။

**မေး ။ မီးလောင်ပြင် ရှင်းလင်းမှုနှင့် ပြန်လည် ထူထောင်ရေး ဆောင်ရွက်မည့် အစီအစဉ်ကို ပြောပြပေးပါဦး။**

ဖြေ ။ လောလောဆယ် မီးလောင်ပြင်ရှင်းလင်းနေပါပြီ။ အရင်ဆုံး သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးတွေကတစ်ဆင့် အိမ်ပိုင်ရှင်တွေကို မိမိတို့နေရာ မိမိတို့စိတ်တိုင်းကျ ရှာဖွေရှင်းလင်းခွင့်ပြုထားပါတယ်။ သက်ဆိုင်ရာ အိမ်ပိုင်ရှင်တွေခွင့်ပြုပါက တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် မီးသတ်၊ ကြက်ခြေနီ၊ မြန်မာနိုင်ငံရဲ တပ်ဖွဲ့နဲ့ တပ်မတော်သားများပါဝင်တဲ့ ရှင်းလင်းရေးအဖွဲ့တွေက ကူညီရှင်းလင်းပေးနေပါတယ်။

ပြီးသွားရင် မီးလောင်ပြင်ကို အပြောင်ရှင်းလင်းပြီးမှ စည်ပင်သာယာရေးအဖွဲ့နဲ့ မြေစာရင်းဌာနတို့က အမည်ပေါက်ပိုင်ရှင်တွေကို အမြန်ဆုံး ပြန်လည်နေရာချပေးဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။

လပွတ္တာမြို့၏ အဓိကစီးပွားရေးလုပ်ငန်းများမှာ ဆန်စပါး၊ ဆားနှင့် ရေလုပ်ငန်းတို့ဖြစ်ပြီး နာဂစ်မုန်တိုင်းပြီးနောက်ပိုင်း ဆားထုတ်လုပ်သည့်လုပ်ငန်း အဆင်မပြေသဖြင့် ရေလုပ်ငန်းကို ပိုမိုလုပ်ကိုင်လာကြသည်။ အထူးသဖြင့် ရေထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ကဏန်း၊ ပုစွန်လုပ်ငန်းဖြစ်ထွန်းပြီး ယခုမီးဘေးသင့်သည့်အတွက် အဆိုပါ လုပ်ငန်းများကို လုပ်ကိုင်နေသည့် လုပ်ငန်းရှင်များသာမက ယင်းလုပ်ငန်းကို အမှီပြုလုပ်ကိုင်နေသည့် လုပ်သားများပါ ထိခိုက်သွားရသည်။

လပွတ္တာမြို့ အနီးအနားရွေးမြစ်တစ်လျှောက်နေထိုင်သည့် ကျေးရွာများမှ ဒေသခံပြည်သူများ အနေဖြင့် မိမိတို့ရှာဖွေထားသည့် ပုစွန်၊ ကဏန်းများ ရောင်းချရန် အခက်အခဲဖြစ်နေသည်။

**ကိုထွန်းထွန်းသူ**
**(ကွန်ပျူတာပညာရှင်)**
**ဒေသခံတစ်ဦး**



ကျွန်တော်တို့မြို့မှာ အခုလို အမှတ်မထင် မီးလောင်မှုဖြစ်သွားတဲ့အတွက် စိတ်မကောင်းဖြစ်ရပါတယ်။ မိသားစုတွေနဲ့ ထပ်တူဝမ်းနည်းရပါတယ်။ အဲဒီမီးလောင်သွားတဲ့နေရာက ကျွန်တော်တို့မြို့ရဲ့ အဓိက စီးပွားရေးအချက်အချာကျနေတဲ့ နေရာတစ်ခုဖြစ်ပါတယ်။ အဓိက ပုစွန်နဲ့ ကဏန်းဒိုင်တွေရှိတယ်။ အဲဒီက စီးပွားရေးလုပ်ငန်းရှင်တွေက ကျွန်တော်တို့မြို့ရဲ့ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးတွေအပြင် သာသနာရေးကိစ္စရပ်တွေစတဲ့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ထောက်ပံ့ကူညီနေကြတဲ့သူတွေဖြစ်နေတယ်။ အဲဒီတော့ ကျွန်တော်တို့မြို့အတွက် နစ်နာပါတယ်။

အခုအချိန်မှာ ကျွန်တော်တို့ သူငယ်ချင်းတွေစုပြီး မီးဘေးသင့်အိမ်ထောင်စုတွေထဲက ကျောင်းသားကျောင်းသူတွေအတွက် လိုအပ်တဲ့ စာရေးကိရိယာ၊ အဝတ်အထည်၊ စာအုပ်တွေ လှူဒါန်းပေးဖို့စီစဉ်နေပါတယ်။ စာမေးပွဲတွေကလည်း နီးလာပြီဆိုတော့ ကလေးတွေအတွက် စိတ်ပူပါတယ်။

**ဦးမြင့်ကြိုင်(မဟာစံ-ကဏန်းဒိုင်)**
**မီးဘေးသင့်ပြည်သူတစ်ဦး**

မီးလောင်တဲ့အချိန်မှာ ကျွန်တော်ဒိုင်မှာမရှိပါဘူး။ မီးလောင်နေတယ်ကြားလို့ လာကြည့်တဲ့အခါ ကျွန်တော့်ဒိုင် လောင်ပြီးသွားပါပြီ။ ကျွန်တော့်သားသမီးတွေကလည်း ဘာမျှ မသယ်နိုင်ဘဲ ကိုယ်လွတ်ရုန်းပြေးကြရတယ်။ စိတ်မကောင်းပေမယ့် ဖြစ်ပြီးမှတော့မတတ်နိုင်တော့ပါဘူး။ အခုက ကျွန်တော့်နေရာကို လာရှင်းနေတာပါ။ ဖြစ်စေချင်တာက ကျွန်တော်တို့ရဲ့ နေရာတွေမှာ အမြန်ဆုံးနေရာပြန်ချထားပေးစေချင်ပါတယ်။



## နမ့်ဆန်ပြည်သူများအတွက် တာချီလိတ်မြို့တွင် အလှူရှင်များ လှူဒါန်းလျက်ရှိ

**တာချီလိတ် ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့မီးဘေးသင့်ပြည်သူများအား တာချီလိတ်မြို့ ငွေတောင်ဦး ကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝိရောစန ကြီးမှူးဦးဆောင်၍ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အနန္တဂုဏ်ရည် ပရဟိတအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဖြိုးရှိန်နှင့် အဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များ၊ ထိုင်းနိုင်ငံမှ အလှူရှင်များ လှူဒါန်းထားသည့် ထောက်ပံ့ငွေ၊ စားသောက်ဖွယ်ရာများနှင့် အဝတ်အထည် အသုံးအဆောင်ပစ္စည်းများကို သွားရောက်လှူဒါန်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ပုံ)**

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ဖေဖော်ဝါရီ ၅ ရက်မှစတင်၍ နမ့်ဆန်မြို့ရှိ မီးဘေးသင့်ပြည်သူ ၂၀၀၅ ဦးနှင့် အိမ်ထောင်စု ၃၀၀ အတွက် အဝတ်အထည်များ၊ စောင်၊ စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများ၊ ဆေးမျိုးစုံ ၁၅ ဖာအပါအဝင် ငွေတောင်ဦးကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော်နှင့် အလှူရှင်များက လည်းကောင်း၊ ဦးအုန်းပွင့်နှင့်ဇနီး ဒေါ်တင်မေထွန်း မိသားစုက အလှူငွေကျပ် နှစ်သိန်း၊ ဦးထွန်းနေဦးနှင့် ဇနီး ဒေါ်ခင်ချိုချိုမိသားစုက အလှူငွေကျပ် ငါးသိန်း၊ ဦးမြင့်ဦးနှင့်ဇနီး ဒေါ်နန်းသောင်း မိသားစုက အလှူငွေထိုင်းဘတ် ၄၀၀၀၊ ဦးအောင်ဖြိုးရှိန် မိသားစုက အလှူငွေကျပ်နှစ်သိန်း၊ ဦးတိုးလှိုင်(လက်ထောက်ညွှန်ကြားရေးမှူး)မိသားစု ပြည်တွင်းအခွန်များဦးစီးဌာနက အလှူငွေကျပ် တစ်သိန်း၊ ဦးဇေယျာအောင်နှင့်အဖွဲ့က အလှူငွေကျပ် တစ်သိန်း၊ ဦးအားတိတ်နှင့်ဇနီး ဒေါ်နန်းတစ် မိသားစု(ပွိုင့်ကားပစ္စည်းဆိုင်)က အလှူငွေထိုင်းဘတ် ၃၀၀၀ တို့ကို လာရောက် လှူဒါန်းလျက်ရှိသည်။

အဆိုပါလှူဒါန်းလာသည့်ထောက်ပံ့ငွေများနှင့် ပစ္စည်းများကို ဖေဖော်ဝါရီ ၈ ရက်မှ စတင်ပြီး နမ့်ဆန်မြို့သို့ သွားရောက်ကာ မီးဘေးသင့်ပြည်သူများထံ ပထမအကြိမ်အဖြစ် လက်ဝယ်အရောက် လှူဒါန်းသွားမည်ဖြစ်ပြီး ဆက်လက်လှူဒါန်းရရှိမှုများကို လပွတ္တာမြို့ရှိ မီးဘေးသင့်ပြည်သူများပါ သွားရောက်လှူဒါန်းမည် ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် ကူညီဆောင်ရွက်လျက်ရှိ

**လပွတ္တာ ဖေဖော်ဝါရီ ၆**

လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် ကမ္ဘောဇအလင်းတန်း မြန်မာဖောင်ဒေးရှင်းက လူသားချင်းစာနာစိတ်ဖြင့် စားသောက်ရေး အဆင်ပြေအောင် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"မနက်ပိုင်းမှာ Breakfast ကျွေးပါတယ်။ ထမင်းမနက်စာနဲ့ ညနေစာတို့ကို စီစဉ်ဆောင်ရွက်ပေးပါတယ်။ နောက်ရက်တွေမှာ အလှူရှင် မရှိတဲ့အခါ ဆက်လက်ကျွေးမွေးဆောင်ရွက်သွားမှာပါ။ မီးဘေးသင့်ပြည်သူတွေ ကယ်ဆယ်ရေးစခန်းမှာ နေတဲ့အချိန်အထိ အချိန်ကာလ သတ်မှတ်ချက်မရှိ ကျွေးမွေးဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်"ဟု မြောင်းမြမြို့၊ ကမ္ဘောဇဘဏ်လီမိတက်မှ တာဝန်ခံ လက်ထောက်မန်နေဂျာ ဒေါ်စိမ်းလဲ့လဲ့စိုးက ပြောကြားသည်။

ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက ယမန်နေ့ကလည်း မီးဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၉၅ စုအတွက် ငွေကျပ်သိန်း ၁၀၀၀ နှင့် ဆန်အိတ်များ၊ စားသောက်ဖွယ်ရာမျိုးစုံ စုစုပေါင်း ငွေကျပ်သိန်း ၁၅၀၀ ကို ပေးအပ်လှူဒါန်းခဲ့ပြီး ယနေ့အချိန်ထိ အနယ်နယ်အရပ်ရပ်မှ စေတနာရှင်များ၊ အလှူရှင်များ၊ အဖွဲ့အစည်းများက စဉ်ဆက်မပြတ် လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**အောင်မင်း(ပြန်/ဆက်)**



# ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော စိုက်ပျိုးလိုသူများ လျှောက်ထားနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော(Community Forest Instruction-CFI)များကို တည်ထောင်ဆောင်ရွက်လျက်ရှိကာ စိုက်ပျိုးလိုသူများအနေဖြင့်လည်း လျှောက်ထားနိုင်ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ရာသီဥတုပြောင်းလဲမှုကို ထိန်းညှိနိုင်ရန်အတွက် မြန်မာနိုင်ငံတစ်ဝန်း သစ်တောကြိုးဝိုင်းနှင့် တစ်ဆက်တည်းရှိသော ဧရိယာများတွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများကို သစ်တောဦးစီးဌာနက ၁၉၉၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။

"အခုလို ဒေသခံပြည်သူပါဝင်တဲ့ အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်းဟာ ကြိုးဝိုင်းသစ်တော အလွဲသုံး ပြုန်းတီးမှုမဖြစ်စေဖို့နဲ့ အနီးနေဒေသခံတွေ စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်နိုင်ဖို့ ရည်ရွယ်ပါတယ်။ လူဦးရေ ငါးဦးနဲ့အထက် အစုအဖွဲ့တစ်ဖွဲ့ဖွဲ့နိုင်ပြီး သစ်တောဦးစီးဌာနမှာ လျှောက်ထားနိုင်ပါတယ်။ မိမိဖွဲ့စည်းထားတဲ့ အင်အားအပေါ် မူတည်ပြီး စွမ်းအားရှိသလောက် စိုက်ပျိုးဧက တောင်းခံနိုင်ပါတယ်။ ကိုယ့်ဒေသဝန်းကျင်မှာ ရရှိစိုက်ပျိုးသီးနှံကို ရောင်းချခွင့် ရှိပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ် ကျော်လွန်ရောင်းချလိုရင်တော့ သစ်တောဦးစီးဌာနခွင့်ပြုမိန့် မျှောစာလိုအပ်မှာပါ။ ဒီတော့ ဒေသခံပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေမှာဖြစ်ပါတယ်။ ယနေ့အချိန်အထိ တိုးချဲ့လုပ်ကိုင် ဆောင်ရွက်နေပါတယ်"ဟု တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်ထွန်းက ပြောကြားသည်။

လက်ရှိအချိန်တွင် တိုင်းဒေသကြီးအတွင်းရှိ မြောက်ပိုင်းခရိုင် မှော်ဘီကြိုးဝိုင်းသစ်တော ၂၁၂ ဧကဖြင့် အစုအဖွဲ့သုံးဖွဲ့ လူဦးရေ ၆၈ ဦးကလည်းကောင်း၊ တိုက်ကြီးကြိုးဝိုင်းသစ်တော ၂၁၆၆ ဒသမ ၃၉ ဧကဖြင့် အစုအဖွဲ့ ၂၁ ဖွဲ့ လူဦးရေ ၆၀၀ ကလည်းကောင်း၊ လှည်းကူးကြိုးဝိုင်းသစ်တော ၁၀၀ ဧကဖြင့် အစုအဖွဲ့ တစ်ဖွဲ့ကလည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် တွံတေးကြိုးဝိုင်းသစ်တော ၁၄ ဒသမ ၃၄ ဧကဖြင့် အစုအဖွဲ့ တစ်ဖွဲ့ လူဦးရေ ၁၂ ဦးကလည်းကောင်း၊ ကော့မှူးကြိုးဝိုင်းသစ်တော ၇၃၆ ဒသမ ၉၅ ဧကဖြင့် အစုအဖွဲ့ကိုးဖွဲ့ လူဦးရေ ၁၀၂၃ ဦးကလည်းကောင်း ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများကို စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မျိုးမင်းသိမ်း(မရမ်းကုန်း)**



ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနပိုင် သစ်တောကြိုးဝိုင်းတစ်ဝိုင်း။

# ကွန်ကရစ်အုတ် အသုံးများလာခြင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြု

**ရေစကြို ဖေဖော်ဝါရီ ၆**

ရေစကြိုမြို့နယ်အတွင်း၌ ယခင်ကအသုံးများခဲ့သော မြေအုတ်များအစား ယခုအခါ ကွန်ကရစ်အုတ်(ဘိလပ်မြေအုတ်)များကို စီးပွားဖြစ်လည်းကောင်း၊ တစ်ပိုင်တစ်နိုင်လည်းကောင်း ထုတ်လုပ်အသုံးပြုမှုများလာပြီး ထိုသို့ ကွန်ကရစ်အုတ်များ အသုံးများလာခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို များစွာအထောက်အကူပြုကြောင်း သိရသည်။

"ရေစကြိုမြို့နယ်အတွင်းမှာ ဘိလပ်မြေအုတ်ကို စီးပွားဖြစ်ထုတ်လုပ်ရောင်းချသူတွေ များလာသလို ကိုယ်တိုင် တစ်ပိုင်တစ်နိုင်ပြုလုပ်ပြီး သုံးစွဲလာသူတွေ များလာပြီး ဘိလပ်မြေအုတ်ကို တွင်တွင်ကျယ်ကျယ် သုံးစွဲလာတာ ကောင်းပါတယ်။ မြေအုတ်ဆိုတာက မြေကြီးနဲ့ လုပ်ရတာဖြစ်တဲ့အတွက် မြေသဘာဝကို ပျက်စီးစေတယ်။ ပြီးတော့ မြေအုတ်အစိမ်းကို ကျက်အောင်မီးဖုတ်ရတော့ လောင်စာထင်းကို အသုံးပြုရတယ်။ ထင်းရဖို့ သစ်ပင်တွေလှဲ၊ သစ်ကိုင်းတွေခုတ်၊ အခုဆိုရင် သစ်ပင်သစ်ကိုင်းတင်မကဘူး။ ထန်းပင်တွေပါလှဲပြီး လောင်စာအဖြစ် သုံးနေကြပြီ။ ဒါကြောင့် သဘာဝပတ်ဝန်းကျင်လည်း အများကြီး



ပျက်စီးလာတယ်။ ဘိလပ်မြေအုတ်ကတော့ ပုံစံခွက်ရယ်၊ ဘိလပ်မြေနဲ့ သဲရှိရင် လုပ်လို့ရတယ်။ လုပ်ရတာလည်း လွယ်ကူတယ်။ ပုံစံခွက်ကထုတ်ပြီး နေလှန်းရုံပဲ။ ဒါကြောင့် အခုလို ဘိလပ်မြေအုတ်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရာမှာ များစွာအထောက်အကူပြုတဲ့အတွက် ကြိုဆိုပါတယ်"ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ဝင်တစ်ဦးက ပြောသည်။

ကိုယ်တိုင်အသုံးပြုရန်အတွက် ကွန်ကရစ်အုတ် ပြုလုပ်နေသော ရေစကြိုမြို့ အမှတ်(၈)ရပ်ကွက်နေသူတစ်ဦးက ဘိလပ်မြေတစ်အိတ်ဆိုရင် အုတ်ချပ်ရေ ၁၅၀ လောက် ရပါတယ်။ ကိုယ်တိုင်သုံးဖို့ဖြစ်လို့ ဘိလပ်မြေတစ်ဆ၊ သဲခြောက်ဆနဲ့ လုပ်ပါတယ်။ စီးပွားဖြစ်လုပ်သူတွေကတော့ ဘိလပ်မြေတစ်ဆ၊ သဲရှစ်ဆနဲ့ လုပ်တဲ့အတွက် ဘိလပ်မြေတစ်အိတ်ဆိုရင် အုတ် ၁၈၀ လောက် ထွက်ပါတယ်။ ပုံစံခွက်ကတော့ ဝယ်ရပါတယ်။ အထူဆိုရင် တစ်သောင်းခွဲ၊ အပါးဆိုရင် တစ်သောင်းကျပ် ပေးရပါတယ်။ ပုံစံခွက်နဲ့ ထုတ်ပြီးတဲ့ အုတ်တွေကို နှစ်ရက်လောက်နေလှမ်းပြီး ရေကန်မှာ တစ်ညလောက် ရေစိမ်၊ ပြီးတော့နေဆက်လှမ်းရတယ်။ အဲဒီအခါ အုတ်ကမာသွားပြီး အသုံးပြုလို့ ပိုကောင်းပါတယ်။ ရေမစိမ်ရင် အုတ်က သုံးမကောင်းဘူး။ ကွဲလွယ်တယ်။ ကျွန်တော်က ကိုယ်တိုင်သုံးမှာမို့ အုတ်ထုကို သုံးလက်မ ပုံစံခွက်နဲ့ လုပ်ပါတယ်။ ရောင်းတဲ့ အုတ်ကတော့ ထုနှစ်လက်မပဲရှိတယ်"ဟု ကွန်ကရစ်အုတ် ပြုလုပ်ပုံကို ရှင်းပြသည်။

ရေစကြိုမြို့တွင် ကွန်ကရစ်အုတ်တစ်ချပ် ၇၀ ကျပ်ဈေးနှုန်းနှင့် မြေအုတ်တစ်ချပ်လျှင် ကျပ် ၁၀၀ ဈေးနှုန်းရှိနေကြောင်း သိရသည်။ ကွန်ကရစ်အုတ်များကို အိမ်ခြံစည်းရိုးများကာရန်၊ ရေကန်များဆောက်ရန်အတွက် အသုံးများကာ အချို့မှာ တိုက်ဆောက်ရာတွင်လည်း အသုံးပြုကြကြောင်း၊ ရေစကြိုမြို့ပေါ်တွင်သာမက ကျေးရွာများတွင်ပါ ကွန်ကရစ်အုတ် ထုတ်လုပ်ရောင်းချသူ၊ ကိုယ်တိုင်ပြုလုပ်သုံးစွဲသူဦးရေ တစ်နေ့တခြား များလာလျက်ရှိကြောင်း သိရသည်။

**ဖေထွေးဇော်(ရေစကြို)**

## စပါးနှင့် ဆန်ထွက်ပစ္စည်းများ ဈေးနှုန်းမြင့်တက်လျက်ရှိ

**မြန်အောင် ဖေဖော်ဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ပြီးခဲ့သည့်နှစ် မိုးစပါးစိုက်ရာသီက ရေကြီးနစ်မြုပ်မှုများကြောင့် စပါးအထွက်နည်းသဖြင့် ယခုနှစ် ပွင့်လင်းရာသီ စပါးပေါ်စအချိန်တွင် စပါးဈေးမှာ တင်းတစ်ရာလျှင် ကျပ်ငါးသိန်းခွဲဝန်းကျင် ဈေးနှုန်းအမြင့်ဖြင့် ဈေးစခဲ့ပြီး လက်ရှိအချိန်တွင်လည်း စပါးဈေးနှင့် ဆန်ထွက်ပစ္စည်းဈေးနှုန်းများမှာ ဆက်လက်မြင့်တက်လျက်ရှိကြောင်း သိရသည်။

စပါးပေါ်စအချိန်တွင် စပါးဈေးကောင်းခဲ့သဖြင့် စပါးရရှိသည့် တောင်သူလယ်သမားများမှာ အဆင်ပြေခဲ့ကြောင်း၊ စပါးစပေါ်ချိန်မှ တစ်လခန့်ကြာသည်အထိ စပါးဈေးမှာ ဈေးနှုန်းအမြင့်တွင် အရောင်းအဝယ်ဖြစ်နေကြောင်း တောင်သူတစ်ဦးက ပြောသည်။

မြန်အောင်မြို့နယ်မှ စပါးပွဲစားတစ်ဦးက "အခုဆိုရင် မြန်အောင်က စပါးကုန်သည်တွေသာမက ဟင်္သာတဘက်က ကုန်သည်တွေပါဆင်းလာပြီး စပါးဝယ်ကြတော့ ကွင်းကပျက်သွားပြီး စပါးက ဝယ်လို့မကောင်းတော့ဘူး" ဟု ပြောသည်။

ပေါ်စအချိန်တွင် ကျပ်ငါးသိန်းခွဲဝန်းကျင်ရှိခဲ့သော စပါးဈေးနှုန်းမှာ ဝယ်လိုအားကျသွားခြင်းမရှိသောကြောင့် ကျပ်ခြောက်သိန်းဝန်းကျင်ခန့်အထိ ဆက်လက် မြင့်တက်ခဲ့ပြီး ဇန်နဝါရီလလယ်ပိုင်းတွင် အဝယ်အေးသွားကာ ကျပ်ငါးသိန်း ခွဲဝန်းကျင် ပြန်ဖြစ်သွားကြောင်း သိရသည်။ စပါးအဝယ်အေးသွားသည်နှင့်အတူ ဆန်အရောင်းအဝယ်လည်း ပြန်လည်အေးသွားပြီး ဖွဲနုဈေး၊ ဆန်ကွဲဈေးများမှာမူ မြင့်တက်လာကြောင်း သိရသည်။

ယခုဖေဖော်ဝါရီလဆန်းပိုင်းတွင် ဖွဲနုဈေးမှာ ဆက်၍ မြင့်တက်သွားကြောင်း၊ ယခင်ပေါင် ၇၀ တစ်အိတ်ကို ကျပ်ခြောက်ထောင့်ငါးရာဝန်းကျင်မှ ယခုရက်ပိုင်းတွင် ကျပ် ၈၀၀၀ အထိ ဈေးမြင့်တက်သွားသဖြင့် နွားမွေးသူများ၊ ကြက်မွေးမြူသူများအနေဖြင့် ဖွဲနုဈေးကြီးမြင့်မှုကြောင့် တွက်ချေမကိုက်တော့ကြောင်း မွေးမြူရေးလုပ်ကိုင်သူများက ဆိုသည်။ **နေဝင်းဇော်(မြန်အောင်)**

# တရုတ်နှစ်သစ်ကူးပွဲတော် နွှဲပျော်ကြမည်

**ရန်ကုန် ဖေဖော်ဝါရီ ၆**

တရုတ်နှစ်သစ်ကူးပွဲတော် နီးကပ်လာပြီဖြစ်၍ တရုတ်တန်းခေါ် လသာမြို့နယ်အတွင်း တရုတ်ရိုးရာကန်တော့ပစ္စည်းများ၊ သစ်သီးဝလံအရောင်းဆိုင်များ၊ အိကြေးစသည့် တရုတ်မုန့်အရောင်းဆိုင်များဖြင့် စည်ကားလျက်ရှိသည်။

ထို့အပြင် လသာမြို့နယ် စဉ့်အိုးတန်းလမ်း(အထက်)တွင် တရုတ်ရိုးရာ ခြင်္သေ့နှင့် နဂါးအလှစွမ်းရည်ပြိုင်ပွဲအတွက် ပြင်ဆင်မှုများရှိနေသည်။ **(ယာပုံ)**

ဖေဖော်ဝါရီ ၇ ရက်သည် တရုတ်လူမျိုးတို့၏ ပြက္ခဒိန်အရ နောက်ဆုံးလ၏ နောက်ဆုံးရက်ဖြစ်သည်။ ထို့အတူ ဖေဖော်ဝါရီ ၈ ရက်သည် တရုတ်နှစ်ဆန်းတစ်ရက်(နှစ်သစ်ကူးသောရက်)ဖြစ်သည်။

ဖေဖော်ဝါရီ ၇ ရက်တွင် မိမိတို့၏ အိမ်များ၌ ဘုရားအမှူးထား၍ ရိုးရာနတ်များ၊ ဘိုးဘွားမိဘတို့အား ရည်မှန်းကြ၊ စားဖွယ်များဖြင့် ကန်တော့ကြသည်ဖြစ်သည်။ ဖေဖော်ဝါရီ ၈ ရက် နှစ်ဆန်းတစ်ရက်တွင် နံနက်ပိုင်း၌ မိုးပေါ်မှဘုရားအားရည်စူး၍ သက်သတ်လွတ်စားဖွယ်များဖြင့် ရည်မှန်းကန်တော့ပြီးမှ မိမိတို့လည်ပတ်လိုရာသို့ သွားကြခြင်းဖြစ်သည်။

တရုတ်နှစ်သစ်ကူးပွဲတော်အတွက် ယာယီအရောင်းဈေးတန်းကို လသာမြို့နယ် မဟာဗန္ဓုလလမ်းပေါ်(လမ်းမတော်လမ်းနှင့် လသာလမ်းအကြားအထိ) ခင်းကျင်းရောင်းချနေကြပြီဖြစ်သည်။ တရုတ်ရိုးရာပစ္စည်းများ ရောင်းသော ဦးတင်ထွန်းက "မြို့နယ်စည်ပင်နဲ့ ညှိနှိုင်းပြီး ဖေဖော်ဝါရီ ၄ ရက်မှ ၇ ရက် နံနက်ပိုင်းအထိ ရောင်းချခွင့်ပေးထားပါတယ်။ ဒီနှစ်က မျောက်နှစ်ဖြစ်တဲ့အတွက် ပိုရောင်းကောင်းမယ်လို့ ထင်ပါတယ်" ဟု ဆိုသည်။

ယခုကဲ့သို့ ပွဲတော်ယာယီဈေးတန်းတွင် တရုတ်ရိုးရာပစ္စည်းစုံရောင်းသော ကိုဇော်မင်းက "အခုလိုရောင်းတာ ၁၀ နှစ်ရှိပါပြီ။ နှစ်တိုင်း သူ့အတိုင်းအတာနဲ့သူ ရောင်းကောင်းပါတယ်။ ဒီနှစ်တော့ မနေ့ကမှစခင်းတာမို့ ဒီနေ့ညလောက်မှသိရပါမယ်။ ညပိုင်းဆို တိုးမပေါက်အောင် စည်ပါတယ်"ဟု ဆိုသည်။

စဉ့်အိုးတန်း(အထက်လမ်း)တွင် တရုတ်ရိုးရာခြင်္သေ့နှင့် နဂါးရှည် အလှစွမ်းရည်ပြိုင်ပွဲကျင်းပရန် ပြင်ဆင်နေကြပြီဖြစ်သည်။ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက်မှ ၁၁ ရက်အထိ တရုတ်ခြင်္သေ့အလှစွမ်းရည်ပြိုင်ကြမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၄ ရက်တွင် နဂါးရှည်အလှပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပရေးကော်မတီအတွင်းရေးမှူး ဦးအော်လုံးက "ဒီနှစ်က အခြားနှစ်တွေထက် ပိုထူးခြားမှာပါ။ နဂါးရှည်သရုပ်ပြအလှပြိုင်ပွဲကို လမ်းမီးတွေပိတ်အမှောင်ချပြီး နဂါးမှာပါတဲ့ မီးအလှတွေနဲ့ သရုပ်ပြကြမှာပါ"ဟု ဆိုသည်။

ယခုနှစ်၌ ခြင်္သေ့ပြိုင်ပွဲတွင် ၁၇ သင်းနှင့် နဂါးရှည်အလှသရုပ်ပြအဖွဲ့ ငါးဖွဲ့တို့ ပါဝင်မည်ဟု သိရသည်။ ထူးခြားမှုအဖြစ် ယခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့မှ တစ်သင်းနှင့် မွန်ပြည်နယ် ကျိုက်ထိုမြို့မှ နှစ်သင်းဝင်ရောက်ယှဉ်ပြိုင်ကြမည်ဟု သိရသည်။



အတွင်းရေးမှူး ဦးအော်လုံးက "ဒီတရုတ်ရိုးရာ ခြင်္သေ့အကနဲ့ နဂါးရှည်အလှအကက ကျန်းမာရေးနဲ့လည်းညီညွတ်တယ်။ စည်းလုံးမှုလည်းရှိတယ်။ အထူးသဖြင့် အခုန်အကူးတွေမှာ တည်ငြိမ်ဖို့ အရမ်းအရေးကြီးပါတယ်။ အခုလာမယ့် ဆီးဂိမ်းမှာ ပြိုင်ပွဲတစ်ရပ်အနေနဲ့ ထည့်သွင်းဖို့ အစီအစဉ်ရှိပြီးသားဖြစ်ပါတယ်" ဟု ဆိုသည်။

ဖေဖော်ဝါရီ ၇ ရက် ညနေ ၄ နာရီတွင် ပြိုင်ပွဲဝင်အသင်းများ စုစည်း၍ လသာမြို့နယ်အတွင်း လှည့်လည်ပြီး ဆုတောင်းပွဲများ ပြုလုပ်မည်ဖြစ်သည်။

**သတင်း – တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ – ပုံပုံ**

# လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် အလှူငွေထည့်ဝင်လှူဒါန်းရန်နှင့် ဖျာပုံမြို့ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ညှိနှိုင်းဆွေးနွေး

**ဖျာပုံ ဖေဖော်ဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှင့် ဖျာပုံမြို့မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၆ ရက်က ခရိုင်အုပ်ချုပ်ရေးမှူးအစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ဖျာပုံခရိုင်အပါအဝင် ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ ကျိုက်လတ်မြို့နယ်များမှ တစ်မြို့နယ်လျှင် ငွေကျပ်သိန်း ၁၀၀ ထည့်ဝင်လှူဒါန်းပြီး စုစုပေါင်းလှူဒါန်းငွေကျပ် သိန်း ၅၀၀ ထည့်ဝင်လှူဒါန်းနိုင်စေရန်အတွက် တခြားခရိုင်နှင့် မြို့နယ်များ ဆောင်ရွက်သည့်အတိုင်း မိမိတို့ဆန္ဒသဘောအလျောက် အလှူငွေထည့်ဝင်လှူဒါန်းနိုင်စေရေး၊ မြို့နေပြည်သူများအတွက် အလှူငွေထည့်ဝင်လှူဒါန်းနိုင်စေရန် အလှူခံသည့် စုရပ်နေရာများ သတ်မှတ်၍ ကော်မတီဝင်များဖွဲ့စည်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ ဖျာပုံမြို့မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့မိ မြို့ဖဦးဘဟိန်းက မီးငြိမ်းသတ်ယာဉ်များတွင် ယာဉ်မောင်းလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်နှင့် အရန်မီးသတ်တပ်ဖွဲ့အင်အားတိုးချဲ့ဖွဲ့စည်းရန် ဆွေးနွေးပြောကြားပြီး မြို့နယ်ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ခိုင်ဝင်းက မြို့တွင်းတရားမဝင်ရောင်းချနေသည့် စက်သုံးဆီအရောင်းဆိုင်များကို နေရာသတ်မှတ်ပေးပြီး ယခုလက်ရှိ မျက်မြင်ရောင်းချနေသော စက်သုံးဆီဆိုင်များကို အရေးယူဆောင်ရွက်ရန် မျက်ကွယ်ပြုထားသည်မှာ မြို့အတွက် မီးဘေးအန္တရာယ် လွန်စွာစိုးရိမ်နေရသည်ဖြစ်၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန်ဆွေးနွေးပြီး ဖျာပုံခရိုင်ရဲတပ်ဖွဲ့မှူးက မီးငြိမ်းသတ်ယာဉ်များ ရေထွက်အားကောင်းစေရန်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ အမှန်တကယ်အင်အား ပြည့်ဖွဲ့စည်းလေ့ကျင့်ပေး၍ ရပ်ကွက်များရှိ လမ်းများတွင် ရေရရှိနိုင်မည့်နေရာများသတ်မှတ်၍ အမှန်တကယ်မီးငြိမ်းသတ်လေ့ကျင့်ရန်လိုအပ်ကြောင်း ဆွေးနွေးရာ ခရိုင်မီးသတ်ဦးစီးမှူးက ရေရရှိမည့် နေရာများအသုံးပြု၍ ရေသယ်ယာဉ်နှင့်မီးငြိမ်းသတ်ယာဉ်အား ရေထောက်ပံ့မှုရရှိစေရန်ဆောင်ရွက်ရန်နှင့် မီးသတ်စက်ယာဉ်နှင့်အပေါ့စားမီးသတ်စက်များရေရရှိနိုင်ရန် ချိတ်ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးက အလှူငွေထည့်ဝင်ရေးအတွက် မြို့နယ်အတွင်း ဖွဲ့စည်းဆောင်ရွက်မည့် ကော်မတီဝင်များဖွဲ့စည်းပေးပြီး အလှူခံမည့်နေရာများ သတ်မှတ်ပေး၍ တစ်ဦးချင်းအလိုက် အလှူငွေပိုမိုထည့်ဝင်နိုင်စေရန်နှင့် ရပ်ကွက်အလိုက် အပေါ့စားမီးသတ်စက်များကို လက်တွေ့ကွင်းဆင်း စစ်ဆေးဆောင်ရွက်ရန်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတွင် အရေးပေါ် အသုံးပြုနိုင်ရန်အတွက် အရန်စက်သုံးဆီနှစ်ပီပါထားရှိပေးရန် ဆွေးနွေးဆောင်ရွက်ပေးခဲ့ကြောင်းသိရပြီး ယခုကျင်းပသောအစည်းအဝေးသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ချမ်းသာ**

# လပွတ္တာမြို့မီးဘေးသင့်ပြည်သူများအတွက် အလှူရှင်များ အဆက်မပြတ်လာရောက်လှူဒါန်းလျက်ရှိ

**လပွတ္တာ ဖေဖော်ဝါရီ ၆**

လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အလှူရှင်များက စေတနာသဒ္ဓါ ထက်သန်စွာဖြင့် လာရောက်လှူဒါန်းလျက်ရှိရာ ဖေဖော်ဝါရီ ၆ ရက် နံနက် ၈ နာရီက မွေးမြူရေးနှင့် ရေလုပ်ငန်းကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့မှ ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသော လေးထပ်ပရိယတ္တိကျောင်းသို့ ရောက်ရှိကာ မီးဘေးသင့်ပြည်သူများနှင့် တွေ့ဆုံပြီး ကဏန်းဒိုင်၊ ပုစွန်ဒိုင်လုပ်ငန်းရှင်များ လုပ်ငန်းအဆက်မပြတ် လုပ်ကိုင်ရေး အားပေးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

“လိုအပ်ချက်ကတော့ လောလောဆယ်မှာ ရေလုပ်ငန်းသမားတွေ လုပ်ငန်းအဆက်မပြတ်သွားရအောင် ခရိုင်အုပ်ချုပ်ရေးမှူးနဲ့ ညှိနှိုင်းတိုင်ပင်ပြီး ယာယီမြေနေရာ သတ်မှတ်ပေးကာ ဆက်လက်လုပ်ကိုင်လို့ရအောင် စီစဉ်ဆောင်ရွက်နေပါတယ်။ နောက်ထပ်လည်း ဆက်လက်လှူဒါန်းပစ္စည်းတွေ ပေးပို့ပေးသွားမှာပါ”ဟု ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်က ပြောသည်။

“ကျွန်မတို့က (၄)ရပ်ကွက်မှာ နေပါတယ်။ အိမ်တစ်လုံးလုံး မီးထဲပါသွားတာ၊ ဘာမှယူချိန်မရလိုက်ဘူး၊ အခု ကယ်ဆယ်ရေးစခန်းမှ စေတနာရှင်၊ အလှူရှင်များက လာရောက် ပေးလှူကြတဲ့အတွက် လောလောဆယ်တော့ စားသောက်ရေးမှာ အဆင်ပြေပါတယ်။ အလှူရှင်တွေကိုလည်း ကျေးဇူးတင်ပါတယ်” ဟု ကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိနေသော မီးဘေး သင့်ပြည်သူ တစ်ဦးက ပြောကြား သည်။



လပွတ္တာမြို့ မီးဘေးသင့်ပြည်သူအချို့ အလှူရှင်များ လှူဒါန်းသည့်ပစ္စည်းများ ရရှိနေမှုကို တွေ့ရစဉ်။

ဆက်လက်ပြီး ငါးလုပ်ငန်း ညွှန်ကြားရေးမှူးချုပ်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်နှင့် တာဝန်ရှိသူများက မီးဘေးသင့်ပြည်သူများသို့ တန်ဖိုး ၁၀ သိန်းကျော်ရှိ ငါးသေတ္တာ၊ အသင့်စားခေါက်ဆွဲခြောက်၊ ကြာဆံခြောက်များ မြောင်းမြ ကမ္ဘောဇဘဏ်၊ AGD၊ အာရှစိမ်းလန်းရေးဘဏ်၊ ကမ္ဘောဇ အလင်းတန်း မြန်မာဖောင်ဒေးရှင်း၊ ဝေဠုကျော်ဖောင်ဒေးရှင်း၊ တပ်မတော်ကြည်း၊ ရေ၊ လေမိသားစု၊ မဗသ (ဗဟို) မွန် မဗသကူညီရေးအဖွဲ့၊ ပဓာနစရိယပရဟိတအဖွဲ့(ရန်ကုန်)၊ ရွှေလက်တွဲကြမယ် လူငယ်ပရဟိတအဖွဲ့ (သာပေါင်း)စသော အသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များက တစ်ဦးချင်းစီလည်းကောင်း၊ ကျောင်းသားသမဂ္ဂ (ပုသိမ်)တို့မှ အလှူရှင်များက စုပေါင်းလှူဒါန်းမှုများမှာ ဆန် ၂၇၁ အိတ်၊ အဝတ်အထည်မျိုးစုံ ၁၁ ထုပ်၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးများ၊ အစားအသောက်ပစ္စည်းများ စုစုပေါင်း တန်ဖိုး ငွေကျပ် ၉၅ သိန်းကျော် ထောက်ပံ့လှူဒါန်းခဲ့သည်။ ယမန်နေ့ကလည်း ငါးလုပ်ငန်းဦးစီး ဌာနနှင့် ကမ်းဝေး ငါးဖမ်းလုပ်ငန်းရှင်များအသင်းက ဆန်အိတ် ၃၀၊ ငါးသေတ္တာဘူး ၈၀၀၊ ဆီ ၃၀ သားဝင် ဘူး ၂၀၀၊ ကြာဆံထုပ် ၇၂၀၊ ခေါက်ဆွဲခြောက် ၁၀၂၀၊ ငါးခြောက် ၇၅ ပိဿာ၊ ရေသန့်ဘူး ၃၀၀ တို့လှူဒါန်းခဲ့ကြောင်း သိရသည်။

မီးဘေးသင့်ပြည်သူများအတွက် ယာယီကယ်ဆယ်ရေးစခန်းတွင် ခရိုင်နှင့် မြို့နယ်အဆင့်တာဝန်ရှိသူများက နေရေး၊ စားရေး စောင့်ရှောက်မှုများ စီမံခန့်ခွဲဆောင်ရွက်ပေးလျက်ရှိပြီး အနောက်တောင်တိုင်းစစ်ဌာနချုပ် တပ်မတော်ဆေးတပ်ရင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနကလည်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မီးဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်

**နမ့်ဆန် ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီခွဲက မီးဘေးသင့်ပြည်သူများ ကယ်ဆယ်ရေးစခန်းအဖြစ် ဖွင့်လှစ်ထားသော မြို့မဂိုဏ်းချုပ်ကျောင်း၌ ကျင်းပသည်။

အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၂၆၅၅ သိန်းဖြစ်ပြီး၊ ထောက်ပံ့ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် မီးဘေးသင့်အိမ်ထောင်စု ၂၈၅ စုအတွက် နိုင်ငံတော်သမ္မတကပေးအပ်သော ထောက်ပံ့ငွေများ၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်မိသားစုက ထောက်ပံ့သည့် ဆန်အိတ် ၁၀၀၀၊ ကမ္ဘောဇဘဏ်လီမိတက်က မီးဘေးသင့်အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်ငါးသိန်းနှုန်းဖြင့် ငွေကျပ် ၁၄၂၅ သိန်းအပြင် ဆန်၊ ဆီ၊ ဆား၊ ငါးခြောက်၊ ဟင်းချိုမှုန့်၊ ကြက်သွန်နီ၊ ခရမ်းချဉ်သီး၊ ကုလားပဲများကို တာဝန်ရှိသူများက မီးဘေးသင့် အိမ်ထောင်စုများထံ လက်ဝယ်အရောက်ပေးအပ်လှူဒါန်းသည်။

အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဖေဖော်ဝါရီ ၅ ရက် ညပိုင်းအထိ အလှူခံဌာနတွင် လာရောက်လှူဒါန်းသော စာရင်းပိတ် စုစုပေါင်းမှာ ဆန် ၈၃ အိတ်၊ ငွေကျပ် ၇၁၈၆၀၀၀၊ အခြားစားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများလည်းဖြစ်သည်။ ယနေ့ မွန်းတည့် ၁၂ နာရီအထိ အလှူခံဌာနသို့ ရောက်ရှိလာသော လှူဒါန်းမှုများမှာ ဆန် ၂၉၂ အိတ်၊ ငွေကျပ် ၈၃၀၄၀၀၀၊ စောင်၊ ရေသန့်၊ အဝတ်အထည်၊ မုန့်၊ ခေါက်ဆွဲခြောက်၊ ဝါဆိုလက်ဖက်၊ ကလေးအဝတ်အထည်၊ အိုးခွက်ပန်းကန်၊ အမျိုးသမီးအသုံးအဆောင်ပစ္စည်းများ၊ အထည်များ၊ မိုးကာအရွယ်စုံတို့ကို လာရောက်လှူဒါန်းကြကြောင်း၊ အလှူရှင်များက မီးဘေးသင့်အိမ်ထောင်စုများထံ လက်ရောက်လှူဒါန်းမှုများလည်းရှိပါကြောင်းနှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ ဆက်တိုက်ထပ်မံရောက်ရှိနေကြောင်း သိရသည်။ **မြင့်အောင်**

# မီးဘေးသင့်ပြည်သူများအတွက် တက်ဟုန်းပြည်နယ်ခွဲမှ ငွေကျပ်သိန်း ၁၂၄၀ ဖိုးလှူဒါန်း

**မူဆယ် ဖေဖော်ဝါရီ ၆**

နမ့်ဆန်နှင့် လပွတ္တာဒေသ မီးဘေးသင့်ပြည်သူများအတွက် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ် တက်ဟုန်းပြည်နယ်ခွဲအစိုးရနှင့် ဒေသဆိုင်ရာများက ခေါက်ဆွဲဖာ ၁၀၀၊ ရေသန့်ဘူးဖာ ၆၀၀၊ စားသုံးဆီဘူး ၄၀၀၊ ၁၀ ကီလိုဝင် ဆန်အိတ် ၄၀၀၊ အနွေးထည် ၂၃၇ ထည်၊ ခြုံစောင် ၁၂၅ ထည်၊ ခြည်ပဝါ ၁၂၆ ထည်၊ လောင်းကုတ်အထည် ၁၃၀၀၊ ဂွမ်းကပ်စောင်အထည် ၆၀၀၊ ပလတ်စတစ်မိုးကာလိပ် ၂၀၀ နှင့် ရွှေလီမြို့အုပ်ချုပ်ရေးအဖွဲ့က ၁၀ ကီလိုဝင် ဆန်အိတ် ၁၀၀၀၊ ဂွမ်းကပ်စောင်အထည် ၃၀၀ စုစုပေါင်း ငွေကျပ်တန်ဖိုးသိန်း ၁၂၄၀ ခန့်အား လာရောက်လှူဒါန်းကြောင်း သိရသည်။

အဆိုပါလှူဒါန်းပစ္စည်းများကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက တရုတ်နိုင်ငံ ရွှေလီမြို့တွင် ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး တက်ဟုန်းပြည်နယ်ခွဲအစိုးရ ဒုတိယရုံးအဖွဲ့မှူး မစ္စ ရှိန်ဖုန်နှင့် ရွှေလီမြို့အုပ်ချုပ်ရေးအဖွဲ့ ဒုတိယမြို့တော်ဝန် မစ္စတာ ဂွမ်မော်တို့ကပေးအပ်ရာ မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။ **အယ်လ်စိုး**



# ထိုင်းနိုင်ငံတွင် အလုပ်သမားအခွင့်အရေး ချိုးဖောက်ခံနေကြရသော မြန်မာလုပ်သား ၈၀ ကျော်၏ ပြဿနာကို သံရုံးအဖွဲ့ ကူညီဖြေရှင်း

**နကပထုန် ဖေဖော်ဝါရီ ၆**

ထိုင်းနိုင်ငံမြောက်ပိုင်းရှိ နကပထုန်မြို့တော် စုန်ကျေးရွာ၌ရှိသော ပရိဘောဂအလုပ်ရုံတွင် အလုပ်လုပ်နေကြပြီး အလုပ်သမားအခွင့်အရေး ချိုးဖောက်ခံနေကြရသော မြန်မာအလုပ်သမား ၈၀ ကျော်၏ ပြဿနာကို မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီဝင်ဖြစ်သည့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့(Myanmar Association in Thailand-MAT)မှ ဖေဖော်ဝါရီ ၂ ရက်က ဖြေရှင်းပေးခဲ့ကြောင်း သိရသည်။



အလုပ်သမားခေါင်းဆောင် ကိုတင်ထွန်းအောင်က "အလုပ်သမားတွေကို တစ်ဝိ(၁၅ရက်စာ) လုပ်အားခလည်း ထုတ်မပေးဘူး၊ အလုပ်သမားတွေဆီက ပတ်စပို့၊ ဝပ်ပါမစ်နဲ့ ဘတ်ကတ်တွေ အကုန်သိမ်းထားတာလေ၊ ကျွန်တော်တို့ကို သက်သက်အနိုင်ကျင့်နေတာပါ။ အဲဒါကြောင့် အလုပ်ထွက်ကြမယ်ဆိုပြီး လုပ်ကြတာလေ၊ ခုတော့ MAT အဖွဲ့လာကူညီပေးလို့ အားလုံးအဆင်ပြေသွားခဲ့ပါပြီ။ ပတ်စပို့တွေလည်း ပြန်ရပါပြီ။ ခုလိုကူညီပေးတာ ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။ အဆိုပါစက်ရုံ၌ အလုပ်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမတစ်ဦးအား ပရိဘောဂအလုပ်မခိုင်းစေဘဲ အိမ်ဖော်အလုပ်ကိုခိုင်းစေခဲ့သဖြင့် အလုပ်သမားများက မကျေနပ်ကြကြောင်းလည်း သိရသည်။

ထိုင်းနိုင်ငံသို့ တရားဝင် သွားရောက် အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများမှာ အခွင့်အရေးချိုးဖောက်မှုများကို ခံနေရဆဲဖြစ်ကာ အဆိုပါ အခွင့်အရေးချိုးဖောက်ခံရသော လုပ်သားများ၏ ပြဿနာများတွင် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန၏ ဖြေရှင်းပေးမှုမှာလည်း အားနည်းနေကြောင်း သိရသည်။

ပရိဘောဂအလုပ်ရုံမှ လုပ်သားများ၏ ပြဿနာကို ကိုယ်တိုင်သွားရောက်ဖြေရှင်းပေးခဲ့သည့် MAT အဖွဲ့မှ ကိုလွမ်းသူက "ကျွန်တော်တို့ အလုပ်ရုံကိုရောက်တော့ အလုပ်ရုံက ထိုင်းနိုင်ငံသားတွေက ထွက်လာကြပြီး ကျွန်တော်တို့ကားကို ဓာတ်ပုံတွေရိုက်ကြပါတယ်။ အရင် နှစ်လလောက်ကလည်း စူဖန်ဘူရီ ကြက်သားအလုပ်ရုံက MOU အလုပ်သမားပြဿနာရှင်းကြတုန်းကဆို ကျွန်တော့်ကားကို အခြစ်ခံခဲ့ရပါသေးတယ်။ အလုပ်ရှင်ကလုပ်အားခလည်း ထုတ်မပေးချင်ဘူး။ အလုပ်သမားတွေရဲ့ ပတ်စပို့တွေကိုလည်း သိမ်းထားတာလေ။ ကျွန်တော်တို့ ပြောစရာမလိုဘဲ ထိုင်း အလုပ်သမားဝန်ကြီးဌာနက ကျွန်တော်တို့ သတင်းပို့ပေးတာနဲ့ ဖြေရှင်းပေးသင့်တဲ့အနေအထားမျိုး ဖြစ်သင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီမြန်မာအလုပ်သမားတွေက တရားဝင်အလုပ်သမားတွေ ဖြစ်နေလို့ပါ" ဟု ပြောသည်။

ထိုင်းနိုင်ငံ၌ ပြဋ္ဌာန်းထားသည့် အလုပ်သမားဥပဒေအရ အခွင့်အရေး ချိုးဖောက်သည့် မည်သို့သောလုပ်ငန်းရှင်ကိုမှ ထိုင်းအစိုးရက အပြစ်ပေးအရေးယူခြင်းမျိုး မတွေ့ခဲ့ရဖူးကြောင်းလည်း MAT အဖွဲ့မှ တာဝန်ရှိသူများက သုံးသပ်ပြောဆိုကြသည်။ **စိုးဝင်း(SP)**

# မြန်မာ-ဂျပန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၆**

မြန်မာနှင့် ဂျပန် နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုကို အဆင်မြှင့်တင်သွားနိုင်ရန်အတွက် ဒုတိယအကြိမ်မြောက် မြန်မာ-ဂျပန်ပွဲတော် ၂၀၁၆ ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

"နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရာမှာ စီးပွားရေးသာ အရေးကြီးတာ မဟုတ်ပါဘူး။ နှစ်နိုင်ငံပြည်သူများကြားမှာရှိတဲ့ ယဉ်ကျေးမှုတွေ အပြန်အလှန်ဆက်ဆံမှုကလည်း အရေးကြီးပါတယ်။ ဒီကနေတစ်ဆင့် ခိုင်မာတဲ့ဆက်ဆံရေးကို မြှင့်တင်သွားနိုင်မှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာကာရှိဟီဂူချိက ဖေဖော်ဝါရီ ၄ ရက် ညနေပိုင်းတွင် စကိုင်းစတားဟိုတယ်၌ ကျင်းပခဲ့သော စာနယ်ဇင်းရှင်းလင်းပွဲ၌ ပြောကြားသည်။

မြန်မာ-ဂျပန်ပွဲတော်ကို ဖေဖော်ဝါရီ ၂၈ ရက် မွန်းတည့် ၁၂ နာရီမှစတင်ကာ တာမွေမြို့နယ် စကိုင်းစတားဟိုတယ်အနီး အရှေ့မြင်းပြိုင်ကွင်းလမ်း ရွှေထွန်းတင်ဝင်းအတွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ မြန်မာ-ဂျပန်ပွဲတော်တွင် ဂျပန်အစားအစာများ၊ ဂျပန်နိုင်ငံထုတ် အီလက်ထရွန်နစ်ပစ္စည်းများကို ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်ရာ ဂျပန်အစားအသောက်များကို မူရင်းအရသာအတိုင်း စားသုံးနိုင်မည်ဖြစ်သည်။

ထို့အပြင် ပွဲတော်တွင် ဂျပန်နိုင်ငံ၏ နာမည်ကြီးအဆိုတော် ဟီရာဟာရာ အာယာက(Hirahara Ayaka) ၏ ဖျော်ဖြေတင်ဆက်မှု၊ ဂျပန်နိုင်ငံ၏ လူငယ်အနုပညာရှင်များဖြစ်သော Tempura Kids (Japan Dancers)များ၏ မြူးကြွသွက်လက်သော ကကွက်ဆန်းများတင်ဆက်မှုများနှင့်အတူ မြန်မာနိုင်ငံမှ အနုပညာရှင်များဖြစ်သော နီနီခင်ဇော်၊ Ar-T၊ သားသား၊ မိစန္ဒီ၊ Ah Moon တို့၏ ဖျော်ဖြေမှုများ၊ ဂီတမျိုး အကယ်ဒမီဓိရာမိုရ် ဦးစီး၍ ဂျပန်နိုင်ငံသမိုင်းဝင်ရုပ်ရှင် Ryomaden The Legned ဇာတ်ကား၏ ဇာတ်ဝင်ခန်းတေးကို မြန်မာ့ရိုးရာဆိုင်းဝိုင်းများဖြင့် တီးခတ်ဖျော်ဖြေတင်ဆက်မှု စသည့် အစီအစဉ်များပါဝင်မည်ဖြစ်ရာ အထူးအစီအစဉ်အနေဖြင့် Hirahara Ayaka နှင့် နီနီခင်ဇော်တို့ အတူယှဉ်တွဲတင်ဆက်ဖျော်ဖြေမှု၊ မြန်မာဒီဇိုင်နာများ၏ ဖက်ရှင်ရှိုးတင်ဆက်မှုများ စသည့် ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း၊ မြန်မာ-ဂျပန်ပွဲတော်သို့ အခမဲ့ဝင်ရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**




# ACIAR Project အရစိုက်ပျိုးထားသော ကုလားပဲမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်သရုပ်ပြ

**မြိုင် ဖေဖော်ဝါရီ ၆**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်တွင် ၂၀၁၅-၂၀၁၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ACIAR Project အရ စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR)၊




မြိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန (DOA)တို့နှင့် တောင်သူများ ပူးပေါင်းပါဝင်၍ ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သော ကုလားပဲ(အဖြူ) မျိုးသစ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ စိုက်ပျိုးခဲ့သော ကုလားပဲမျိုးယှဉ်ပြိုင်စမ်းသပ်ကွက် ကွင်းပြပွဲကို ဖေဖော်ဝါရီ ၃ ရက်က ပြုလုပ်ခဲ့သည်။

ကုလားပဲမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်ကို မြိုင်မြို့နယ် လယ်စုကျေးရွာ၌ ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်းက စတင်စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး ကုလားပဲ(အဖြူ) မျိုးသစ်(၃)မျိုးနှင့် တောင်သူမျိုး(၁)မျိုးတို့ကို စိုက်ပျိုးထားခဲ့ခြင်းကာ လက်ရှိအပင်သက်တမ်း ၈၆ ရက်သား ကုလားပဲမျိုးများ၏ ရင့်မှည့်ချိန်တွင် မျက်မြင်အခြေအနေအရ တောင်သူများ ကြိုက်နှစ်သက်မှုအခြေအနေကို လေ့လာသိရှိနိုင်ရန် ကွင်းသရုပ်ပြပွဲ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးများဦးဆောင်ပြီး စိုက်ပျိုးရေးကွင်းဆင်းဝန်ထမ်းများနှင့်အတူ ဒေသခံတောင်သူများက ကုလားပဲအပင်များကို မျက်မြင်အခြေအနေအရ လေ့လာကြည့်ရှုခဲ့ကာ ဦးစားပေးအဆင့်အလိုက် ဆန္ဒပြုရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။ **(၁၃၅)**

## သတင်းတို

### ကျေးရွာမိုးရေလှောင်ကန်သို့ ရေဝင်ရောက်မှု ကွင်းဆင်းစစ်ဆေး

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ရွာသာအေးကျေးရွာ၌ သောက်သုံးရေပြတ်လပ်မှုဖြစ်ပွားခြင်း မရှိစေရန်အတွက် ကျေးရွာရှိ မိုးရေလှောင်ကန်၌ ရေဝင်ရောက်မှုနှင့် သိုလှောင်ထားနိုင်မှုအခြေအနေကို မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကိုကိုအောင်နှင့် တာဝန်ရှိသူများ ဖေဖော်ဝါရီ ၅ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကာ လက်ရှိရေမှာ နှစ်လခန့်သာ လုံလောက်မည်ဖြစ်၍ ဆည်မြောင်းဌာနက ရေလွှတ်ချိန်တွင် မိုးရေလှောင်ကန်အတွင်းသို့ ရေများ ဖြည့်သွင်းထားကြရန် ဒေသခံများအား သတိပေးမှာကြားခဲ့သည်။ **ရဲဝင်းထွန်း(မြစ်သား)**

# စာဖတ်ရှိန်မြှင့်မားရေးပွဲတော် ပြိုင်ပွဲများ ဆုချီးမြှင့်

**ပခုက္ကူ ဖေဖော်ဝါရီ ၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပခဲ့သည့် စာဖတ်ရှိန်မြှင့်မားရေးပွဲတော်တွင် ပါဝင်သော စာစီစာကုံး၊ ကျပန်းစာကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲနှင့် စာပေဟောပြောပွဲကို ပခုက္ကူမြို့ အထက(၁) ကျောင်း ပညာရတနာခန်းမ၌ ဖေဖော်ဝါရီ ၅ ရက်က ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် ပခုက္ကူခရိုင် အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း (ဗဟို) အလုပ်အမှုဆောင် ဦးသန်းအေး(စလင်းဘုန်းကျော်)က စာဖတ်ရှိန်မြှင့်မားရေးပွဲတော် ကျင်းပရခြင်းရည်ရွယ်ချက်များကို ဟောပြောကာ စာရေးဆရာ ဆရာညီပုလေးက စာအုပ်စာပေများအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့သည်။

ထို့နောက် အခြေခံပညာ အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးညွန့်နိုင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

**စိုးလင်းနိုင်(iprd)**

**ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် လေးအိမ်စုလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအား (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှကြည်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအမ်လှသောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**(ကတ္တရာလမ်းသစ်သည် အရှည်ပေ ၆၆၀၊ အကျယ် ၁၀ ပေ ရှိပြီး ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ရန်ပုံငွေ ကျပ် ၁၃၅ သိန်းကျော်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။) **အမ်ကြီး**



# ဓားကိုင်သောင်းကျန်းပြီး ပြစ်မှုများကျူးလွန်၍ ထွက်ပြေးတိမ်းရှောင်နေသူအား ဖမ်းဆီးရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ညောင်တီလမ်းပေါ်၌ ဓားကိုင်သောင်းကျန်းနေသဖြင့် အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်စေပြီး ရပ်ကွက်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေနိုင်ခြင်းကြောင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးခဲ့ရာ အဖမ်းမခံသဖြင့် သေနတ်ဖြင့်ပစ်ခတ်ဖမ်းဆီးခဲ့ရာမှ ပြစ်ချက်ဟောင်းရှိသူ၊ အမှုဖြင့်ထွက်ပြေးတိမ်းရှောင်နေသူတစ်ဦးဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၁ နာရီခွဲက လှိုင်သာယာမြို့နယ် (၁၉)ရပ်ကွက် ညောင်တီလမ်းမပေါ်၌ အမျိုးသားတစ်ဦး ဓားကိုင်သောင်းကျန်းနေကြောင်း သတင်းအရ လှိုင်သာယာမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးခဲ့ရာ အဖမ်းမခံဘဲ ဓားဖြင့်ပြန်လည်ခုခံပြီး ထွက်ပြေးစဉ် ဝိုင်းဝန်းပိတ်ဆို့၍ ဝင်ရောက်ဖမ်းဆီးခဲ့ရာ ၎င်းက ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ဓားဖြင့်ပြေးထိုးသဖြင့် ဒသမ ၃၈ ဗို့ ခြောက်လုံးပြူး သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာ အရှိုးအသွား ၁၆ လက်မခန့်ရှိ ဓားဦးချွန် တစ်ချောင်းနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူမှာ လှိုင်သာယာမြို့နယ်နေ ချန်ဒူး(ခ) ဇော်လင်းထွန်း (၂၈ နှစ်)ဖြစ်ပြီး လှိုင်သာယာမြို့မရဲစခန်းက (ပ)၉၅၅/၂၀၁၅၊ လက်နက်အက်ဥပဒေ ပုဒ်မ-၁၉(င) အမှုအား တရားရုံးတွင်အာမခံဖြင့် အမှုရင်ဆိုင်နေစဉ် အမှုမှ ထွက်ပြေးတိမ်းရှောင်နေသူဖြစ်သည်။

ချန်ဒူး(ခ)ဇော်လင်းထွန်းသည် ၂၀၀၇ ခုနှစ်အတွင်းက လှိုင်သာယာမြို့နယ်တရားရုံးမှ လက်နက်အက်ဥပဒေပုဒ်မ-၁၉(င)ဖြင့် ထောင်ဒဏ်နှစ်နှစ်၊ ပြစ်မှုပုဒ်မ-၃၂၄/၃၂၃ ဖြင့် ထောင်ဒဏ်တစ်နှစ်၊ ပြစ်မှုပုဒ်မ-၃၇၉ ဖြင့် ထောင်ဒဏ်တစ်နှစ် ပြစ်ဒဏ်ကျခံနေစဉ် ရဲဘက်စခန်းမှ ထွက်ပြေးလွတ်မြောက်လာသဖြင့် ပြန်လည်ဖမ်းဆီးခဲ့ပြီး ထောင်ဒဏ်ခြောက်နှစ်ကျခံစဉ် ၂၀၁၁ ခုနှစ်၌ ပြန်လည်လွတ်မြောက်လာခဲ့သည်။ ထို့နောက် လှိုင်မြို့နယ် သီရိမင်္ဂလာဈေးတွင် ခါးပိုက်နှိုက်မှုဖြင့် ထောင်ဒဏ် နှစ်နှစ်နှင့် လှိုင်သာယာမြို့နယ်တွင် ခါးပိုက်နှိုက်မှုဖြင့် ထောင်ဒဏ်နှစ်နှစ် စုစုပေါင်း ထောင်ဒဏ် လေးနှစ်ကျခံခဲ့ပြီး ၂၀၁၅ ခုနှစ် မတ်လတွင် ပြန်လည်လွတ်မြောက်လာသူဖြစ်သည်။ ၎င်းအား လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း မူးယစ်ဆေးဝါး အမှုပေါင်း ၅၉၄ မှုဖြစ်ပွား၊ တရားခံ ၈၇၀ အား အရေးယူနိုင်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၆**

၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း တပ်မတော်၊ တိုင်းဒေသကြီး/ပြည်နယ် ရဲတပ်ဖွဲ့များ၊ မူးယစ်တပ်ဖွဲ့စုများ၊ ရထားရဲတပ်ဖွဲ့နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့မှ ဘိန်း ၃၂ မှု (အလေးချိန် ၁၂၇ ဒသမ ၈၀၆ ကီလို)၊ ဘိန်းဖြူ ၂၁၈ မှု (အလေးချိန် ၁၈ ဒသမ ၈၂၅၈ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၂ မှု (၁၉၃၇၂၉၆ ပြား)၊ ဆေးခြောက် ၂၇ မှု(အလေးချိန် ၅၁ ဒသမ ၈၆၇၃ ကီလို)၊ ဘိန်းဆီခဲ ခြောက်မှု (အလေးချိန်၂ ဒသမ ၃၈၂၁ ကီလို)၊ အဆင့်နိမ့်ဘိန်း လေးမှု (အလေးချိန် ၁၅ ဒသမ ၀၇၈၅ ကီလို)၊ ဘိန်းစာရွက် တစ်မှု(၀ ဒသမ ၀၂ ကီလို)၊ ဘိန်းစာမှုန့် လေးမှု(အလေးချိန် ၀ ဒသမ ၃၁၀၃ ကီလို)၊ ကဖင်း နှစ်မှု(အလေးချိန် ၁၁၆၉ ကီလို)၊ အိုက်စ် နှစ်မှု (အလေးချိန် ၀ ဒသမ ၇၇၄၃ ကီလို)၊ ဗျူပရီနော်ဖင်း တစ်မှု(ရှစ်ပြား)၊ ဟိုက်ဒရိုကလိုရစ်အက်စစ် တစ်မှု (၁၅၀ လစ်တာ)၊ ဘိန်းဆီရည် ၂၅ လစ်တာ၊ စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့် ၀ ဒသမ ၀၁၉၈ ကီလို၊ ဆာလဖျူရစ်အက်စစ်အရည် ၁၄၈၀ လစ်တာ၊ အက်စစ်အခဲ ၃၆၀၀ ကီလို၊ အရိုးမီးသွေး ၅၀၁ ကီလို၊ အမိုနီယမ်ကလိုရိုက် ငါးကီလို၊ ဒိုင်ယာဇီပမ်ဆေးပြား ၁၀ ပြား၊ ထရာမဒေါလ် ကိုးတောင့်နှင့် မှတ်ပုံတင်ပျက် ၁၄ မှုတို့ကို ဖမ်းဆီးရမိခဲ့ပြီး အမှုပေါင်း ၅၉၄ မှု ဖမ်းဆီးခဲ့ရာတွင် အမျိုးသား တရားခံ ၇၄၆ ဦး၊ အမျိုးသမီးတရားခံ ၁၂၄ ဦး စုစုပေါင်း တရားခံ ၈၇၀ တို့အား ဥပဒေအရအရေးယူနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကလောမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဆေးခြောက်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးနှင့် ကလောမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၄ ရက်က ကလောမြို့ ရပ်ကွက်(၅) သမတည်းခိုခန်းကို သတင်းအရ ဝင်ရောက်ရှာဖွေရာ တည်းခိုခန်းရှေ့၌ အောင်ကျော်ဝင်းစိန်၊ သူရဇော်၊ ထွန်းဦး၊ မျိုးမင်းညွန့်၊ မျိုးခိုင်ဦးနှင့် မျိုးအောင်တို့ ခြောက်ဦးအား တွေ့ရှိပြီး ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၈၀ နှင့် ၎င်းတို့ ပိုင်ဆိုင်သည့် ယာဉ်အမှတ် YGN AA/---- တိုယိုတာကိုရိုလာယာဉ်ပေါ်မှ ဆေးခြောက် ၁၃ ကီလိုတို့ကို သိမ်းဆည်းရမိသည်။


ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိသည့် သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းရက်က ကွတ်ခိုင်-တာမိုးညဲသွားကားလမ်း နမ့်ဟူးရွာအဝင်လမ်းမပေါ်၌ တာမိုးညဲဘက်မှ ကွတ်ခိုင်ဘက်သို့ ရန်ခိုက်ဖန်မောင်းနှင်လာသော ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၂၂ ခွက်(ဘိန်းဖြူ ၀ ဒသမ ၂၈၆ ကီလို) သိမ်းဆည်းရမိပြီး ဆက်လက်စောင့်ဆိုင်းနေစဉ် ခိုင်းသူ ဝူချင်ကိုက်အား ထပ်မံဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **ကိုရဲ**

# ဆိုင်ကယ်နှင့် ၂၂ ဘီးယာဉ် မျက်နှာချင်းဆိုင်တိုက် တစ်ဦးသေဆုံး

**တပ်ကုန်း ဖေဖော်ဝါရီ ၆**

ရန်ကုန်-မန္တလေးလမ်း ရှားပင်ဆိပ်မီးပွိုင့်၌ ဖေဖော်ဝါရီ ၅ ရက် ည ၁၀ နာရီခွဲခန့်က ဆိုင်ကယ်နှင့် ၂၂ ဘီးယာဉ် မျက်နှာချင်းဆိုင်တိုက်မိ၍ တစ်ဦးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် (၂၇၇/၁ နှင့်၂၇၇/၂ )ကြား ရှားပင်ဆိပ်မီးပွိုင့်၌ မိုးကောင်းဘုရားဘက်မှ မီးပွိုင့်ဘက်သို့ မျိုးဝင်း(၃၀ နှစ်) ဘုရင့်နောင်ရပ်ကွက် မောင်းနှင်၍ ကျော်စိုးကို (၃၀ နှစ်) ဆရာစံရပ်ကွက်လိုက်ပါလာသည့် ၁၇ယ/---- ကန်ဘိုဆိုင်ကယ်သည် လက်ဝဲဘက်သို့ ချိုးကွေ့စဉ် ရှားပင်ဆိပ်မီးပွိုင့်ဘက်မှ မန္တလေးဘက်သို့ မောင်ခိုင်(၃၂ နှစ်) ကျောက်ပန်းတောင်းမြို့နေသူ မောင်းနှင်လာသော ၂၂ ဘီးယာဉ်၏ ရှေ့ယာဘက်ပိုင်းအား ဝင်ရောက်တိုက်မိသဖြင့် မျိုးဝင်းမှာ သေဆုံးသွားပြီး ကျော်စိုးတွင် ဒဏ်ရာများရရှိကာ ခုတင် ၁၀၀ ဆေးရုံ၌ ဆေးကုသမှုခံယူခဲ့ရပြီး ဆိုင်ကယ်မဆင်မခြင်မောင်းနှင်သူ မျိုးဝင်းအား အရေးယူထားကြောင်း သိရသည်။

**(၀၂၁)**

# ရေးမြို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ရေး ဖေဖော်ဝါရီ ၆**

ရေးမြို့နယ်ရဲတပ်ဖွဲ့ ချောင်းတောင်ကျေးရွာ ချောင်းတောင်တံတား၌ ရေးရဲစခန်းမှ ဒုရဲအုပ်ဖြိုးနိုင်နှင့်အဖွဲ့ စောင့်ဆိုင်းနေစဉ် ဖေဖော်ဝါရီ ၆ ရက် နံနက် ၇ နာရီခွဲက ချောင်းတောင်ကျေးရွာဘက်မှ ရေးမြို့ဘက်သို့ ခေါဇာမြို့နေသူ မနီလာဦး(၂၀ နှစ်) မောင်းနှင်လာသော ဆိုင်ကယ်အတွင်း WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား အထုပ် လေးထုပ် စုစုပေါင်းဆေးပြား ၅၈၉ ပြား (ကာလတန်ဖိုး ငွေကျပ် ၂၉၄၅၀၀၀ ခန့်) ကို သက်သေများရှေ့တွင် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

စစ်ဆေး မေးမြန်းချက်အရ ခေါဇာမြို့ ရေးမြို့နယ် ဆင်ကူးကျေးရွာနေ ဒေါ်ချိုရည်ဦး(၃၅ နှစ်) ထံမှ ဆေးပြားတစ်ပြားလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ဝယ်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့ဝင်များက ဒေါ်ချိုရည်ဦး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်း၏ ခန္ဓာကိုယ်ပေါ်တွင် သိုဝှက်ထားသော WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၄၆ ပြား (ကာလတန်ဖိုး ငွေကျပ် ၂၃၀၀၀၀) နှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ၊ ဆင်းကတ်ပါ ဟန်းဆက်နှစ်လုံး၊ မူးယစ်ဆေးဝါး ရောင်းချရရှိငွေကျပ် ၂၉ သိန်းတို့ကို သိမ်းဆည်းရမိသည့်အပြင် ၎င်း၏နေအိမ်၌ မူးယစ်ဆေးဝါးသုံးစွဲရန် ရောက်ရှိနေကြသော မောင်ချမ်းလွန်၊ မောင်ပကေး၊ မောင်ပလာတို့အား တွေ့ရှိ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ကို ရေးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နေမျိုးထွဋ်-ရေး**

# အက်စစ်ကို ရေထင်မှတ်၍ သောက်မိရာမှ သေဆုံး

**ရေနံ့ချောင်း ဖေဖော်ဝါရီ ၆**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် မကျီးပင်စုကျေးရွာနေ သိန်းကို (၃၉ နှစ်)သည် ဖေဖော်ဝါရီ ၄ ရက် နံနက် ၈ နာရီခွဲခန့်က ယာခင်းထွန်ယက်ပြီး နေအိမ်ပြန်ရောက်စဉ် ရေသန့်ဘူးခွံဖြင့် ဘက်ထရီအိုးအတွင်းထည့်ရန်ထားရှိသော အက်စစ်အား သောက်ရေအမှတ်ဖြင့် ရေထပ်ထည့်၍ သောက်ခဲ့သဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။ ၎င်းသေဆုံးခြင်းမှာ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ် မဟုတ် ချောက်မြို့နယ် စလေနယ်မြေရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ(မြေလတ်)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၂၄**

ဒေါ်နန်းမိုနွမ် **နှင့်** ၁။ ဦးဘုန်းမြင့်သန်း
၂။ ဦးဌေးဝင်း
၃။ ဒေါ်လဲ့လဲ့ဝင်းလှိုင်

**တရားလို** **တရားပြိုင်များ**

(၁) ဦးဘုန်းမြင့်သန်း Metal Hunter Co., Ltd.၊ စုကြီးရပ်ကွက်၊ စက/၂၆၊ တော်ဝင်နှင်းဆီခန်းမ အနောက်လမ်းကြား၊ ကျောက်ဆည်မြို့၊ (၂) ဦးဌေးဝင်း၊ (၃) ဒေါ်လဲ့လဲ့ဝင်းလှိုင် အိမ်အမှတ် ဖ/၁၉/၈၉၊ ထွန်တုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်နန်းမိုနွမ်က မြေကွက်ရောင်းကြေးငွေများအနက် စရန်ငွေ သိန်း၈၀၀ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက် (၁၃၇၇ခုနှစ် တပို့တွဲလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်ချိုချို)**
**ဒုတိယခရိုင်တရားသူကြီး(၆)**
**မန္တလေးခရိုင်တရားရုံး**

## လူပျောက်ကြော်ငြာ



မောင်ပြည့်ဖြိုးကျော် (ခ) ဖိုးလပြည့် အသက် (၁၄)နှစ် အရပ် ၅ပေ ၃လက်မ ဖြူဖြူ၀၀ နှုတ်ခမ်းထူသူသည် ၁-၂-၂၀၁၆ရက် (တနင်္လာနေ့)တွင် ပျောက်သွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

"ဖိုးလပြည့် မင်းဆရာတော်များက မင်းကို စိတ်ပူနေတယ်၊ ခွင့်လွှတ်တယ်၊ ရောက်ရာအရပ်မှ အမြန်ပြန်လာပါ"

တွေ့ရှိအကြောင်းကြားသူအား အထူးကျေးဇူးဆပ်ပါမည်။

**ဖုန်း-၀၉-၂၅၅၉၂၄၂၁၈၊ ၀၉-၇၃၁၁၄၂၆၅၊**
**၀၉-၄၉၃၁၇၆၅၈၊ ၀၉-၇၉၅၇၃၂၀၇၃**

**OHSAMA Japanese Restaurant**
**(Hot Pot, B.B.Q, Japanese Food)**
**(ဖေဖော်ဝါရီလ တစ်လလုံးအထူး Promotion အစီအစဉ်)**
**မီးသွေးမီးဖိုဖြင့် B.B.Q စတင်ခြင်းအဖြစ်**

- Japan Beef, Black Pork, Chicken and Natural Sea Foods-20%Discount
- တစ်လအတွင်း ဒုတိယအကြိမ် ထပ်မံလာရောက်အားပေးသော ဧည့်ပရိသတ်များအား 30% Discount ရရှိမည် ဖြစ်ပါသည်။
- Special Menu - လေးဦးနှင့်အထက် တစ်ဦးလျှင် (12000 Ks) ကြိုက်နှစ်သက်ရာမှာအဝစား
- လာရောက်အားပေးသော ဧည့်ပရိသတ်အားလုံးအား Dessert အဖြစ် (ကူလ်ဖီး) လက်ဆောင်ဧည့်ခံကျွေးမွေးပါမည်။

No.28/B, Pho Sein Road, Natmauk Quarter, Tamwe Ts.
Ph : 01-555539, 09-31382082, 09-30224438
Lunch - 11:00 am to 3:00 pm & Dinner - 5:00 pm to 11:00pm

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဌ/၃၂၅၅၃၊ Mandalar F/T (GBM-V), F/T(4x2) (L) D/B ယာဉ်လက်ဝယ်ရှိသူ ဥတ်(ဒ်) ဘရားသား Co.,Ltd.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဌ/၃၉၄၆၄၊ Mandalar F/T (GBM-V), F/T(4x2) (L) D/B ယာဉ်လက်ဝယ်ရှိသူ ဥတ်(ဒ်)ဘရားသား Co.,Ltd.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးအုံးကြည် ၁၀/ခဆန(နိုင်)၀၉၀၄၆၀၏ Passport (No. မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၆၁၈၂၇၀၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ် မ-၈၊ ဦးပိုင်အမှတ် ၃၂၊ ၆၂×၆၃ကြား၊ သိပ္ပံ×ပိတောက်ကြားရှိ ဗိုလ်မှူးကြီးစောခင်စိုး အမည်ပေါက် ဂရန် မြေကွက်အား မန္တလေးခရိုင်တရားရုံး၏တရားမကြီးမှုအမှတ်၂၇၇/၂၀၁၅ဖြင့် အနိုင်ရရှိခဲ့သော ဗိုလ်မှူးကြီး စောခင်စိုး(ငြိမ်း) ၁၃/ကလန(နိုင်)၀၀၅၄၈၅ မှ ဂရန်မူရင်း ပျောက်ဆုံးသွားပါသဖြင့် အမှုတွဲအမှတ် ၃၃၇၉/၂၀၁၅-၂၀၁၆နှင့် ဂရန်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ဖ-၉၊ ဦးပိုင်အမှတ် ၇၄၊ ၅၈×၅၉၊ မြတ်လေး×ပိတောက်ကြားရှိဦးသောင်းညွန့်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးသန်းဆွေ ၉/ကဘလ(နိုင်)၁၄၀၆၁၃မှ မြေချထားမိန့်မူရင်းပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်ချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲ ဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# အား/ကာသိပ္ပံ(ရန်ကုန်) အောင်ပွဲရကစားသမားများအား ဆုချီးမြှင့်

**ရန်ကုန် ဖေဖော်ဝါရီ ၆**

အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး) အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သည့် အား/ကာသိပ္ပံ(ရန်ကုန်)မှ ရွှေတံဆိပ်ရရှိခဲ့သော ကစားသမားများအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် ညနေပိုင်းက ယင်းကျောင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။




ရှေးဦးစွာ အခမ်းအနားတွင် အား/ကာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ အား/ကာသိပ္ပံပေါင်းစုံ အားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်ရရှိခဲ့သည့် အားကစားသမားများနှင့် အုပ်ချုပ်နည်းပြအဖွဲ့ဝင်များအား အား/ကာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီးနှင့် ဒုတိယကျောင်းအုပ်ကြီးများဖြစ်သည့် ဦးထွန်းဖေနှင့် ဒေါ်အေးအေးမွန်တို့က ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ **(ဓာတ်ပုံ)**

အား/ကာသိပ္ပံပေါင်းစုံ အားကစားပြိုင်ပွဲကို အားကစားနည်း ၂၉ မျိုး ထည့်သွင်းကျင်းပခဲ့ပြီး ရွှေ ၁၄၅ ခု၊ ငွေ ၁၁၀၊ ကြေး ၁၁၃ ခု ဆွတ်ခူးရရှိကာ ပထမနေရာ ရရှိခဲ့သည်။

**ဖိုးသော်ဇင်**

---

◆ **ကျော့ဖုံးမှ**

အသင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဧရာဝတီအသင်းမှာ အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာပြီး ရှမ်းယူနိုက်တက်အသင်းမှာ ပွဲထွက်လူစာရင်းကို အနည်းငယ် အပြောင်းအလဲ ပြုလုပ်ခဲ့သည်။ ရန်ကုန်အသင်းကို အနိုင်ကစားထားသည့် ဧရာဝတီအသင်းမှာ ပွဲစကတည်းကခြေအသာဖြင့် ဖိကစားနိုင်ခဲ့ပြီး ကျော်ဇေယျာဝင်းနှင့် အောင်ကျော်နိုင်တို့၏ ကန်ချက်များ ဘားထိ၊ တိုင်ထိထွက်ခဲ့၍ နစ်နာခဲ့ရသည်။ ပထမပိုင်းတွင် ဂိုးမရခဲ့သည့် ဧရာဝတီအသင်းသည် ဒုတိယပိုင်း ၅၂ မိနစ်တွင် သီဟဇော်၊ ၆၅ မိနစ်တွင် အောင်ကျော်နိုင်တို့က သွင်းယူခဲ့သည်။

ထို့နောက် ရှမ်းနှင့် ဧရာဝတီ ကစားသမားအချို့ ခိုက်ရန်ဖြစ်ပွားခဲ့ပြီး ဧရာဝတီအသင်းမှ ကျော်ဇေယျာဝင်းနှင့် ရှမ်းယူနိုက်တက်အသင်းမှ ဘာရှက်တို့ အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသော ပွဲတွင် ရတနာပုံအသင်းက Southern အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ရတနာပုံအသင်းမှာ ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး အနိုင်ဂိုးများကို ကိုးမိနစ်တွင် ဝီလျံ၊ ၄၁ မိနစ် နှင့် ၅၃ မိနစ်တွင် မာတူနာတို့ကသွင်းယူပေးခဲ့သည်။

**ယနေ့ပွဲ**

**(မုံရွာကွင်း)**

ဇေယျာရွှေမြေ-ဇွဲကပင်

(အောင်ဆန်းကွင်း)

ရခိုင်-မကွေး

**(သုဝဏ္ဏကွင်း)**

ဟံသာဝတီ-Horizon

---



**ထိပ်ဆုံး၌ ဦးဆောင်နေသည့် တောင်အာဖရိကမှ Norris ။**

(ဓာတ်ပုံ-ဖိုးသော်ဇင်)

○ **ကျော့ဖုံးမှ**

ပြိုင်ဘက်များကို အသာရခဲ့ခြင်း ဖြစ်သည်။ Junwon Park (တောင်ကိုရီးယား)၊ Azuma Yano (ဂျပန်)၊ Jeungwun Wang (တောင်ကိုရီးယား)၊ Chawrasia (အိန္ဒိယ) တို့က သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်စီ လျှော့ရိုက်ကာ နောက်မှလိုက်နေသည်။ မြန်မာကစားသမားများထဲတွင် တစ်ဦးတည်းသော Cut ကျော်ခဲ့သည့် အောင်ဝင်းမှာ သတ်မှတ်ရိုက်ချက်ထက် လေးချက်လျှော့ရိုက်ပြီး အဆင့် ၆၀ နေရာ၌ ရပ်တည်နေသည်။

နောက်ဆုံးနေ့ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အားကစားဝါသနာရှင်များ အခမဲ့ကြည့်ရှုနိုင်ကာ ကံစမ်းမဲအစီအစဉ်များ ထည့်သွင်းထားကြောင်း သိရသည်။

**သတင်း-ရဲရင့်ရှိုင်း**

---

● **ကျော့ဖုံးမှ**

ပါဝင်ခဲ့သည်။ ဇယားထိပ်မှ ဧည့်သည်လက်စတာအသင်းသည် ၄-၄-၂ ကစားကွက်ဖြင့် ဗာဒီ၊ အိုကာဇာကီ၊ ဒရင့်ဝါတာ၊ မာရက်ဇ်၊ အယ်ဘရိုက်တန်၊ ကန်တီ၊ မော်ဂန်၊ ဒန်နီဆင့်ဆန်း၊ ခရစ္စတီန်းဖက်ချ်၊ ရိုဘတ်ဟတ်နှင့် ဂိုး-ကပ်စ်ပါရှမိုက်ကယ်တို့ ပွဲထွက်ခဲ့သည်။ပွဲစပြီး ၃ မိနစ်တွင် မာရက်ဇ် ဖန်တီးပေး၍ နောက်တန်းကစားသမား ရိုဘတ်ဟတ်က လက်စတာအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ပထမပိုင်းတွင် မန်စီးတီးအသင်း ချေပဂိုး သွင်းယူနိုင်ခြင်းမရှိဘဲ လက်စတာတို့ တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်း ၄၈ မိနစ်တွင် မာရက်ဇ်က လက်စတာအတွက် ဒုတိယဂိုးသွင်းယူခဲ့ပြီး ပွဲချိန် မိနစ် ၆၀ တွင် ရိုဘတ်ဟတ်က တတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ မန်စီးတီးအတွက် တစ်လုံးတည်းသော ချေပဂိုးကို တိုက်စစ်မှူး အဂူရိုက ပွဲချိန် ၈၇ မိနစ်တွင် သွင်းယူခဲ့သည်။ ယနေ့ပွဲတွင် မန်စီးတီးအသင်း ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၆ ကြိမ်အနက် လေးကြိမ်သာ ဂိုးပေါက်တည့်ခဲ့သည်။ လက်စတာအသင်းသည် ၁၀ ကြိမ်သာ ကန်သွင်းခွင့်ရခဲ့ပြီး ခုနစ်ကြိမ်အထိ ဂိုးပေါက်တည့်ခဲ့သည်။

မန်စီးတီးအသင်းသည် ၄၇ မှတ်သာရရှိထားပြီး လက်စတာအသင်းက ရမှတ် ၅၃ မှတ်ရရှိသွားပြီး မန်စီးတီးကို ခြောက်မှတ်ဖြတ်ထားကာ ဇယားထိပ်၌ ဆက်လက်ဦးဆောင်နေသည်။ ဖေဖော်ဝါရီ ၁၄ ရက်တွင် မန်စီးတီးသည် အိမ်ကွင်း၌ စပါးနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး လက်စတာအသင်းက အသင်းကြီးများနှင့် ဆက်တိုက်တွေ့ဆုံခဲ့ပြီး ၁၄ ရက်နေ့တွင် အာဆင်နယ်အသင်းကို အဝေးကွင်း၌ သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။



**လက်စတာတိုက်စစ်မှူး ဗာဒီ မန်စီးတီးဘက်သို့ ထိုးဖောက်နေစဉ်။**

---


# နွားနို့တိုက်ပါ



ကိုယ်ခန္ဓာဖွံ့ဖြိုးစေဖို့
ကျန်းမာသန်စွမ်းစေဖို့
ဉာဏ်ရည်ဉာဏ်သွေး
ကောင်းစေဖို့
အသားအရေလှပစေဖို့
ကျောင်းနေအရွယ်
သင့်ကလေးကို
နွားနို့တိုက်ပါစို့


## မြန်မာ့ရုပ်မြင်သံကြား News Channel ထုတ်လွှင့်မှုအစီအစဉ်

၇-၂-၂၀၁၆ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆း၀၀ | - | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | - | Business NEWS |
| ၈း၃၅ | - | အောင်မြင်သူနှင့်အတူ (ORCHIT Hotel ဦးငွေအောင်နှင့်တွေ့ဆုံခြင်း) |
| ၉း၃၅ | - | အနုပညာသတင်းအစီအစဉ် |
| ၁၀း၃၅ | - | ကဗျာရိပ်မြုံ **သပြေသီးကောက်** |
| ၁၁း၃၅ | - | ရွှေ့ပြောင်းအလုပ်သမားအစီအစဉ် |
| ၁၂း၅၀ | - | ဖြူမည်းရုပ်ရှင် **မှုံရွှေရည်** |
| | | **ညပိုင်း** |
| ၁၅း၄၅ | - | Ooredoo MNL-1 2016 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် **ရခိုင်ယူနိုက်တက်အသင်းနှင့် မကွေးအသင်း** |
| ၁၈း၁၅ | - | မသန်စွမ်းပေမယ့် စွမ်းသူများအတွက် ထင်ဟပ်ခဲ့သည့် MRTV |
| ၁၉း၁၅ | - | မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှစ် (၇၀) ပြည့် အထိမ်းအမှတ် ဆိုကြမယ်၊ ပျော်ကြမယ် ဆုသုံးကြိမ်နှင့်အထက်ရရှိသူများ၏ ဖျော်ဖြေမှုအစီအစဉ် |
| ၁၉း၃၀ | - | မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀)ပြည့် အထိမ်းအမှတ် စတီရီယိုတေးသံရှင်များ၏ ဖျော်ဖြေမှုအစီအစဉ် |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၀ | - | စတူဒီယိုရိုက်ကူးရေးအဖွဲ့ ဘဝအထွေထွေ |
| | - | ပြည်ထောင်စု ဆိုကြမယ်၊ ပျော်ကြမယ် |
| | - | MRTV Actor Star (ဒါရိုက်တာ-အောင်မြင့်မြတ်) (အပိုင်း-၁) |

**မှတ်ချက်။ ။နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

---

## မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့် မြန်မာ့ကျောက်မျက်ရတနာ နည်းဥပဒေများအတွက် အကြံပြုစာများပေးပို့ရန် ဖိတ်ခေါ်ခြင်း(မူကြမ်း)

၁။ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ၂၀၁၅ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၇၂ ဖြင့် ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင်လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေအား ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃ ဖြင့် ၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ထုတ်ပြန်ပြီးဖြစ်သဖြင့် ယင်းဥပဒေများနှင့် လိုက်လျောညီထွေဖြစ်မည့် နည်းဥပဒေများကို သတ္တုတွင်းဝန်ကြီးဌာနမှ ပြုစုလျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ နည်းဥပဒေများ ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ စိတ်ပါဝင်စားသူပြည်သူလူထုများ၊ ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သတ္တု/ ကျောက်မျက်ရတနာလုပ်ငန်းများနှင့်ပတ်သက်သူ Stakeholder များအနေဖြင့် အကြံပြုချက်များကို ၆-၃-၂၀၁၆ရက် နောက်ဆုံးထားပြီး အောက်ပါလိပ်စာများသို့ ပေးပို့နိုင်ပါသည်-

| | |
|---|---|
| (က) **မြန်မာ့သတ္တုတွင်းနည်းဥပဒေများ-** | ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန၊ ရုံးအမှတ် ၁၉၊ နေပြည်တော်။ deptmine@ gmail.com |
| (ခ) **မြန်မာ့ကျောက်မျက်ရတနာ- နည်းဥပဒေများ** | ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ နေပြည်တော်။ mge@e-mining gov.com |

၃။ လွှတ်တော်မှအတည်ပြုထားသည့် မြန်မာ့သတ္တုတွင်းဥပဒေပြင်ဆင်သည့်ဥပဒေကို ၂၆-၁၂-၂၀၁၅ရက် မြန်မာ့အလင်းသတင်းစာတွင်လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေအား ဝန်ကြီးဌာန၏ Website ဖြစ်သည့် (www.mining.gov.mm)တွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း အသိပေးအပ်ပါသည်။


**Y.E.S.** Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
**International English Language Centre**
တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများ အတွက်

**Basic Spoken English**
Mon to Thurs-10:00-12:00am 15 Feb
Mon to Thurs-1:00-3:00 pm 15,29 Feb
Mon to Thurs-3:00-5:00 pm 15,29 Feb
Sat & Sun - 9:00-12:00 am 27 Feb
Sat & Sun - 3:45-6:45 pm 27 Feb
Mon to Thurs-7:30-9:30 am 29 Feb
Mon to Thurs-5:30-7:00 pm 29 Feb
**Pre-Intermediate English**
Mon to Thurs-10:30-12:30 am 15 Feb
Mon to Thurs-7:30-9:30 am 22 Feb
Mon to Thurs-10:00-12:00am 29 Feb
Mon to Thurs-5:00-7:00pm 29 Feb
**Vocabulary Enrichment Course**
Sat & Sun - 10:00-12:00 am 20 Feb
**Grammar Foundation Course**
Mon to Thurs - 3:30-5:00 pm 29 Feb
**Structure & Written Expression**
Sat & Sun - 3:30-6:30pm 20 Feb
Sat & Sun - 12:30-3:30pm 6 Feb
Sat & Sun - 5:30-7:00pm 29 Feb
**Intermediate English**
Mon to Thurs-1:00-3:00 pm 29 Feb

**Basic Writing Course**
San & Sun - 12:30 - 3:30 pm 27 Feb
Mon to Thurs - 1:00-3:00 pm 29 Feb
**Academic Preparation For IELTS (API)**
Mon to Thurs - 10:30 - 12:30am 22 Feb
**SAT** Mon to Thurs -3:30-5:00pm 22 Feb
**IELTS**(Foundation) Mon to Thurs 5 :30 to 7pm 22 Feb
**IELTS**(Test Practice) San&Sun 10:30 to12:30am 27 Feb
**IELTS(Speaking)** San&Sun 1:00to3:30pm 27 Feb
**Academic Writing Course**
San & Sun - 5:00 - 7:00 pm 27 Feb
**NEW SAT** Mon to Thurs -5:30-7:15pm 22 Feb
**TOEFL** Mon to Thurs-5:30-7:15pm 22 Feb

**နွေရာသီကလေးများအတွက် အင်္ဂလိပ်စကားပြော သင်တန်းများ**
Level I G - 5 & 6 Mon to Thurs : 8-10am 14 Mar
Level II G - 7 & 8 Mon to Thurs : 8-10am 14 Mar
Level III G - 9 & 10 Mon toThurs:8-10am 14 Mar

No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910


### ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ အထက(၁) အဌမတန်း (က)မှ မယွန်းဆုရည်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးမိုးဦး ၉/မကန(နိုင်)၀၀၉၃၁၅ဖြစ်ပါသည်။

**ဦးမိုးဦး**

### တစ်ဦးတည်းဖြစ်ကြောင်းနှင့် ဖခင်အမည်မှန်

ဝိုင်းမော်မြို့၊ အထက (၂)၊ နဝမတန်း (D) မှ မဖြူမီးနှင့်မဖြိုးမီးမှာ တစ်ဦးတည်းဖြစ်ပြီး ဖခင်ဦးခယ်လေး၏ အမည်မှန်မှာ ဦးမာနာဆီ ဖြစ်ပါသည်။

### အမည်ပြောင်း

ဦးဇော်ထွန်း၏သမီး မော်လမြိုင်မြို့၊ အထက(၆)၊ ဆဋ္ဌမတန်း(F)တွင် ပညာသင်ကြားလျက်ရှိသည့် မဆုပိုပိုအောင်၏ အမည်အား မဇာဇာဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

**မဇာဇာဖြိုး**

### ပျောက်ဆုံးကြောင်း

ကလေးမြို့နေ ကျွန်မဒေါ်သိန်းနု ၅/ကလထ(နိုင်)၀၀၉၈၇၈ (KLO-၀၁၃၇၁၃) ၏ နိုင်ငံကူးလက်မှတ်စ်ပို့စာအုပ် (နံပါတ်မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဒေါ်သိန်းနု**

**ဖုန်း-၀၇၃-၂၂၇၃၆**

# ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

## နေပြည်တော်ကောင်စီ

ဇယား(၁၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၈,၅၀၅ | | | | | | | | | ၈,၅၀၅ |
| | ပေါင်း | | | | ၈,၅၀၅ | | | | | | | | | ၈,၅၀၅ |

ဇယား(၁၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၇၉၆,၇၄၀ | | ၈၀၀,၀၀၀ | ၈,၇၆၃,၇၂၀ | | | | | ၁၀,၃၆၀,၄၆၀ |
| | ပေါင်း | | ၇၉၆,၇၄၀ | | ၈၀၀,၀၀၀ | ၈,၇၆၃,၇၂၀ | | | | | ၁၀,၃၆၀,၄၆၀ |

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား(၁၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌကတာဝန်ပေးသူ | ၄၉၂,၄၀၀ | | ၂၈,၀၃၉,၁၆၀ | | ၁၀,၆၆၆,၂၁၄ | ၂၃၃,၆၅၀ | | | | | | ၃၉,၄၃၁,၄၂၄ |
| | ပေါင်း | | ၄၉၂,၄၀၀ | | ၂၈,၀၃၉,၁၆၀ | | ၁၀,၆၆၆,၂၁၄ | ၂၃၃,၆၅၀ | | | | | | ၃၉,၄၃၁,၄၂၄ |

ဇယား(၁၆)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌကတာဝန်ပေးသူ | ၂၅,၃၅၁,၄၃၉ | | ၁၀,၆၆၆,၂၁၄ | ၃,၄၀၇,၀၀၀ | | | | | ၃၉,၄၂၄,၆၅၃ |
| | ပေါင်း | | ၂၅,၃၅၁,၄၃၉ | | ၁၀,၆၆၆,၂၁၄ | ၃,၄၀၇,၀၀၀ | | | | | ၃၉,၄၂၄,၆၅၃ |

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဇယား(၁၇)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၄၃၅,၀၅၁,၉၇၂ | | | | | | | | | ၄၃၅,၀၅၁,၉၇၂ |
| | ပေါင်း | | | | ၄၃၅,၀၅၁,၉၇၂ | | | | | | | | | ၄၃၅,၀၅၁,၉၇၂ |

ဇယား(၁၈)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၃၀၆,၅၀၀,၈၈၉ | | | ၁,၆၈၂,၉၄၄ | | | | | ၃၀၈,၁၈၃,၈၃၃ |
| | ပေါင်း | | ၃၀၆,၅၀၀,၈၈၉ | | | ၁,၆၈၂,၉၄၄ | | | | | ၃၀၈,၁၈၃,၈၃၃ |

# ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပြဋ္ဌာန်း

**၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေ**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၂ ။)**
**၁၃၇၇ ခုနှစ်၊ပြာသိုလပြည့်ကျော် ၁ ရက်**
**(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ၂၅ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်၊ စတင်အကျိုးသက်ရောက်သည့် နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဟုခေါ်တွင် စေရမည်။
(ခ) ဤဥပဒေအခန်း(၅)ပါအထူးကုန်စည်ခွန်၊ အခန်း(၆)ပါ ကုန်သွယ်လုပ်ငန်းခွန်နှင့်စပ်လျဉ်း၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။
(ဂ) ဤဥပဒေ အခန်း (၇)ပါဝင်ငွေခွန်နှင့်စပ်လျဉ်း၍-
(၁) ဤဥပဒေပုဒ်မ ၁၉ ပါလစာမှဝင်ငွေနှင့် ပုဒ်မ ၂၄ တို့ပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။
(၂) ကျန်ပြဋ္ဌာန်းချက်များသည်၂၀၁၆-၂၀၁၇ ဝင်ငွေနှစ်မှစ၍အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-
(က) **အခွန်အကောက်**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့်အခွန်အကောက်ကို ဆိုသည်။
(ခ) **ဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကို ဆိုသည်။
(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက်ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူ ကောက်ခံသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီ တို့ကိုဆိုသည်။
(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**ဆိုသည်မှာ နှစ်အလိုက်ထုတ်ပြန်သည့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကိုဆိုသည်။
(င) **အခွန်နှုန်း**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကို ကောက်ခံရန်သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကိုဆိုသည်။

**အခန်း(၂)**
**ကောက်ခံရန်အခွန်လျာထားချက်**

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏အခွန်ရငွေသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ ဇယား(၁)ပါအခွန်အကောက်ကောက်ခံရန် လျာထားချက်ဖြစ်သည်။

**အခန်း(၃)**
**အခွန်နှုန်းများ သတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း**

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက် အမျိုးအစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါ အခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါအခွန်အကောက်နှုန်းထားများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း ဆောင်ရွက်လိုလျှင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ဇယား(၁)ပါ အခွန် ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှု အခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။
(ခ) ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့လာသည့်အခွန်အကောက် ကောက်ခံရရှိမှု စာရင်းများကို စုစည်း၍ ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့်သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား(၁)ပါအခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှု အခြေအနေကိုခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံ တင်ပြရမည်။

**အခန်း(၄)**
**သက်ဆိုင်ရာဝန်ကြီးဌာန၏တာဝန်နှင့် လုပ်ပိုင်ခွင့်**

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ဇယား(၁)ပါ အခွန်အကောက်ကောက်ခံရန်လျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံ စီမံကြီးကြပ်ရမည်။

၉။ ပြည်ထောင်စုအစိုးရဘဏ္ဍာရေးဝန်ကြီးဌာနသည် ဤဥပဒေပါအထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့်ဝင်ငွေခွန် ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ယင်းတို့၏မူလအဓိပ္ပာယ်မပြောင်းလဲစေဘဲရှင်းလင်းစွာ သိရှိလိုက်နာ ဆောင်ရွက်နိုင်စေရန် လိုအပ်ပါက ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကိုနိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊အမျိုးသားလွှတ်တော်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏ အကူအညီကို ရယူနိုင်သည်။

**အခန်း(၅)**
**အထူးကုန်စည်ခွန်**

၁၁။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်းပြဋ္ဌာန်းလိုက်သည်-

**အထူးကုန်စည်များ**

(က) အောက်ဇယားပါ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ပြည်ပမှ တင်သွင်းသည့် အထူးကုန်စည်ဖြစ်လျှင် အခွန်ကို ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင်လည်းကောင်း၊ ပြည်တွင်း၌ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနကဖော်ပြသော ရောင်းဈေးတန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက်များရာတန်ဖိုးငွေအပေါ်တွင်လည်းကောင်း ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းအရ အခွန်ကျသင့်စေရမည်-

| စဉ် | အထူးကုန်စည်အမျိုးအစား | ဈေးကွက် ပေါက်ဈေး တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁။ | (က)စီးကရက်အမျိုးမျိုး | အလိပ်၂၀ အထိပါတစ်ဘူးရောင်းဈေး ကျပ် ၄၀၀အထိအဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၃ကျပ် |
| | (ခ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၄၀၁ ကျပ်မှ ကျပ် ၆၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၈ကျပ် |
| | (ဂ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး | တစ်လိပ်လျှင် ၁၂ ကျပ် |
| | (ဃ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ အထိပါ တစ်ဘူးရောင်းဈေး ၈၀၁ ကျပ်နှင့်အထက်အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၅ ကျပ် |
| | (င) စီးကရက်အမျိုးမျိုး (ပြည်ပမှတင်သွင်းခြင်းဖြစ်လျှင်) | ကုန်းပေါ်ရောက် တန်ဖိုး၏ | ၁၂၀ % |
| ၂။ | ဆေးရွက်ကြီး။ | | ၆၀ % |
| ၃။ | ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး။ | | ၆၀ % |
| ၄။ | ဆေးပေါ့လိပ်။ | | ၆၀ % |
| ၅။ | ဆေးပြင်းလိပ်။ | | ၆၀ % |
| ၆။ | ဆေးတံသောက်ဆေးများ။ | | ၆၀ % |
| ၇။ | ကွမ်းစားဆေးအမျိုးမျိုး။ | | ၆၀ % |
| ၈။ | (က) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုးကျပ် ၅၀၀ အထိ ဖြစ်လျှင် | တစ်လီတာ ၅၆ ကျပ် |
| | (ခ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၅၀၁ ကျပ် မှ ကျပ် ၁၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၆၉ ကျပ် |
| | (ဂ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၀၀၁ ကျပ် မှ ကျပ် ၁၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၈၁ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး၁၅၀၁ ကျပ်မှ ကျပ် ၂၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၃၉၄ ကျပ် |
| | (င) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး၂၀၀၁ ကျပ်မှ ကျပ် ၂၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၅၀၆ ကျပ် |
| | (စ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး၂၅၀၁ ကျပ်မှ ကျပ် ၃၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၆၁၉ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ် မှ ကျပ် ၃၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၇၃၁ ကျပ် |
| | (ဇ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၃၅၀၁ ကျပ် မှကျပ် ၄၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၈၄၄ ကျပ် |
| | (ဈ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး၄၀၀၁ ကျပ် မှ ကျပ် ၅၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၀၀၃ ကျပ် |
| | (ည) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၅၀၀၁ ကျပ် မှ ကျပ် ၆၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၂၃၈ ကျပ် |
| | (ဋ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ် မှ ကျပ် ၇၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၄၆၃ ကျပ် |
| | (ဌ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၇၀၀၁ ကျပ် မှ ကျပ် ၈၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၆၈၈ ကျပ် |
| | (ဍ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၈၀၀၁ ကျပ် မှ ကျပ် ၉၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၁၉၁၃ ကျပ် |
| | (ဎ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၉၀၀၁ ကျပ် မှကျပ် ၁၀၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၂၁၃၈ ကျပ် |
| | (ဏ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၀၀၀၁ ကျပ် မှကျပ် ၂၀၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ၃၃၇၅ ကျပ် |
| | (တ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၀၀၀၁ ကျပ် နှင့်အထက်အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၆၀% |
| | (ထ) အရက်အမျိုးမျိုး (ပြည်ပမှ တင်သွင်းခြင်းဖြစ်လျှင်) | ကုန်းပေါ်ရောက် တန်ဖိုး၏ | ၆၀ % |
| ၉။ | ဘီယာအမျိုးမျိုး။ | | ၆၀ % |
| ၁၀။ | (က) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ကျပ် ၅၀၀ အထိ ဖြစ်လျှင် | တစ်လီတာ ကျပ် ၅၀ |
| | (ခ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး၅၀၁ ကျပ် မှကျပ် ၁၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် ၁၅၀ |
| | (ဂ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၀၀၁ ကျပ် မှ ကျပ် ၁၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ်၂၅၀ |
| | (ဃ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး၁၅၀၁ ကျပ်မှ ကျပ် ၂၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် ၃၅၀ |
| | (င) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၀၀၁ ကျပ် မှ ကျပ် ၂၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် ၄၅၀ |
| | (စ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၂၅၀၁ ကျပ် မှ ကျပ် ၃၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် ၅၅၀ |
| | (ဆ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၃၀၀၁ ကျပ် မှ ကျပ် ၃၅၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် ၆၅၀ |
| | (ဇ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး၃၅၀၁ ကျပ် မှကျပ် ၄၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် ၇၅၀ |
| | (ဈ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး၄၀၀၁ ကျပ် မှကျပ် ၅၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် ၉၀၀ |
| | (ည) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး၅၀၀၁ ကျပ် မှကျပ် ၆၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် ၁၁၀၀ |
| | (ဋ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၆၀၀၁ ကျပ် မှကျပ် ၇၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် ၁၃၀၀ |
| | (ဌ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၇၀၀၁ ကျပ် မှကျပ် ၈၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် ၁၅၀၀ |

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

| စဉ် | အထူးကုန်စည်အမျိုးအစား | ဈေးကွက် ပေါက်ဈေး တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| | (ဃ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၈၀၀၁ကျပ် မှကျပ် ၉၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် ၁၇၀၀ |
| | (ပ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၉၀၀၁ ကျပ် မှကျပ် ၁၀၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် ၁၉၀၀ |
| | (ဏ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး ၁၀၀၀၁ ကျပ် မှကျပ် ၂၀၀၀၀ အထိအဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် ၃၀၀၀ |
| | (တ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး၂၀၀၀၁ ကျပ် နှင့်အထက်အဆင့်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ ၅၀% |
| | (ထ) ဝိုင်အမျိုးမျိုး (ပြည်ပမှတင်သွင်းခြင်း ဖြစ်လျှင်) | ကုန်းပေါ်ရောက် တန်ဖိုး၏ | ၅၀% |
| ၁၁။ | ကျွန်းနှင့် သစ်မာသစ်လုံးများ၊ တစ်ဆယ်လက်မပတ်လည်နှင့် အထက်ကျွန်းနှင့် သစ်မာ သစ်ခွဲသားများ။ | | ၂၅ % |
| ၁၂။ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန် ကျောက်မျက် ရတနာ အရိုင်းထည်များ။ | | ၂၀ % |
| ၁၃။ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာအချောထည်များနှင့် လက်ဝတ်ရတနာများ။ | | ၅ % |
| ၁၄။ | Double Cab 4 Door Pickup မှအပ **1800 CC** အထက်ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး(Coupe) ကားများ။ | | ၂၅ % |
| ၁၅။ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | ၅ % |
| ၁၆။ | သဘာဝဓာတ်ငွေ့။ | | ၈ % |

(ခ) အောက်ပါအထူးကုန်စည်များကို ပြည်ပသို့တင်ပို့ရောင်းချသူသည် ယင်းရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန်ကျသင့်စေရမည်။ ဖော်ပြပါ အထူးကုန်စည်များမှတစ်ပါး ကျန်အထူးကုန်စည်များကို ပြည်ပသို့တင်ပို့ခြင်းအတွက် ရောင်းရငွေအပေါ် သုညရာခိုင်နှုန်းဖြင့် အထူးကုန်စည်ခွန်ကျသင့်စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်အထူးကုန်စည်ခွန်မှ ကုန်စည်ကိုဝယ်ယူစဉ်၊တင်သွင်းစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်ကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ရမည်-

| စဉ် | ကုန်စည်အမျိုးအစား | အခွန်နှုန်း |
|---|---|---|
| (၁) | သဘာဝဓာတ်ငွေ့။ | ၈% |
| (၂) | ကျွန်းနှင့် သစ်မာသစ်လုံးများ၊ တစ်ဆယ်လက်မပတ်လည်နှင့်အထက် ကျွန်းနှင့် သစ်မာသစ်ခွဲသားများ။ | ၅၀% |
| (၃) | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ။ | ၂၀% |
| (၄) | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များနှင့်လက်ဝတ်ရတနာများ။ | ၅% |

၁၂။ အထူးကုန်စည်ခွန်ဥပဒေအရ အခွန်ကျသင့်သည့်အထူးကုန်စည်များအနက် သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများက ပြည်တွင်း၌ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့်ဆေးပြင်းလိပ် ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေစုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ ထက်မပိုလျှင် အထူးကုန်စည်ခွန် စည်းကြပ်ခြင်းမပြုရ။

၁၃။ ဤဥပဒေ၏ အခန်း(၅)တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အထူးကုန်စည်ခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

**အခန်း (၆)**

**ကုန်သွယ်လုပ်ငန်းခွန်**

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်းပြဋ္ဌာန်းလိုက်သည်-

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ**

(က) အောက်ဖော်ပြပါ ကုန်စည်တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ။ |
| ၂ | ဂျုံစေ့၊ ဂျုံမှုန့်အနု၊ အကြမ်း၊ ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း။ |
| ၃ | ပြောင်းအမျိုးမျိုးနှင့် အခြားနှံစားသီးနှံများ၊ ပြောင်းမှုန့်များ၊ အခြားနှံစား သီးနှံမှုန့်များ။ |
| ၄ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ။ |
| ၅ | မြေပဲတောင့်၊ မြေပဲဆန်။ |
| ၆ | နှမ်း၊ပန်းနှမ်း။ |
| ၇ | မုန်ညင်းစေ့၊ နေကြာစေ့၊ မန်ကျည်းစေ့၊ ဝါစေ့။ |
| ၈ | ဆီအုန်း။ |
| ၉ | ဝါအမျိုးမျိုး။ |
| ၁၀ | ဂုန်လျှော်နှင့် အခြားလျှော်များ။ |
| ၁၁ | ကြက်သွန်ဖြူ ကြက်သွန်နီ။ |
| ၁၂ | အာလူး။ |
| ၁၃ | ပီလောပီနံဥ၊ ပီလောပီနံမှုန့်။ |
| ၁၄ | ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ။ |
| ၁၅ | သစ်သီးစိမ်းအမျိုးမျိုး။ |
| ၁၆ | ဟင်းသီးဟင်းရွက်များ။ |
| ၁၇ | ကြံ၊ သကြား၊ ထန်းလျက်၊ ကြံသကာ။ |
| ၁၈ | ပိုးစာရွက်။ |
| ၁၉ | ပရဆေးပင်။ |
| ၂၀ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်း မရှိသည့် သင်၊ သက်ငယ်၊ သပေါ့၊ ဓနိ၊ တောင်ထန်း၊ ဖာလာ၊ ဝဥ၊ သနပ်ခါးစသော လယ်ယာ ကိုင်းကျွန်းဥယျာဉ်ထွက်ကုန်များ။ |
| ၂၁ | ထင်း၊ ဝါး။ |
| ၂၂ | သက်ရှိ တိရစ္ဆာန်၊ ငါး၊ ပုစွန်များ။ |
| ၂၃ | ပိုးအိမ်။ |
| ၂၄ | ကြိမ် အကြမ်းအချော။ |
| ၂၅ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၆ | ချိပ်များ။ |
| ၂၇ | မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနု ဆီဖတ်စသည့် ဆီကြိတ်ပြီးအဖတ်များ။ |
| ၂၈ | ဆပ်ပြာမှုန့်ပြုလုပ်မည့်ကုန်ကြမ်း၊ ဆပ်ပြာပြုလုပ်မည့်ကုန်ကြမ်း၊ ဆပ်ပြာကြမ်း။ |
| ၂၉ | အရောင်ချွတ်ဖတ်။ |
| ၃၀ | အုန်းဆံချည်ခင်၊ အုန်းမှုတ်ခွံမီးသွေး။ |
| ၃၁ | လက်ဖက်စို၊ လက်ဖက်ခြောက် အမျိုးမျိုး။ |
| ၃၂ | တံဆိပ်ခေါင်းအမျိုးမျိုး(အခွန်အမှတ်တံဆိပ်အပါအဝင်)။ |
| ၃၃ | ချိပ်ပြားနှင့် တံဆိပ်နှိပ်ချိပ်များ။ |
| ၃၄ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ။ |
| ၃၅ | ငန်ပြာရည်အမျိုးမျိုး။ |
| ၃၆ | ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားဖွဲနုဆီ၊ ပဲပုပ်ဆီနှင့် ဆီအခဲများ။ |
| ၃၇ | ငါးစို၊ ပုစွန်စို၊ အသားစို။ |
| ၃၈ | ငါးခြောက်၊ ပုစွန်ခြောက်အမျိုးမျိုး။ |
| ၃၉ | ငါးချဉ်၊ ပုစွန်ချဉ်အမျိုးမျိုး။ |
| ၄၀ | ပုစွန်ဖွဲ၊ ငါးပေါင်းမှုန့်။ |
| ၄၁ | ငါး၊ ပုစွန် စသည့်ရေထွက်ပစ္စည်းများကို အခြေခံထုတ်လုပ်သည့် တန်ဖိုးမြှင့် ထုတ်ကုန်များ။ |
| ၄၂ | နို့၊ နို့မှုန့်အမျိုးမျိုး။ |
| ၄၃ | ငရုတ်သီး၊ ငရုတ်သီးမှုန့်။ |
| ၄၄ | နနွင်း၊ နနွင်းမှုန့်။ |
| ၄၅ | ချင်း။ |
| ၄၆ | ငါးပိအမျိုးမျိုး။ |
| ၄၇ | မန်ကျည်းမှည့်။ |
| ၄၈ | နိုင်ငံတော်အလံ။ |
| ၄၉ | စိပ်ပုတီးအမျိုးမျိုး။ |
| ၅၀ | ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက် အမျိုးမျိုး။ |
| ၅၁ | ထင်းအစားထိုး လောင်စာတောင့်။ |
| ၅၂ | အုန်းဆီ(စားအုန်းဆီမဟုတ်)။ |
| ၅၃ | ကြက်ဥ၊ ဘဲဥစသည့် ဥအမျိုးမျိုး။ |
| ၅၄ | ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့။ |
| ၅၅ | ဘာသာရေးဆိုင်ရာ အဝတ်အထည် (သင်္ကန်း စသည်တို့)။ |
| ၅၆ | ရေနံချေး။ |
| ၅၇ | ဆားအမျိုးမျိုး။ |
| ၅၈ | ကြက်ပေါင်စေး။ |
| ၅၉ | ကွမ်းသီး။ |
| ၆၀ | ဓာတ်မြေသြဇာ။ |
| ၆၁ | ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး။ |
| ၆၂ | လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ လယ်ယာနှင့်မွေးမြူရေး လုပ်ငန်းသုံး စက်နှင့် စက်အပိုပစ္စည်းများ။ |
| ၆၃ | တိရစ္ဆာန်၊ ငါး၊ ပုစွန်အစာ ကုန်ကြမ်း၊ ကုန်ချော ပစ္စည်းများ။ |
| ၆၄ | တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံး ဆေးဝါးများ။ |
| ၆၅ | မျိုးမြှင့်သားစပ်ရာတွင်အသုံးပြုရန် မျိုးရည်၊ မျိုးချောင်းများ။ |
| ၆၆ | ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာ ကွန်ထရိုလာနှင့် ဆိုလာအင်ဗာတာ (Solar Panel, Solar Charger Controller and Solar Inverter)။ |
| ၆၇ | ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်းကိရိယာတန်ဆာပလာများနှင့်အခြားဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာတန်ဆာပလာများ(ဆိုင်ရာဆေးရုံ၊ ဆေးခန်းများတွင်အသုံးပြုရန် ကိုယ်တိုင်တင်သွင်းသည့်ပစ္စည်းများအတွက်သာ)။ |
| ၆၈ | ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးရုံသုံး အဝတ်အစားနှင့် ဆေးရုံသုံးအထွေထွေပစ္စည်းများ(ဆိုင်ရာဆေးရုံ၊ ဆေးခန်းများတွင် အသုံးပြုရန် ကိုယ်တိုင်တင်သွင်းသည့် ပစ္စည်းများအတွက်သာ)။ |
| ၆၉ | အိမ်သုံးဆေးဝါးနှင့် အခြားလူသုံး ဆေးဝါးအမျိုးမျိုး (ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများနှင့် ကန့်သတ်ထားသောဆေးဝါးများမှအပ)။ |
| ၇၀ | ဆေးဝါးကုန်ကြမ်းများ။ |
| ၇၁ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် အသုံးပြုနိုင်သည့် ပညာအခြေပြု၊ အတတ်ပညာအခြေပြု စာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ် အမျိုးမျိုးနှင့် ယင်းစာအုပ်များ ထုတ်လုပ်ရန် စက္ကူများ၊ ခဲတံအမျိုးမျိုး။ |
| ၇၂ | ခဲတံလုပ်ရန်ခဲဆံ။ |
| ၇၃ | ကွန်ဒုံး(Condom)။ |
| ၇၄ | နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများသုံးလက်နက်ကိရိယာများ၊ ယာဉ်၊ ယန္တရားများ၊ ပစ္စည်းနှင့်ကိရိယာများ၊ ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၇၅ | နယ်ဘက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူး အမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ။ |
| ၇၆ | သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။ |
| ၇၇ | မီးသတ်ယာဉ်များ၊ နာရေးယာဉ်များ။ |
| ၇၈ | ပြည်ပသို့ထွက်ခွာမည့် ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့် နေရာတွင် နိုင်ငံခြားငွေဖြင့် ရောင်းချသည့်ပစ္စည်းများ။ |
| ၇၉ | နှစ်နိုင်ငံအကြား အပြန်အလှန် အခွင့်အရေးမှုနှင့် အကျုံးဝင်သည့် နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများ အသုံးပြုမည့် ကုန်စည်များ။ |
| ၈၀ | ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်မှကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများ စားသုံးရန် ဝယ်ယူသည့် ကုန်စည်များ။ |

ဆက်လက်ဖော်ပြပါမည်

## ခ ရီး သွ ား ဆေ ာ င် း ပါ း



ပဲခူးမြို့ကျက်သရေဆောင် ရွှေမော်ဓောဘုရား အဝင်မုခ်ဦးကို တွေ့ရစဉ်။

# ပဲခူးမြို့ဆီသို့

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ဓာတ်ပုံ-မောင်ချစ်ကြည်

**လှည်းကူးကအထွက် နေရောင်ကဖြာထွက်လာသည်။ ပတ်ဝန်းကျင်တစ်ခွင် ထင်ထင်လင်းလင်းရှိသွားပြီး လှုပ်ရှားသက်ဝင်နေသောမြင်ကွင်းက ပိုမိုပီပြင်သွားသည်။ ရန်ကုန်-မန္တလေးကားလမ်းဟောင်းပေါ် မောင်းနှင်လာသော မော်တော်ကားပေါ်လိုက်ပါရင်း ကားလမ်းဘေးဝဲယာမြင်ကွင်းများကို ကြည့်မိသည်။ ရိတ်သိမ်းပြီးလယ်ကွင်းများ၊ ဟင်းသီးဟင်းရွက် စိုက်ခင်းများနှင့် စိမ်းညို့အုပ်ဆိုင်းနေသော ကျေးရွာကို မြင်တွေ့ရသည်။ သည်တစ်ခေါက် ခရီးထွက်လာသည်က ရှုဖွယ်စုံလင်သည့် ပဲခူးမြို့တစ်ခွင်ဆီသို့။**

နေရောင်နုနုဖြာကျနေသော ကားလမ်းပေါ်တွင် စုန်ဆန်မောင်းနှင်သွားလာနေကြသော မော်တော်ယာဉ်များက ဥဒဟို။ ယခင်ကားလမ်းဟောင်းကို တိုးချဲ့ထားသဖြင့် မျက်နှာချင်းဆိုင်မှကားများကို အရှိန်မလျှော့ဘဲ ဘေးကင်းစွာမောင်းနှင်နိုင်သည်ကို သတိပြုမိသည်။

ရန်ကုန်-ပဲခူးက မိုင် ၅၀ ခန့်သာဝေးကွာရာ ကားလမ်းကောင်းမွန်သဖြင့် သွားလာရအဆင်ပြေသည်။ ရန်ကုန်မှ မြောက်ဘက်တွင် အဓိကကားလမ်းနှစ်သွယ်ရှိရာ ပြည်မြို့ဘက်သို့ ကားလမ်းနှင့် ပဲခူးဘက်သို့ တစ်လမ်းဖြစ်သည်။ ယခု ပဲခူးမြို့သို့သွားသောကားလမ်းပေါ်၌ ကျွန်တော်တို့ မော်တော်ယာဉ်ဖြင့် သွားလာနေကြခြင်းဖြစ်သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ပဲခူး၊ တောင်ငူ၊ ပြည်နှင့် သာယာဝတီခရိုင်များပါဝင်ကာ မြို့နယ်ပေါင်း ၂၈ မြို့နယ်ရှိသည်။ ပဲခူးမြို့က တိုင်းဒေသကြီးမြို့တော်ဖြစ်ပြီး ပဲခူးခရိုင် ပဲခူးမြို့နယ်အတွင်းတည်ရှိကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးလုပ်ငန်းများ အများဆုံးလုပ်ကိုင်ရာ ဒေသလည်းဖြစ်သည်။ ရန်ကုန်မှ ပဲခူးသို့လာရောက်ရာ ခရီးလမ်းတွင် ချောင်းကူးတံတားများဖြတ်ကျော်ခဲ့ရသည်ကို သတိပြုမိသလို မှိုင်းညို့နေသောပဲခူးရိုးမတောင်တန်းများကိုလည်း လှမ်းမြင်ရသည်။ ကားလမ်းဘေးဝဲယာတွင် အများဆုံးမြင်တွေ့ရသည်မှာ လယ်ကွင်းများပင်။

မကြာမီကျွန်တော်တို့ ပဲခူးမြို့အဝင်သို့ ရောက်ရှိလာသည်။ မြင်ကွင်းလည်း ပြောင်းသွားကာ မော်တော်ယာဉ်၊ ဆိုင်ကယ်၊ သုံးဘီးယာဉ်များရှုပ်ထွေးစွာမောင်းနှင်သွားလာနေသည်ကို မြင်တွေ့ရသည်။ ကားလမ်းဘေးဝဲယာတွင်လူနေတိုက်တာ အဆောက်အအုံများ၊ ဈေးဆိုင်များဖြင့်စည်ကားစွာ ရောင်းဝယ်ဖောက်ကားသွားလာနေကြသည်မှာ လူနေများလာပြီး ဖွံ့ဖြိုးတိုးတက်လာသော မြို့ပြ၏ အငွေ့အသက်များပင်ဖြစ်သည်။

**ပဲခူးမြို့သည် ရှေးခေတ်မင်းနေပြည်တော်ဖြစ်ခဲ့ပြီး ဟံသာဝတီမြို့တော်အဖြစ် မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သောမြို့ဖြစ်သည်။ ပဲခူးသည် မွန်ဘာသာစကား "ဖဲ့ရို့"မှ ဆင်းသက်လာခြင်းဖြစ်ပြီး ခြောက်လုန့်ကာ ဉပွါယ်တံမျှင် သုံး၍ရသောမြို့ဟု အဓိပ္ပာယ်ရသည်**

တကယ်တော့ ပဲခူးမြို့သည် ရှေးခေတ်မင်းနေပြည်တော်ဖြစ်ခဲ့ပြီး ဟံသာဝတီမြို့တော်အဖြစ် မြန်မာ့သမိုင်းတွင်ထင်ရှားခဲ့သောမြို့ဖြစ်သည်။ ပဲခူးသည် မွန်ဘာသာစကား "ဖဲ့ရို့" မှဆင်းသက်လာခြင်းဖြစ်ပြီး ခြောက်လုန့်ကာ ဉပွါယ်တံမျှင်သုံး၍ရသော မြို့ဟုအဓိပ္ပာယ်ရသည်။ မှတ်တမ်းများအရ သမလနှင့် ဝိမလညီနောင်တို့က ပဲခူးမြို့ကို စတင်တည်ထောင်ခဲ့ကြပြီး သမလမင်းဆက် ၁၇ ဆက်အုပ်ချုပ်ခဲ့ကြပြီးနောက် ၁၀၅၇ ခုနှစ် တိဿမင်းလက်ထက်တွင် မင်းဆက်ပြတ်ကာ ရွာကြီးတစ်ရွာအဖြစ် ရောက်ရှိခဲ့သည်ဟုဆိုသည်။ ၁၃၆၉ ခုနှစ် ဗညားဦးဘုရင်က ထီးနန်းစိုက်စတင်အုပ်ချုပ်ခဲ့ပြီးနောက် မင်းအဆက်ဆက်ပြောင်းကာ ၁၇၅၇ ခုနှစ်တွင် မွန်ဘုရင် ဗြမိုင်းဓိရာဇာလက်ထက်၌ အလောင်းမင်းတရားလက်အောက်ကျရောက်ခဲ့သည်။ ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီး ပဲခူးမြို့သည် အင်္ဂလိပ်လက်အောက်သို့ကျရောက်ခဲ့လေသည်။

ပဲခူးမြို့သမိုင်းတစ်ဝက်တစ်ပျက်ကို တွေးနေရင်း ကားဘရိတ်အုပ်လိုက်သဖြင့် ရှေ့လမ်းအတိုင်းမျှော်ကြည့်လိုက်ရာ ပဲခူးမြို့ ကျက်သရေဆောင် သမိုင်းဝင်ရွှေမော်ဓောစေတီကို ဖူးတွေ့လိုက်ရသည်။ ဝေဟင်သို့ ရွှေတောင်ကြီး ထိုးထွက်နေသည့်အလား ဖူးမြော်တွေ့ရှိလိုက်ရသည့် ရွှေမော်ဓောစေတီ။ ရွှေမော်ဓောစေတီခြေရင်းမြေပြင်တွင် ဘုရားဖူးလာ ပြည်တွင်းခရီးသွားများကို အုပ်စုလိုက်တွေ့ရသည်။ ဘုရားဖူးများကို တင်ဆောင်လာသော ဘတ်စ်ကားလေးစီးခန့်ရပ်ထားပြီး အနီးတွင် ကမ္ဘာလှည့်ခရီးသွား အချို့ကိုလည်း တွေ့ရသည်။

ရွှေမော်ဓောစေတီသည် မြန်မာ့သမိုင်းနှင့် မြန်မာနိုင်ငံတွင် ယနေ့အထိ ထင်ရှားသောစေတီတစ်ဆူဖြစ်ရာ ဘုရားဖူးများပြတ်သည်ဟု မရှိ၊ ကျွန်တော်တို့ စောင်းတန်းအတိုင်း ဖြည်းဖြည်းချင်းတက်ခဲ့ရာ ကျယ်ပြန့်သော စောင်းတန်းတစ်ဖက်တစ်ချက်တွင် ဈေးဆိုင်ခန်းငယ်များကို တွေ့ရသည်။ ဗုဒ္ဓဆင်းတုတော်ငယ်များ၊ ဆည်းလည်းများ၊ ကြေးစည်နှင့် ဘုရားဆွမ်းတော်တင်ရန် ကြေးလင်ပန်း၊ ရေခွက်၊ ဆွမ်းခွက်များနှင့် ဘာသာရေးစာအုပ်များကို ခင်းကျင်းချိတ်ဆွဲထားသည်။ အမှတ်တရအဖြစ် ဝယ်လိုသူဘုရားဖူးများအတွက် အသင့်ပင်။

ရွှေမော်ဓောစေတီရင်ပြင်တော်ပေါ်အရောက်တွင် ကျယ်ဝန်းသော ရင်ပြင်အနေအထားကြောင့် ရင်ထဲအေးချမ်းသွားသည်။ ရွှေမော်ဓောစေတီအား ဦးချဖူးမြော်ပြီး လက်ယာရစ်လှည့်လည်ကြည့်ညိုရာ ဘုရားဖူးများကို ဟိုတစ်စု၊ သည်တစ်စုတွေ့ရသည်။ ရင်ပြင်တော်တစ်နေရာတွင် ၁၉၁၇ ခုနှစ်က လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် ပြိုကျခဲ့သော စေတီတော်အထက်ပိုင်း အပျက်အစီးတစ်ခုပေါ်တွင် စေတီတည်ထားသည်ကို တွေ့မြင်ရသည်။ ရွှေမော်ဓောစေတီသည် ငလျင်ဒဏ်အကြိမ်ကြိမ်ခံခဲ့ရသော စေတီတစ်ဆူဖြစ်ကြောင်း တွေးမိသည်။

ရွှေမော်ဓောစေတီကို သာသနာသက္ကရာဇ် ၂၇၇ ခုနှစ်ခန့်က သထုံဘုရင် စူဠသီရိမာက တည်ထားကိုးကွယ်ခဲ့ပြီး စတင်တည်ထားကိုးကွယ်ခဲ့ချိန်က ဉာဏ်တော် ၂၇ တောင် သာရှိခဲ့သည်။ ထို့နောက် ဗညားဦးမင်းလက်ထက် ၁၃၅၂ ခုနှစ်တွင် ဉာဏ်တော် ၅၅ တောင်အမြင့်အထိ တည်ထားကိုးကွယ်ခဲ့ပြီး ၁၃၉၆ ခုနှစ်တွင် ငလျင်ဒဏ်ကြောင့် ပြိုကျခဲ့ရာ သားတော်ရာဇဓိရာဇ်မင်းက ၁၃၉၇ ခုနှစ်တွင် ဉာဏ်တော် အတောင် ၇၀ အထိရှိအောင် ပြင်ဆင်တည်ထားခဲ့သည်။

တစ်ဖန် ဓမ္မစေတီမင်းနှင့် ဘုရင်မကြီးရှင်စောပုတို့က ၁၄၅၈ ခုနှစ်တွင် စေတီတော်ဉာဏ်တော်ကို အတောင် ၁၅၀ အထိ တည်ထားကိုးကွယ်ခဲ့သည်။ ဆက်လက်ပြီး ကုန်းဘောင်ခေတ်ဘိုးတော်ဘုရားလက်ထက် ၁၇၈၆ ခုနှစ်တွင် ဉာဏ်တော် ၁၉၈ တောင် ၂ မိုက်အထိ တိုးမြှင့်တည်ထားခဲ့သည့်အပြင် နောက်ပိုင်းကာလများ၌ မွမ်းမံပြင်ဆင်မှုများပြုလုပ်ခဲ့ရာ ယခုအခါ ရွှေမော်ဓောစေတီတော်မှာ ဉာဏ်တော် ၃၇၁ ပေ ၉ လက်မအထိရှိနေရာ မြန်မာနိုင်ငံတွင် စေတီတော်ကိုယ်ထည်အမြင့်ဆုံးအဖြစ် ကြည်ညိုဖွယ်ရာ ဖူးမြော်ခွင့်ရရှိနေခြင်းဖြစ်သည်။ ရွှေမော်ဓောဘုရားကို ဖူးမြော်လေ့လာပြီးနောက်စေတီတော်မှ ပြန်ဆင်းခဲ့သည်။ ဘုရားဖူးလာသူအချို့ စောင်းတန်းအတိုင်းတက်လာကြသည်ကို တွေ့ရသည်။

ကျွန်တော်တို့ရွှေမော်ဓောစေတီမှ ပဲခူးမြို့ရှိ စိတ်ဝင်စားဖွယ်ရာ နေရာတစ်ခုဖြစ်သော လိပ်ပြာကန်သို့ထွက်ခဲ့သည်။ လမ်းတစ်လျှောက် မော်တော်ယာဉ်များ၊ ဆိုင်ကယ်နှင့်စက်ဘီးများကြောင့် မော်တော်ကားကို ဖြည်းဖြည်းချင်းသတိပြု မောင်းနှင်လာရသည်။ အနီးဝန်းကျင်ရှိ မြို့ရွာများကြောင့် ပဲခူးမြို့သည် စည်ကားဖွံ့ဖြိုးကာ လှုပ်လှုပ်ရှားရှားရှိနေသည်။ ရထားလမ်း၊ ကားလမ်းနှင့် ရေလမ်းများအသုံးပြုသွားလာ၍ရသဖြင့် ကုန်ရောင်းကုန်ဝယ်ဖြစ်ထွန်းရာ မြို့ကြီးတစ်မြို့အဖြစ် ရပ်တည်နေပြီဖြစ်သည်။



ကမ္ဘောဇသာဒီရွှေနန်းတော်ကို တွေ့မြင်ရစဉ်။

လိပ်ပြာကန်သို့ ရောက်ရှိခဲ့ရာ အနီးဝန်းကျင် လူနေအိမ်ခြေများကို တွေ့ရသည်။ အကျယ်အဝန်း ၉ ဒသမ ၆၇ ဧက ခန့်ကျယ်ဝန်းသော လိပ်ပြာကန်ရှိရေကိုအနီးဝန်းကျင်မှ နေထိုင်သူများက အားပြုသုံးစွဲကြကြောင်း သိရသည်။

လိပ်ပြာကန်သန့်ရှင်းမှုနှင့် သပ်ရပ်မှုများကို ထိန်းသိမ်းပြုပြင်မှု ရှိသော်လည်း ယခုထက်ပိုမိုအလေးထား ဆောင်ရွက်သင့်သည်ဟု တွေးမိသည်။ လိပ်ပြာကန်ကို ဓမ္မစေတီမင်းလက်ထက် ခရစ်နှစ် ၁၄၇၅ ခုနှစ်၌ တူးဖော်ခဲ့ခြင်းဖြစ်သည်။ လိပ်ပြာကန်မတူးဖော်မီ ဘုရင်မရှင်စောပုလက်ထက်က ဓမ္မစရ ရဟန်းတော်အား ဉယျာဉ်ကြီးတစ်ခုလှူဒါန်းခဲ့သည်။

*စာမျက်နှာ ၁၉ သို့*

စာမျက်နှာ ၁၈ မှ



ကျိုက်ပွန်ဘုရားကို ဖူးတွေ့ရစဉ်။

ဥယျာဉ်တော်အမည်မှာ လေပုံဥယျာဉ်အဖြစ် အမည်ပေးခဲ့ပြီး ရဟန်းဓမ္မစရလူထွက်ပြီး ဓမ္မစေတီမင်းအဖြစ် ရောက်ရှိချိန်၌ ဥယျာဉ်အနီးတွင် ရေကန်ကြီးတစ်ကန်ကိုတူးဖော်ခဲ့ရာမှ လေပုံကန်ဟု ခေါ်ဆိုခဲ့ကြသဖြင့် နောင်အခါ လေပုံကန်မှ လိပ်ပြာကန်ဟု ရွေ့လျားပြောင်းလဲခေါ်ခဲ့ကြခြင်းဖြစ်ကြောင်း မှတ်တမ်းများလေ့လာခဲ့ဖူးသည်ကို ပြန်တွေးမိသည်။ လိပ်ပြာကန်အတွင်းမှရေများမှာ ကုန်ခမ်းသွားခြင်းမရှိချေ။ လိပ်ပြာကန်ထက်တွင် ရှင်ဥပဂုတ္တ ရဟန္တာမြတ်ကို ပြာသဒ်ဆောင်ဖြင့် စံမြန်းနေသည်ကို တွေ့ရသည်။ လိပ်ပြာကန်ကို အတန်ကြာကြည့်ရှုလေ့လာပြီးနောက် ပြန်ထွက်လာခဲ့သည်။

ပဲခူးမြို့က နေ့ခင်းအပူရှိန်ပြင်းပြင်းအောက်တွင် လှုပ်ရှားစည်ကားနေမြဲပင်။ မွန်းလွဲ ၁ နာရီရှိပြီဖြစ်ရာ ထမင်းဆိုင်တစ်ဆိုင်အတွင်း ဝင်ရောက်ခဲ့သည်။ ငါးနုသန်းဆီပြန်၊ မုန်လာပင်ပေါက်အချဉ်ရည်၊ ပဲခူးမှနာမည်ကျော် မနီငါးချဉ်သုပ်၊ တို့စရာ အသီးအရွက်အစုံအလင်ဖြင့် စားရသည်မှာ မြိန်လှသည်။ ရေချိုငါးများမျိုးစုံထွက်ရာ ပဲခူးမြို့ဝန်းကျင်က ပဲခူးမြို့သို့ အဓိကတင်ပို့ရောင်းချရာ ပဲခူးမြို့ထမင်းဆိုင်များက ငါးမျိုးစုံဟင်းအမယ်ပေါင်းများစွာ ရရှိလေသည်။

ထမင်းစားပြီးနောက် ပဲခူးမြို့နာမည်ကြီးနေရာတစ်ခုဖြစ်သော ကမ္ဘောဇသာဒီနန်းတော်ဘက်သို့ ထွက်ခဲ့သည်။ ရှေးခေတ်က ဟံသာဝတီမင်းနေပြည်တော်ဖြစ်ခဲ့သော ပဲခူးမြို့က ရှေးဟောင်းအဆောက်အအုံများစွာ တည်ရှိနေသည်။ ယင်းတို့အထဲတွင် ကမ္ဘောဇသာဒီနန်းတော်က ထိပ်ဆုံးမှပါဝင်နေသည်။ ကမ္ဘောဇသာဒီနန်းတော်ရှေ့သို့ရောက်ရှိချိန်တွင် ပြန်လည်တည်ဆောက်ထားသော ခံ့ညားထည်ဝါလှသည့် နန်းတော်ကြီးကိုမြင်တွေ့ရပြီး ဘုရင့်နောင်မင်းတရားကို ပြန်လည်မှန်းဆနေမိသည်။

ကမ္ဘောဇသာဒီနန်းတော်အတွင်း ဝင်ရောက်ခဲ့ရာ ရွှေပိန်းချနန်းတော် တိုင်လုံးကြီးများကို ခံ့ထည်စွာတွေ့မြင်

**ကျိုက်ပွန်သည် မွန်ဘာသာစကားဖြစ်ပြီး ဘုရားလေးဆူဟု အဓိပ္ပာယ်ရသည်။ ဓမ္မစေတီမင်းက ခရစ်နှစ် ၁၄၇၆ ခုနှစ်တွင် တည်ထားခဲ့ပြီး ဘုရင့်နောင်က ၁၅၄၂ ခုနှစ် ရွှေသင်္ကန်းကပ်လှူခဲ့ကြောင်း သိရသည်။ ယခင်က ချုံနွယ်များဖြင့် ဖုံးလွှမ်းနေရာမှ ပြန်လည်ရှင်းလင်းဖော်ထုတ် ကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ ထူးခြားစွာ တည်ထားကိုးကွယ်ခဲ့သော ရုပ်တုတော်များဖြစ်ရာ ဆန်းသစ်သော မြင်ကွင်းဖြင့် ကြည်ညိုစိတ်ဖြစ်ရသည်**

ရသလို ရွှေရောင်တောက်ပနေသော ပလ္လင်တော်ကိုလည်း မြင်တွေ့ရသည်။ ဤကဲ့သို့ ပလ္လင်ပေါ်တွင်ထိုင်ကာ ညီလာခံများကျင်းပပြီး စစ်ရေး၊ စည်းရုံးရေးစီမံခန့်ခွဲရေးများဖြင့် မြန်မာနိုင်ငံတော်ကြီးကို ပြန်လည်စုစည်းထူထောင်ခဲ့ပုံများကို တွေးနေမိသည်။ ကမ္ဘောဇသာဒီနန်းတော်ကို ဘုရင့်နောင်မင်းတရားက ခရစ်နှစ် ၁၅၅၀ ပြည့်နှစ်တွင် နန်းတက်လာပြီးနောက် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ခရစ်နှစ် ၁၅၅၃ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ကမ္ဘောဇသာဒီနန်းတော်ဟု အမည်ပေးခဲ့သည်ဟု မှတ်သားခဲ့ရဖူးသည်။ နန်းတော်နှင့်အတူ မြို့တော်အသစ်ကိုလည်း ခရစ်နှစ် ၁၅၆၇ ခုနှစ်တွင် တည်ဆောက်ခဲ့ရာ မြို့တံခါး ၂၀၊ အဝန်းတာ ၃၄၀၀ ခန့်ရှိကြောင်း သိရသည်။

ကမ္ဘောဇသာဒီနန်းတော်အတွင်း လိုက်လံလေ့လာကြည့်ရှုပြီးနောက် ပြန်ထွက်လာခဲ့သည်။ ကမ္ဘာလှည့်ခရီးသွားအချို့နှင့် ပြည်တွင်းမှ လေ့လာသူအချို့ကို တွေ့ရှိခဲ့သည်။ ကမ္ဘာလှည့်ခရီးသွားများက အချိန်ယူလေ့လာနေကြပြီး ဓာတ်ပုံမှတ်တမ်းများလည်း ရိုက်ယူနေကြသည်ကို တွေ့ရသည်။ ကျွန်တော်တို့ ကမ္ဘောဇသာဒီနန်းတော်မှ ကျိုက်ပွန်ဘုရားသို့ ထွက်ခဲ့သည်။

ကျိုက်ပွန်ဘုရားမှာ ပွင့်တော်မူပြီးသော ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမမြတ်စွာဘုရားတို့အား ရည်စူးပြီး တည်ထားခြင်းဖြစ်သည်။ ကျိုက်ပွန်သည် မွန်ဘာသာစကားဖြစ်ပြီး ဘုရားလေးဆူဟု အဓိပ္ပာယ်ရသည်။ ဓမ္မစေတီမင်းက ခရစ်နှစ် ၁၄၇၆ ခုနှစ်တွင် တည်ထားခဲ့ပြီး ဘုရင့်နောင်က ၁၅၄၂ ခုနှစ် ရွှေသင်္ကန်းကပ်လှူခဲ့ကြောင်း သိရသည်။ ယခင်က ချုံနွယ်များဖြင့်ဖုံးလွှမ်းနေရာမှ ပြန်လည်ရှင်းလင်းဖော်ထုတ် ကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ ထူးခြားစွာ တည်ထားကိုးကွယ်ခဲ့သော ရုပ်တုတော်များဖြစ်ရာ ဆန်းသစ်သောမြင်ကွင်းဖြင့် ကြည်ညိုစိတ်ဖြစ်ရသည်။

ကျိုက်ပွန်ဘုရားမှ ပြန်လည်ထွက်လာပြီးနောက် နေစောင်းပြီဖြစ်ရာ ကျွန်တော်တို့ ပဲခူးမှ ရန်ကုန်သို့ ပြန်ထွက်လာခဲ့သည်။ ပဲခူးသည် သမိုင်းတွင် ထင်ရှားခဲ့သလို ယနေ့ခေတ်တွင်လည်း တိုးတက်ဖွံ့ဖြိုးနေသော မြို့တစ်မြို့ ဖြစ်ရာ လေ့လာစရာလည်း ပေါများသည်။ ခရီးလမ်းပန်းလည်း ကောင်းမွန်သည်ဖြစ်ရာ အေးချမ်းတည်ငြိမ်စွာရှိနေသည့် မြို့အဖြစ် စိတ်ထဲစွဲထင်နေမိသည်က အမှန်ပင်။ ။

# ကမ္ဘာတစ်ဝန်း သတိပြုစောင့်ကြည့်ဖွယ် ဇီကာဗိုင်းရပ်စ်အန္တရာယ်

ဘာသာပြန်-ကလျာမိုးမြင့်

အာဖရိကမှ စတင်တွေ့ရှိလာခဲ့သည့် ဇီကာဗိုင်းရပ်စ် သည် ၂၀၁၅ ခုနှစ် မေလတွင် ဘရာဇီးနိုင်ငံ၌ ဖြစ်ပွားခဲ့ပြီး ယခုအခါ အမေရိကတိုက်သို့ ပြန့်ပွားလာလျက်ရှိသည်။

ဇီကာဗိုင်းရပ်စ်သည် မူလအားဖြင့် ရောဂါပိုးကူးစက်ထားသည့် ခြင်အကိုက်ခံရခြင်းမှတစ်ဆင့် ကူးစက်ပျံ့နှံ့ခြင်းဖြစ်သည်။ တုပ်ကွေးကဲ့သို့ အခြားသော ဗိုင်းရပ်စ်များကို ပျံ့နှံ့စေသည့် အေးဒိစ်(Aedes) ခြင်မျိုးစိတ်က ဗိုင်းရပ်စ်သယ်ဆောင်သူဖြစ်သည်။

ရောဂါပိုးကူးစက်ခံရသူငါးဦးလျှင် တစ်ဦးမှာ အဖျားဝင်လာမည်ဖြစ်ပြီး ထိုသို့ကူးစက်ခံရပါက အဖျားတက်ခြင်း၊ အင်ပျဉ်ထခြင်း၊ အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်း၊ မျက်စိနီရဲခြင်း စသည့်လက္ခဏာများကို ခံစားရမည်ဖြစ်ပါသည်။

ရောဂါပိုးရှိသည့် အေးဒိစ်ခြင်အကိုက်ခံရလျှင် ဇီကာဗိုင်းရပ်စ်ကူးစက်ခံရမည်ဖြစ်ပြီး မိခင်များ ကိုယ်ဝန်ဆောင်စဉ်ကာလ၌ ကူးစက်ခံရလျှင် မိခင်မှ သန္ဓေသားထံသို့ပါ ကူးစက်နိုင်ပါသည်။ တောင်အမေရိက၊ မြောက်အမေရိကနှင့် ကာရစ်ဘီယံဒေသများအပါအဝင် အေးဒိစ်ခြင်မျိုးစိတ်များရှိရာ နေရာများတွင် ဇီကာဗိုင်းရပ်စ်ကျရောက်မှုကို ကြုံတွေ့နေရသည်။

ဇီကာဗိုင်းရပ်စ်၏ တိုက်ခိုက်မှုကြောင့် အထိနာကြသူများမှာ ရောဂါပိုးကူးစက်ထားသည့် မိခင်မှမွေးဖွားလာသော ကလေးငယ်များပင်ဖြစ်ပါသည်။ မိုက်ခရိုဆက်ဖလီ (microcephaly)ခေါ် သာမန်ထက်ဦးခေါင်းသေး၍ မွေးဖွားလာခြင်းနှင့် အခြားသော ဦးခေါင်းချို့ယွင်းမှုများဖြစ်သည်။ ဘရာဇီးနိုင်ငံတွင် ဇီကာဗိုင်းရပ်စ်ကူးစက်ခံရမှုကြောင့် ပုံမှန်ထက် ဦးခေါင်းသေးငယ်သည့် ကလေးများမွေးဖွားမှုအရေအတွက် တိုးမြင့်လာလျက်ရှိသည်။

ဘရာဇီးနိုင်ငံ၌ လူပေါင်း ၄၀၀၀ ကျော်မှာ ဇီကာဗိုင်းရပ်စ်ကူးစက်ခံထားရပြီး ကလေးငယ်ငါးဦး သေဆုံးခဲ့ပြီဖြစ်သည်။ နိုင်ငံပေါင်း ၂၀ ကျော်တို့တွင် လျင်မြန်စွာပျံ့နှံ့လျက်ရှိကာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)ကလည်း လက်တင်အမေရိကတွင် ကူးစက်နေသည့် ဇီကာဗိုင်းရပ်စ်ကို အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာထားပြီဖြစ်သည်။

ပြီးခဲ့သည့် ဇန်နဝါရီလကုန်ပိုင်းတွင်လည်း အမေရိကန်သမ္မတ အိုဘားမားက ဇီကာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုကို ကိုင်တွယ်ဖြေရှင်းရန် အိမ်ဖြူတော်၌ အရေးပေါ်အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့သည်။

အမေရိကန်၌ ဇီကာဗိုင်းရပ်စ်ကျရောက်လာမှုနှင့်အတူ ခရီးထွက်ရာမှ အမေရိကန်သို့ ပြန်လည်ရောက်ရှိလာကြသူများ၌ ဇီကာဗိုင်းရပ်စ်ကူးစက်ခံရမှု အရေအတွက်မှာလည်း များပြားလာလျက်ရှိသည်။ CDCအနေဖြင့် အဆိုပါ ကပ်ဆိုးကျရောက်မှုကို ဖြေရှင်းနိုင်မည့် အစီအမံများ ဆောင်ရွက်လျက်ရှိသည်။

စင်ကာပူကျန်းမာရေးဌာနက နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မလာနိုင်စေရေး ကာကွယ်ဆောင်ရွက်ရန် ဇန်နဝါရီ ၂၇ ရက်က ကျန်းမာရေးသတိပေးချက် ထုတ်ပြန်ခဲ့သည်။ ပြီးခဲ့သည့် ရက်ပိုင်းအတွင်း အဆိုပါ ဗိုင်းရပ်စ်သည် လိင်မှတစ်ဆင့် ကူးစက်နိုင်ကြောင်း သတိပေးချက်များရှိလာခဲ့သည်။

ဇီကာဗိုင်းရပ်စ်အန္တရာယ်ကို ကမ္ဘာတစ်ဝန်း၌ အထူးသတိထားစောင့်ကြည့်နေရချိန်တွင် ဝမ်းမြောက်ဖွယ်ရာသတင်းတစ်ခု ဖေဖော်ဝါရီလ ၃ ရက်နေ့၌ ပေါ်ထွက်လာသည်။

အိန္ဒိယ၌ ဇီကာဗိုင်းရပ်စ်ကာကွယ်ဆေး ဖော်ထုတ်နိုင်ခဲ့ပြီဟု ဆိုသည်။ အိန္ဒိယရှိ ဆေးကုမ္ပဏီတစ်ခုက လူနှင့်တိရစ္ဆာန်များကို စမ်းသပ်လေ့လာမှုများ ပြုလုပ်ခဲ့ပြီးနောက် အဆိုပါကာကွယ်ဆေးကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ မူပိုင်ခွင့်တင်ထားဆဲဖြစ်ပြီး ခွင့်ပြုမိန့်ရရှိခဲ့လျှင် ဇီကာကပ်ဆိုးကျရောက်မည့်အန္တရာယ်ကို စိုးထိတ်နေရသည့် နိုင်ငံများအတွက် လုံခြုံစိတ်ချရသော၊ ဘေးကင်းသောအနေအထားသို့ ရောက်ရှိလာတော့မည်ဖြစ်ပါကြောင်း။ ။



**ဇီကာဗိုင်းရပ်စ်၏ တိုက်ခိုက်မှုကြောင့် အထိနာကြသူများမှာ ရောဂါပိုးကူးစက်ထားသည့် မိခင်မှ မွေးဖွားလာသော ကလေးငယ်များပင်ဖြစ်ပါသည်။ မိုက်ခရိုဆက်ဖလီ (microcephaly) ခေါ် သာမန်ထက်ဦးခေါင်းသေး၍ မွေးဖွားလာခြင်းနှင့် အခြားသော ဦးခေါင်းချို့ယွင်းမှုများဖြစ်**

ရန်ကုန်မြို့ပြ အမွေအနှစ်များရဲ့ ရာဇဝင်

# မြန်မာပြည်ရောက်သူဌေး လင်ချင်းချောင်း၏ ဘဝသမိုင်းပေါ်က နန်းတော်

ဆောင်းပါး-ခင်ရတနာ၊
ဓာတ်ပုံ- ရှေးဟောင်းအမွေအနှစ်၊ မေဦးမိုး



ချင်းချောင်းနန်းတော်ကို တွေ့ရစဉ်။

အေးမြသော နံနက်ခင်းဝယ် တောင်ကုန်းလေးတစ်ခုပေါ်မှ အဆောက်အအုံကြီးသည် လှပခံ့ညားစွာဖြင့် ငြိမ်သက်လျက်ရှိသည်။ ထိုအဆောက်အအုံအတွင်းသို့ ဝင်ရောက်ကြည့်ရှုပါက သစ်သားဖြင့် ထုလုပ်ထားသည့် ပန်းပုများ၊ ခေတ်အဆက်ဆက်ပန်းချီကျော်တို့ ရေးဆွဲထားသည့် အရောင်အသွေးတင်ဆက်ပုံအမျိုးမျိုး ကွဲပြားသည့် လက်ရာမွန်များ စသည်တို့ကို မြင်တွေ့ရပေလိမ့်မည်။ ခမ်းနားသည့် အဆောက်အအုံ၏ လမ်းအနေအထား၊ အဆောက်အအုံ တည်ဆောက်ပုံနှင့် ပသာဒဖြစ်ဖွယ်ရှုမျှော်ခင်းအချို့က လာရောက်သူအပေါင်းအား ရသတစ်ခုကို ပေးစွမ်းနိုင်ပါသည်။

မြန်မာရင်ဖုံးအင်္ကျီကို အချိုးကျသပ်ရပ်စွာဝတ်ဆင်ထားသည့် အမျိုးသမီးငယ်အချို့က ပုဂံခေတ်ပုံစံ အမျိုးသမီးဝတ်စုံများ ဖန်တီးချုပ်လုပ်နေသူများထံ လာရောက်ကာ ယဉ်ကျေးမှုပွဲအတွက် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုနေရသည်မှာ အတိတ်ရာစုနှစ်များထံ ပြန်လည်ရောက်ရှိသွားသကဲ့သို့ ထင်ရသည်။

ထိုနေရာကို ချင်းချောင်းနန်းတော်ဟု ခေါ်ဆိုပြီး ကမ္ဘာအေးဘုရားလမ်းပေါ်တွင် တည်ရှိသည်။ ယဉ်ကျေးမှုဗဟိုစင်တာအဖြစ် ပြောင်းလဲသစ်လွင်စွာ မြင်တွေ့ရတော့မည်ဖြစ်ပြီး မြန်မာ့အနုပညာလက်မှုပညာဆိုင်ခန်းများ၊ ပြခန်းများနှင့်ပွဲတော်များကို ယင်းနေရာတွင် ပြုလုပ်ရန် ရည်ရွယ်ထားသည်။

ချင်းချောင်းနန်းတော်၏ သမိုင်းကြောင်းကို လေ့လာကြည့်သည့်အခါ အဆောက်အအုံကြီး၏ အရှေ့တိုင်းဟန်နှင့် အနောက်တိုင်းဟန်ရောယှက်ဖွဲ့စည်းထားသည့် အခင်းအကျင်းများနှင့် သံဝေဂရဖွယ် အရှေ့တိုင်းသားတစ်ဦး၏ ဘဝဇာတ်ကြောင်းကိုပါ သိရှိခွင့်ရသည့်အပြင် ရှေးဟောင်းအဆောက်အအုံတစ်ခု နှစ်တစ်ရာကျော်တိုင် တည်ရှိကောင်းမွန်နေသေးသည့်ဖြစ်ရပ်တို့ကို သိခွင့်ရခဲ့သည်။

ချင်းချောင်းနန်းတော်သည် မြန်မာလူမျိုးပိုင်အဆောက်အအုံတစ်ခု မဟုတ်ခဲ့ပါ။ တရုတ်လူမျိုး အရှေ့တိုင်းယဉ်ကျေးမှုနှင့် ကြေးရတတ်လူချမ်းသာတို့၏ တစ်ခေတ်တစ်ခါက အနောက်တိုင်းယဉ်ကျေးမှုများ ပေါင်းစပ်ထားဟန်ကို ထိုအဆောက်အအုံကြီး၌ မြင်တွေ့ရမည်ဖြစ်သည်။ မြေညီထပ်ရှိ ဧည့်ခန်းမဆောင်သည်ပင် ပရိသတ်ပေါင်း ၁၀၀ ကျော်အား ပါတီပွဲများနှင့် ညစာစားပွဲများ ကျယ်လွင့်စွာ အသုံးချဧည့်ခံနိုင်သည်အထိ ကျယ်ဝန်းပြီး ဘုံအဆင့်ဖြင့် တည်ဆောက်ထားမှုမှာ အရှေ့တိုင်းအသွင်ကို ဆောင်လျက်ရှိသည်။

ချင်းချောင်းနန်းတော်ကို တည်ဆောက်သူမှာ တရုတ်နိုင်ငံသားကုန်သည်တစ်ဦးဖြစ်သည်။ ကိုလိုနီခေတ်၌ မြန်မာနိုင်ငံတွင် အခြေချနေထိုင်ကာ စီးပွားရေးအရ အောင်မြင်မှုရရှိခဲ့သဖြင့် ၁၉၁၅ ခုနှစ်တွင် ချင်းချောင်းနန်းတော်ကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ သို့သော် သမိုင်းမှတ်တမ်းမှတ်ရာ အားနည်းခဲ့ခြင်းကြောင့် တည်ဆောက်ပေးခဲ့သည့် ဗိသုကာပညာရှင်နှင့်တကွ တည်ဆောက်မှုမှတ်တမ်းများကိုမူ တိကျစွာမတွေ့ရှိရပေ။

**ချင်းချောင်းနန်းတော်၏ သမိုင်းကြောင်းကို လေ့လာကြည့်သည့်အခါ အဆောက်အအုံကြီး၏ အရှေ့တိုင်းဟန်နှင့် အနောက်တိုင်းဟန် ရောယှက်ဖွဲ့စည်းထားသည့် အခင်းအကျင်းများနှင့် သံဝေဂရဖွယ် အရှေ့တိုင်းသားတစ်ဦး၏ ဘဝဇာတ်ကြောင်းကိုပါ သိရှိခွင့်ရသည့်အပြင် ရှေးဟောင်းအဆောက်အအုံတစ်ခု နှစ်တစ်ရာကျော်တိုင် တည်ရှိကောင်းမွန်နေသေးသည့်ဖြစ်ရပ်တို့ကို သိခွင့်ရခဲ့**



ကိုလိုနီခေတ်တွင် ရှုပီးငွေနှစ်သန်းခန့် အကုန်အကျခံကာ အခမ်းနားဆုံးသော အဆောက်အအုံတစ်ခုကို တည်ဆောက်နေထိုင်ခွင့်ရရှိခဲ့သူ လင်ချင်းချောင်းသည် မြန်မာနိုင်ငံသို့ လာရောက်အခြေချခဲ့သည့် သူဌေးများအနက် ခေတ်အမီဆုံးနှင့် နာမည်အကျော်ဆုံး တရုတ်လူမျိုး သူဌေးတစ်ဦးဖြစ်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

ပထမကမ္ဘာစစ်တွင်းကာလမှာ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ထိုခေတ်က နာမည်ကျော် ပန်းချီဆရာအချို့၏ ပန်းချီကားများကိုလည်း နံရံပန်းချီအနေဖြင့် တွေ့နိုင်သည်။ **(အောက်ဝဲပုံ)**အထပ်ပေါင်း ငါးထပ်ပါဝင်သည့် အဆိုပါအဆောက်အအုံကြီးမှာ အလွန်ပင်ခမ်းနားခဲ့ပြီး ပိုင်ရှင်၏အရှိန်အဝါဖြင့် ချင်းချောင်းနန်းတော်ဟု ခေါ်တွင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သူဌေးကြီးဖြစ်လာမည့် လင်ချင်းချောင်း၏ ဖခင်ဖြစ်သူသည် မြန်မာနိုင်ငံအောက်ပိုင်း ကိုလိုနီလက်အောက်သို့ ရောက်ရှိပြီးချိန် ၁၈၆၁ ခုနှစ်တွင် တရုတ်နိုင်ငံ အမွိုင်မြို့မှ ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့ပြီး ဆန်စပါးရောင်းဝယ်မှုကို လုပ်ကိုင်ခဲ့သူဖြစ်သည်။ သီပေါဘုရင်ပါတော်မူခဲ့ပြီး အင်္ဂလိပ်တို့လက်အောက်သို့ မြန်မာတစ်နိုင်ငံလုံး ကျရောက်သွားချိန်တွင် ရန်ကုန်ကောလိပ်ကျောင်းထွက် လင်ချင်းချောင်းသည် ဆန်စပါးအရောင်းအဝယ်အပြင် ရေနံလုပ်ငန်းကို အခြေချလုပ်ကိုင်ခဲ့ရာမှ သူဌေးတစ်ဦးအဖြစ် ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရသည်။

၁၈၉၁ ခုနှစ်တွင် မြန်မာ့ရေနံမြေများကို စတင်ခြယ်လှယ်သည့် ကိုလိုနီလုပ်ငန်းစဉ်များတွင် လင်ချင်းချောင်းသည် အဓိကအခန်းကဏ္ဍမှပါဝင်ခဲ့ပြီး ဒေသတွင်း အထူးကိုယ်စားလှယ်အဖြစ် တာဝန်ယူခဲ့သူလည်းဖြစ်သည်။

သူသည် စီးပွားရေးအောင်မြင်လာခဲ့ပြီးနောက် ဆက်တိုက်ဆိုသကဲ့သို့ပင် မြန်မာ့တွင်းထွက်များ၊ စိုက်ပျိုးရေးထုတ်ကုန်များနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ ငွေကြေး ဈေးကွက်မြှင့်တင်ခြင်းနှင့် ဘဏ်လုပ်ငန်းများ၊ ငွေလွှဲ လုပ်ငန်းများကို အခြေချလုပ်ကိုင်ရာ လင်ချင်းချောင်း၏ စီးပွားရေးများသည် လက်ညှိုးထိုးမလွဲပင် အောင်မြင်မှုရရှိလာခဲ့သည်။

ဗြိတိသျှအစိုးရ၏ သစ္စာခံ သူဌေးတစ်ဦးဖြစ်သည့် လင်ချင်းချောင်းသည် ဥပဒေပြုကောင်စီဝင်တစ်ဦးလည်းဖြစ်ခဲ့ပြီး ရန်ကုန်မြင်းပြိုင်ကွင်း တပ်ဖ်ကလပ်၏ ပိုင်ရှင်တစ်ဦးလည်း ဖြစ်ခဲ့သည်။

ထို့အပြင် အင်္ဂလိပ်အစိုးရက ချီးမြှင့်သည့် Order of the British Empire ဘွဲ့ကိုလည်းရရှိခဲ့ဖူးပြီး ကြွေတစ်လှည့် ကြက်တစ်ခုန်ပမာ သူ၏စီးပွားရေးလုပ်ငန်းများသည် စပါးဈေးများထိုးကျလာသည့်အချိန်တွင် ယိမ်းယိုင်လာခဲ့ရကြောင်း သိရသည်။

၁၉၂၁ ခုနှစ်တွင် အင်္ဂလိပ်အစိုးရက ဆန်စပါးတင်ပို့ခွင့်ကို ပိတ်ပင်ခဲ့ပြီး တင်ပို့မှုများရပ်ဆိုင်းခဲ့ရာ ၎င်း၏ စီးပွားရေးလုပ်ငန်းများကို များစွာထိခိုက်ခဲ့သည်။သို့သော် သူဌေးလင်ချင်းချောင်းသည် မြန်မာ့ပညာရေးဆိုင်ရာ လိုအပ်ချက်များနှင့် လူမှုရေးဆောင်ရွက်ချက်များကို တတ်စွမ်းသမျှဆောင်ရွက်ခဲ့သူတစ်ယောက်လည်းဖြစ်သည်။ စီးပွားရေးအတွက် အချိန်မလပ်ကြိုးပမ်းတတ်သည့် လင်ချင်းချောင်းသည် ၁၉၂၃ ခုနှစ်အရောက်တွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။

သူကွယ်လွန်ပြီးနောက်တစ်နှစ်မှာပင် ကျန်ရှိနေသည့် ကြွေးမြီများကို ရှင်းလင်းရန်နှင့် လုပ်ငန်းများဖျက်သိမ်းရန်အတွက် သူ့မိသားစုမှာ ချင်းချောင်းနန်းတော်ကို စွန့်လွှတ်ခဲ့ရပြီး အင်္ဂလိပ်လူမျိုး ကုန်သည်တစ်ဦးက ပိုင်ဆိုင်ခဲ့သည်။

ယင်းမှတစ်ဆင့် ပိုင်ရှင်အမျိုးမျိုးပြောင်းလဲခဲ့ပြီး ဂျပန်ခေတ် ၁၉၄၁ ခုနှစ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အသံလွှင့်ဌာန (All Burma Broadcasting Station) အဖြစ် ရေဒီယိုအသံလွှင့်မှုများပြုလုပ်ရာ ဌာနအနေဖြင့် အသုံးပြုခဲ့သည်။

လွတ်လပ်ရေးရပြီးနောက် ဟိုတယ်အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ဖူးပြီး ၁၉၅၁ ခုနှစ်တွင် ကမ္ဘောဇရိပ်သာအဖြစ် ပြောင်းလဲသတ်မှတ်ကာ နိုင်ငံတော်၏ ဧည့်ရိပ်သာအဖြစ် သတ်မှတ်ထားခဲ့သည်။ နောက်ပိုင်း၌ ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်တွင် အနုပညာဦးစီးဌာနနှင့် အနုပညာသင်တန်းကျောင်း၊ ပန်းချီ၊ ပန်းပုကျောင်းကို ဖွင့်လှစ်ထားခဲ့သေးသည်။

ယင်းအဆောက်အအုံသည် နှစ်ပေါင်း ၁၀၁ နှစ်ခန့်ရှိပြီဖြစ်ကာ ရန်ကုန်မြို့၏ ကိုလိုနီခေတ်လက်ရာ ရှေးဟောင်းအဆောက်အအုံတစ်လုံးအဖြစ် ထိန်းသိမ်းထားပြီး ယခုနောက်ပိုင်းတွင် ယဉ်ကျေးမှုစင်တာတစ်ခုအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ မြန်မာမှုပန်းဆယ်မျိုးနှင့်အတူ လက်မှုပစ္စည်းများ၊ အနုပညာလက်ရာများကို ပြပွဲများကျင်းပခြင်းများနှင့် အနုပညာပွဲများကိုလည်း မြန်မာ့ယဉ်ကျေးမှုနှင့်အညီ လုပ်ဆောင်အသုံးပြုခွင့်ပေးလျက်ရှိကြောင်း အနုပညာဦးစီးဌာနမှ သိရှိရသည်။

# စလင်းမြေက ရွှေမုဋ္ဌောစေတီ ဖူးမြော်စေချင်

စစ်ကြည်(စလင်း)

*မကွေးတိုင်းဒေသကြီး စလင်းမြို့သည် မြေလတ်ဒေသတစ်ခုဖြစ်ပြီး အများစုမှာ တောင်သူလယ်သမားများဖြစ်သည်။ စေတီပုထိုးပေါ်များလှသဖြင့် မြန်မာပြည်၏ ဒုတိယပုဂံဟုပင် ခေါ်ဆိုနိုင်ပေသည်။ ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများ၊ သာသနိက အဆောက်အအုံများ၊ စေတီပုထိုးများ အလွန်ပေါ်များပြီး ဤဖူးမြော်စရာများထဲမှ စလင်းမြို့၏ ကျက်သရေဆောင် ဝက်သည်းကန်ကြီးအတွင်း၌ တည်ထားကိုးကွယ်လျက်ရှိသော ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား ကြည်ညိုဖွယ်ရာဖူးတွေ့နိုင်ပါသည်။*



ရွှေမုဋ္ဌောစေတီအဝင်မုခ်ဦးကို တွေ့ရစဉ်။

ရွှေမုဋ္ဌောစေတီတော်ကြီးကို သီရိဓမ္မာသောက မင်းကြီးက သာသနာနှစ် (၂၁၈-၂၃၅) ခုနှစ်တွင် တည်ထားတော်မူခဲ့သော စေတီပေါင်း ၈၄၀၀၀ အပါအဝင် မုဋ္ဌောစေတီဖြစ်ပြီး ကောဇာသက္ကရာဇ် ၄၅ ခုနှစ်တွင် အလောင်းစည်သူမင်းကြီးသည် ယခု စလင်းမြို့ တည်နေရာဒေသသို့ ရောက်သောအခါ အသစ်တစ်ဖန် ပြုပြင်တည်ထားတော်မူခဲ့သည်။ တတိယအကြိမ် ကောဇာသက္ကရာဇ် ၅၅၆ ခုနှစ်တွင် နရပတိ စည်သူမင်းကြီးလက်ထက်မင်းကြီး၏ ကိုယ်လုပ်တော် ရှင်စောဝက ကန်ကြီးတူးဖော်သောအခါ ကန်တော်မင်္ဂလာ၏ ဝန်းရာပါတွင်ရှိသော စေတီတော်အား ကောက်နယ်တလင်းခန့်ရှိသော မြေအဝန်းကျွန်းငယ် သောင်မြိတ်ချန်ထားစေခဲ့သည်။ ယင်းစေတီတော်၏အကြောင်းကို မင်းကြီးက စလင်းမြို့သူကြီးပိုးစားမြေကို မေးမြန်းသော် ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့၏ ကောင်းမှုဟု သိရှိရသဖြင့် အသစ်တစ်ဖန် ပြန်လည်ပြုပြင်မွမ်းမံတော်မူခဲ့ကြောင်း သိရသည်။

စတုတ္ထအကြိမ် ကောဇာသက္ကရာဇ် (၁၂၉၂) ခုနှစ်သို့ရောက်သော် အညတရဘိက္ခု (သို့မဟုတ်) ရွှက်ပုန်းသီးရဟန္တာဟု ထင်ရှားကျော်ကြားသော ကန်လယ်ဆရာတော်ကြီး အရှင်ဝဇီရာဝုဓသည် ရှင်ပင်အောင်နိုင်ကုန်းစေတီတော်မှ ဝိဇ္ဇာကန်ချောင်ကုန်း၊ မြင်တော်ဦးကုန်း၊ ကန်လည်ကုန်းများသို့ လှည့်လည်သီတင်းသုံးတော်မူသည်။ ဆရာတော်ကြီး ကန်လည်းကုန်း၌ တရားရှုမှတ်နေရာမှ ဝက်သည်းကန်စွယ် အရှေ့ဘက်ကိုက် ၁၀၀ အကွာခန့်ရှိ ပိတ်စွယ်တောကြီးအတွင်းမှ ရောင်ခြည်တော်များ ကွန့်မြူးတက်ကြွလာသည်ကို မြင်တွေ့ရ၏။ ဤသို့ရောင်ခြည်တော်များ ကွန့်မြူးသည်ကို ထိုနေ့တွင်သာမက နေ့စဉ်ရက်ဆက် ခုနစ်ရက်ခန့်မြင်တွေ့ရသော် ဒကာများအား စူးစမ်းလေ့လာရှာဖွေစေရာ ပိတ်စွယ်တောကြီးအလယ်တွင် နှစ်ပေါင်း ၇၀၀ ကျော် တိမ်မြုပ်နေသော ကိုးတောင်ပြည့်စေတီတော်တစ်ဆူ ပြိုပျက်နေသည်ကို ဖူးတွေ့ရသည်။ အရှင်ဝဇီရာဝုဓက ဘုရားရှင်၏ ဓာတ်တော်မွေတော်တို့ကိန်းဝပ်ရာစေတီတော်ကို ပြုပြင်လိုရာကား မြို့သူမြို့သား၊ နယ်သူနယ်သားများအား တိုက်တွန်းနှိုးဆော်၍ တန်ဆောင်း၊ ဇရပ်၊ လှေကားတို့ဖြင့် ကိုးတောင်ပြည့် ရှစ်မျက်နှာစေတီတော်ကို ပြန်လည်ပြုပြင်တည်ထားတော်မူခဲ့သည်။ ဆရာတော်ကြီးသည် ရွှေမုဋ္ဌောစေတီအား ပြုပြင်တည်ဆောက်ရာတွင် ဆရာတော် တောထွက်စဉ်က ဝတ်ရုံခဲ့သော ဦးလေးတော် အရှင်သောမရုပ်ကလာပ်မှ ခွာယူခဲ့သည့် ပုံ့သကူသင်္ကန်းကြီးကိုပါ ဌာပနာထည့်၍ ပူဇော်ခဲ့သည်။ စေတီတော်၏ ပရဝဏ် မှာ ကောက်နယ်တလင်းခန့်သာရှိ၍ ကျွန်းငယ်သောင်မြိတ် အရှည်တည်တံ့စိမ့်ငှာ အုတ်ရိုးပတ်စေပြီး ခိုင်မာစွာ ပြုပြင်တည်ထားတော်မူခဲ့လေသည်။

ဆရာတော်၏ အကျင့်သီလကို ကြည်ညိုကုန်သော မြို့သူမြို့သား၊ နယ်သူနယ်သား ဒေသခံပုဂ္ဂိုလ်များမှ တံတား၊ စောင်းတန်း၊ အာရုံခံတို့ကို ဝတ္ထုကြေးငွေအပြင် လုပ်အားဒါနတို့ဖြင့် ကြည်ဖြူစွာ ကုသိုလ်ပါဝင်ကြသဖြင့် ကောဇာသက္ကရာဇ် ၁၂၉၄ ခု သီတင်းကျွတ်လဆန်း ၅ ရက်နေ့တွင် ရွှေထီးတော်အောင်မြင်စွာ တင်လှူနိုင်ခဲ့သည်။

ဆရာတော်ကြီးသည် ရွှေမုဋ္ဌောစေတီတော်ကြီးကို ပြန်လည်ပြုပြင်တည်ထား ချိန်နှင့်မကွာသော ငါးနှစ်ခန့်က မကွေးမြို့၌ သီတင်းသုံးနေခိုက် ဗုံးကြဲတိုက်ခိုက်မှုများ တွေ့ကြုံခဲ့ရသည်။ ယင်းဗုံးများ၏ ပြင်းထန်ဆိုးရွားသည့်ဒဏ်များကို သိမြင်ခဲ့ရပြီး အမေရိကန်နှင့် ရုရှားတို့မှလည်း စစ်ရေးပြင်ဆင်၍ အဏုမြူဗုံးအန္တရာယ်နှင့် ခြိမ်းခြောက်နေကြသည်။ ထို့ကြောင့် ဆရာတော်ကြီးက ၁၃၀၇ ခုနှစ်တွင် စလင်းသို့ တစ်ဖန်ပြန်လည်ကြွရောက်တော်မူလာပြီး ရှင်ပင်ရွှေမုဋ္ဌောစေတီတော်ကို အဏုမြူကပ်ကျော် ရှင်ပင်ရွှေမုဋ္ဌောစေတီဟု သမုတ်တော်မူခဲ့ကြောင်း သိရသည်။

